ဓားစာခံ

နှင့်

ဖြစ်ရပ်ဆန်းကြယ်

ဝတ္ထုတိုများ

နီတာဦး(ဥက္ကာမြေ)၊ အောင်မြတ်ဦး၊ သက်ထက်ဝန်း၊ ဆူး၊ ကျော်မြရတီ၊ နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ)

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၀၇၀၅၀၅၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၁၁၇၆၀၅၁၀

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ (၂၀၀၅၊ နိုဝင်ဘာလ)
အုပ်ရေ ။ (၅၀၀)
မျက်နှာဖုံး ။ စိုးအောင်
ကွန်ပျူတာစာစီ ။ *Quality*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ
ဦးသန်းဆွေ (စစ်သည်တော်စာပေ)၊
၁၁၃၁(က)၊ ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်)၊ ရန်ကုန်မြို့။

တန်ဖိုး ။ ၆၀၀ – ကျပ်

မာတိကာ

တိုက်ပွဲဝင်ရေပြင်အလယ်မှာ ၁
နီတာဦး(ဥက္ကာမြေ)
ဓားစာခံ ၂၀
နီတာဦး(ဥက္ကာမြေ)
မြေနုရွာသူ မမြရှင် ၄၄
သက်ထက်စနိုး
ခေါက်ရိုးကျိုး ဝတ်စုံ ၅၆
ငွးကျော်
ဝည်း ၆၄
အောင်မြတ်ဦး
ပျောက်ဖျက်မရသော သံလွန်စ ၈၀
အောင်မြတ်ဦး
စက္ကူပန်းနဲ့ မျက်ကန်း ၉၂
ရန်အောင်မြင့်
ငြိုးမာန်ပြင်းသည့် ချစ်ခြင်းမာယာ ၁၁၆
နန်းထိုက်စိုး(နိုင်ငံခြားဘာသာ သိမ့်ပွဲ)

တိုက်ပွဲဝင် ရေပြင်အလယ်မှာ

မျက်စိနှစ်လုံးကို အသာဖွင့် ကြည့်မိတယ် ဆိုရင်ပဲ အိပ်ရေးဝပြီး နိုးထကာစ လူတစ်ယောက်လို ကျုပ်တစ်ကိုယ်လုံးပေါ့ပါး လန်းဆန်းနေတာကို သတိပြုမိလိုက်တယ်။ နောက် ကျုပ်ရဲ့ကိုယ်လုံးကို မသိမသာ လှုပ်ရှားကြည့်တယ် ကြည်လင်သန့်ရှင်းတဲ့ ရေပြင်ရဲ့ အေးမြတဲ့ အထိအတွေ့ကို ကျုပ်မကြုံစဖူး ထူးထူးဆန်းဆန်း ခံစားလိုက်ရတယ်။ ဒါနဲ့ နံဘေးနံဘီ မရဲတရဲ မျက်စိကစားရင်း အကဲခတ်ကြည့်တယ်။

ကျုပ်လိုပဲ တစ်ပုံစံတည်း တစ်ရွယ်တစ်စားတည်း ဖြစ်တဲ့အစ်ကိုတွေ အစ်မတွေဟာ ရာနဲ့ချီပြီး ရေပြင်မှာ ကူးခပ်ဆော့ကစားနေတာကို တွေ့ရတာမို့ ကျုပ်တအံ့တဩ ကြည့်နေမိတယ်။ ပြီးမှ သူတို့လှုပ်ရှားပုံကို ကြည့်ပြီး သူတို့လိုပဲ လိုက်လှုပ်ရှားကြည့်တယ်။ အလဲ့ . . . ရတယ်ဗျ။

ကျုပ်ရေပြင်မှာ ကူးခတ်လှုပ်ရှားနိုင်တဲ့ ငါးတစ်ကောင်ဘဝကို ပီပီပြင်ပြင် ရောက်နေပါပြီကော။ ရေကူးတတ်စ ကလေးငယ်တစ်ယောက်လို မြူးတူးပျော်ရွှင်စွာ လူးလာကူးခပ်နေရာက ကျုပ်တည်တည်ငြိမ်ငြိမ်နေခဲ့တဲ့နေရာကို ဖဝေဖဝါ ပြန်ကြည့်မိတယ်။

ရေပြင်ပေါ်မှာ ပေါလောပေါ်နေတဲ့ ဥမှုန်တွေ တစ်သိုက်တစ်မြုံတစ်ထွေးကို ကြည့်ပြီး ကျုပ်တွေးမိတယ်။ ဒါတွေဟာ မကြာခင် နာရီပိုင်း မိနစ်ပိုင်းအတွင်းမှာ ပေါက်ဖွားလာမယ့် ညီတွေ ညီမတွေပါလားဆိုတဲ့ အသိကြောင့် ကျုပ်ရင်ထဲမှာ ကြည်ကြည်နူးနူး ခံစားမိတယ်။ သည်လိုနဲ့ ကျုပ်လည်း အစ်ကိုတော် အစ်မတော်တွေနဲ့အတူရေပြင်မှာ အားရပါးရ

'အင် . . . အဲ . . . ရတယ် . . . ရတယ် . . . '

ကျုပ်သခင်က တစ်ဘက်လူရဲ့ သဘောတူညီမှုကို ရပြီးတာနဲ့ ကျုပ်နေတဲ့ ရေပုလင်းထဲကို ပြဒါးတိုင် သာမိုမီတာနဲ့ အပူချိန်တိုင်းမှတ်၊ နောက်ပြီး ကျုပ်ဝင်ရမယ့် မှန်ပုံးထဲက ရေအပူချိန်ကို တိုင်းတယ်။ နောက်တော့ စိတ်ကျေနပ်ဟန်နဲ့ ခေါင်းအသာညိတ်ပြီး မှန်ပုံးထဲ ပုလင်းကို အသာနှစ်ခပ်စောင်းစောင်း သွန်ချတာမို့ ကျုပ်လည်း ပုလင်းထဲကနေ လျောခနဲအသာ ထွက်ကျလာရတယ်။

ကြီးဝိုင်းထဲ ဝင်ရမယ့် လက်ဝှေ့ကျော်လို ဟန်ရေး တစ်ပြင်ပြင်နဲ့ လက်ဝှေ့ရေးပြရမယ့် ကျုပ် . . . ဘယ်လိုက ဘယ်လို ဖြစ်လာတယ် ဆို နိုင်ပါဘူးဗျာ။ ခြေတွေ လက်တွေ မသယ်ချင်သလိုလို . . . အဲလေ . . . ရေယက်တွေ ဆူးတောင်တွေ မသယ်ချင်သလိုလိုနဲ့ လေးလေးလံလံ ထိုင်းထိုင်းမှိုင်းမှိုင်းကြီးဖြစ်နေမိတယ်။

ဒါပေမယ့် တဘက်ငါးကတော့ အသွက်သားဗျ။ လက်ပမ်းပေါက်ခတ်၊ ဗိုက်မောင်းတိုက်ပြီး ကျုပ်ကို ပြေးကိုက်လို့ ကျုပ်မှူးတူးတူး ရိတိတီဖြစ်နေတဲ့ကြားက မှန်ပုံးထဲမှာ ပတ်ချာလှည့်ပြေးနေရတယ်။ လေးဘက်လေးတန် တိုးယိုပေါက် မြင်နေရတဲ့ မှန်သားနံရံကို ဖေါက်ပြီး တွေ့လိုက်ရတာက စိတ်လှုပ်ရှားတဲ့ မျက်လုံးတွေနဲ့ ဝိုင်းအုံကြည့်နေကြတဲ့ လူသားပရိတ်သတ်တွေ။ ကျုပ်သခင်ကလည်း ချက်ကောင်းကျကာမှ မထင်တာ ဖြစ်လာလို့ အံ့သြတဲ့ ဒေါသဖြစ်တဲ့ အမူအရာနဲ့ မကျေမနပ်ဖြစ်နေမိတယ်။ ဘာမှန်း မသိခင်မှာပဲ လူတွေရဲ့စကားသံကို ကြားရပြန်ပါရော . . . ။

"ရေကိုမသက်ဘူးကွ၊ ပြန်စစ်ကြည့်ရအောင် . . . "

သူတို့အထဲက တစ်ယောက်သောလူက မှန်ပုံးထဲမှာ ရှိတဲ့ရေကိုရော ဖန်ပုလင်းထဲက ရေကိုရော တစ်ပြန်စီ တစ်လှည့်စီ လက်ညှိုးနဲ့တို့ လျှာပေါ်တင်ကြည့်တယ်။

"ဟော့ ကြည့်စမ်း မှန်ပုံးထဲက ရေက အိပ်ဆေးမှုန့်တွေ ခတ်ထားတဲ့ ရေကွ။ သူ့ငါးကို အိပ်ဆေးပျော်ရည်နဲ့ ကျင့်ထားတာ။ ရေရိုးရိုး မဟုတ်ဘူး။ ဒါကြောင့် ဒီငါးမနေနိုင်တာကွ"

လူတွေ ရှုတ်ရှုတ်ယက်ယက် ဖြစ်သွားပါလေရော။

ကဲ . . . ကြည့် . . . ယုတ်မာလိုက်တာများ ဘယ်လောက်များ လဲလို့။ သူ့ငါးနိုင်အောင် အိပ်ဆေးရည် ဖျော်ပြီး ယဉ်ပါးအောင်လေ့ကျင့်၊ နောက် အဲသည် အိပ်ဆေးဖျော်ထားတဲ့ ရေထဲ ကျုပ်ကိုထည့် တိုက်ခိုင်းတော့ ကျုပ်တစ်ဖက်သတ် ဗလာချိခံရတော့မလို့ပေါ့။ သိသိကလေးရယ်။ အဲသလို နဲ့ ပွဲဖျက်ပြီး ကျုပ်ကို ကမန်းကတန်း ပြန်ဆယ် ရေသန့်သန့်ထဲထည့် တော်ပါသေးရဲ့ဗျာ။ နောက်ထပ်နည်းနည်းသာကြာရင် ကျုပ်အိပ်ဆေးသင့်ပြီး အသေအလဲ လိမ့်ခံရတော့မှာဘဲ။

သည်လိုနဲ့ ပွဲဦးထွက် ပွဲပျက်ခဲ့ရတဲ့နောက်မှာ ရေသန့်သန့် ငါးသန့် သန့် စိတ်ကြိုက်ပွဲရွေးပြီး ငါးချင်းတိုက်ခဲ့တာ . . . ။ လေ့ကျင့်မှု အပြင်းအထန် ရှိခဲ့ဖူးတဲ့ ကျုပ်ကပဲ သက်လုံ ကောင်းကောင်းနဲ့ တစ်ပွဲပြီးတစ်ပွဲ အောင်ပွဲခံ အနိုင်ယူ ဗိုလ်စွဲခဲ့ရပါတယ်။

ကျုပ်အသက်ခြောက်လလောက်မှာ ကျုပ်ဟာလူ့လောကနဲ့ယှဉ်ပြီး ဥပမာပေးရရင် လက်ဝှေ့ကျော် သိုင်းဆရာအကျော်အမော်ဆိုတဲ့ ဘဝမျိုးလိုပဲ ငါးလောကမှာ အဲ . . . Fighting Fish ဆိုတဲ့ ငါးလောကမှာ တဖြည်းဖြည်း လူသိများ ဟီးရိုးဖြစ်စ ပြုလာတယ်။

နေရတာလဲ အရင်လို ဖန်ပုလင်းကျဉ်းကျဉ်း ကျပ်ကျပ်ကလေး ထဲမှာ မဟ ဝ့ထဲမှာ မဟုတ်တော့ပဲ မှန်အကြည်ပုံးထဲမှာ တစ်ထီး တစ်နန်း နေခွင့်ရလာတယ်။

တစ်နေ့ . . .

ရေထဲမှာ တစ်ကိုယ်တည်း လူပျိုကြီးဘဝနဲ့ ပျင်းပျင်းရှိလို့ ပါးစပ်က ရေပူဖောင်းကလေးတွေ ပလုံစီထအောင် မှုတ်ထုတ်နေမိတယ်။ ကျုပ်ကတော့ အမှတ်တမဲ့ လုပ်နေမိတာ မှန်ပေမယ့် သဘာဝတရားအရ ကျုပ်အပြုအမူ ဟာ . . . ။

တက္ကသိုလ် ရောက်တာကြာပြီကွယ် အတွဲလေး တစ်ယောက် တော့ လိုချင်တယ်။ မာမီရယ် ရှာပေးကွယ် ရည်းစားလိုချင်တယ်ဆိုတဲ့ အဓိပ္ပယ် သက်ရောက်နေတာကိုး။

ဒါကို ရိပ်စားမိတဲ့ ကျုပ်ရဲ့ သခင်ဟာ ကျုပ်ကို တစ်ခုသော မှန်ပုံးထဲ ရွှေ့ထည့်လိုက်တယ်ဆိုရင်ပဲ ကျုပ်ဟာ. . . တက္ကသိုလ် ကုံကော်တောနဲ့ ဗိုလ်ချုပ်ဈေး လေဟာပြင်ဈေးနား ရောက်သွားတဲ့ လူပျိုကြီးခမျာ မိန်းမချော မိန်းမလှတွေကို မြင်ရလို့ရင်ထဲက ကတုန်ကယင်ဖြစ်သွားသလို ခံစားလိုက်ရတယ်ဆိုရင် ပိုတယ်လို့ထင်ကြမလားပဲ။

ကြည့်လေ. . . ကျုပ်အနားမှာ အလှမျိုးစုံနဲ့ လှသွေးကြွနေတဲ့ ချစ်ညီမလေးအရွယ် ချစ်မမအရွယ် ငါးမလေးတွေမှ မျိုးစုံမျိုးစုံ။ မင်းကြိုက်စိုးကြိုက် ကာလသားများနှင့် လားလားမျှ မထိုက်တဲ့ ဗျာဆံပိုက် ဗျာဆံခါ ငါးအပျိုကညာတွေချောမှချော လှမှလှ။ ကြားဖူးကြမှာပါ။ ငါးရှံ့ကိုယ်လုံးပိုင်ရှင် လူမတွေကို လှတယ်လို့တင်စားကြတာတွေ။ အဲဒါတွေ တကယ်မဟုတ်တာကို အဟုတ်ထင်လာအောင် အလင်္ကာဆောင်ယင်း မုသား သုံးထားကြတာဗျ။ သည်တော့ကာ. . .

ကိုယ်ပိုင်ခန္ဓာသွယ်လျလျ ငါးရှံ့ကိုယ်လုံး အစစ်နဲ့ ပကာသနမဖက်ပဲ သဘာဝရဲ့ အလှမျိုးစုံနဲ့ ရွှေရောင် ငွေရောင်တလက်လက် ပင်ကိုလှနေတဲ့ ရွှေငါးနုမတော်လေးတွေကြားမှာ ကျုပ်လူပျိုသိုးလေးတစ်ကောင် ဉာဏ်မနိုင် ရှာန်ယိုင်လျောရတဲ့ အဖြစ်ဟာ ကဲ့ရဲ့ စရာတော့ မဟုတ်တန်ကောင်းပါဘူးဗျ. . . နော။ ဒါနဲ့ပဲ ကျုပ်လည်း ရိုးရိုးယဉ်ယဉ် ချစ်စဖွယ်ကောင်းတဲ့ ငါးမလေးကို ရွေးမိပြီး တရစ်ဝဲဝဲ ချာလည်လည်နဲ့ ချစ်ရေးဆွယ်မိတယ်ဆိုရင်ပဲ အလိုက်သိတဲ့ ကျုပ်ရဲ့သခင်က ကျုပ်တို့မောင်နှံစုံတွဲကို ပြန်ဆယ်ယူပြီး ကျုပ်တစ်ကောင်တည်းနေတဲ့ မှန်ပုံးထဲကိုပြန်ထည့်. . . ဟဲ ဟဲ. . . ဟဲ. . . ဟဲ. . . ။

အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ သာသနာရောင်ဝါလင်းကောင်းခြင်းတဲ့သည်ချိန်ခါ. . . ။

နာတာပဲ။ ငါးလောကမှာ အနုပညာတွေ ဘာတွေမရှိတော အော်လံကြီးထောင်ပြီး တွံတေးသိန်းတန်တို့ တင်တင်မြတို့ရဲ့ မင်္ဂလာဆော သီချင်းမျိုးတွေ မဖွင့်ရဘူးပေါ့လေ။

ကျုပ်ပါးစပ်က အမြှုပ်တစီစီထအောင် ပလုံစီမှုတ်ပြီး ရေပြင်ထ

ကို ငါးမျိုးဗီဇတွေအများအပြား ထုတ်လွှတ်လိုက်တယ်။ ရေပြင်ပေါ်မှာ သာကူမျှင်လို ထူပိန်းနေတော့မှ ကျုပ်ရဲ့ ကြင်ဘက်သက်လျာ ငါးကညာကို သာသာချိုချို ချစ်ဖွယ်ဆိုရင်း. . . ။

တို့တော့မယ်တဲ့ ဆိတ်တော့မယ်၊ ဆိတ်တော့မယ်တဲ့ တို့တော့မယ် သုံးတောင်ပြည့်ခန်းသာလယ်မှာ မောင်ကြီးရှယ်တဲ့ စံပယ်ကုံး မင်းဘယ်နှယ့် တုန်း. . . ပေါ့။

ကျုပ်ဇနီးချော ခင်ရွှေငါးနွယ်က ငါးဥမှုန်တွေ ချွေချလို့ မှန်သား ကြမ်းပြင်ပေါ် ဖွေးခနဲ ဖွေးခနဲ ကျသွားသမျှကို ကျုပ်ပါးစပ်နဲ့လိုက်ဖို့. . ပြီး တော့ ရေပြင်ပေါ်က ငါးမျိုးဗီဇတွေ ရှိရာကို ဖွားခနဲ ဖွားခနဲ နေအောင် မှုတ်တင်လိုက်လို့ ဥမှုန်နဲ့ ဗီဇတွေ ပေါင်းစပ်သွားကြပါလေရော။

ကြည့်ကျုပ်မိန်းမကတော့ဗျာ . . တချို့သော ခပ်ညံ့ညံ့ လူမိန်းမ တွေ လိုပါပဲ။ သူ့အလုပ်သူ ဂရုစိုက်ပြီး သားသမီးကို ခင်တွယ်ရကောင်းမှန်း မသိတတ်ဘူးဗျာ။

ကျုပ်လုပ်နေသမျှဟာ သူနဲ့ ဘာမှမဆိုင်သလိုကြည့်နေတယ် ကဲ။ ထားပါတော့လေ။ ငယ်သေးလို့ မိခင်စိတ် ဝင်မလာသေးတာပဲဖြစ်မှာ ပေါ့။

ကျုပ်လည်း ငါးမကပေါက်တဲ့ ဥမှုန်တွေဗီဇနဲ့ ပေါင်းစပ်တာကို သေချာသထက် သေချာအောင် နောက်ထပ် ဗီဇတွေ ထုတ်ပြီး မှုတ်တင်ပေး လိုက်တယ်။ သည်တော့ ကျုပ်ရဲ့ ဖိုဗီဇ နှစ်လွှာကြားမှာ ငါးမရဲ့ ဥမှုန်တွေက ဌာပနာ ထည့်ထားသလိုဖြစ်သွားတာမို့ သာကူပြင်လိုထူပိန်းနေတဲ့ ဥတွဲကြီး ကို ကျုပ်တနှစ်တသက်ခုံမင်စွာ ကြည့်ရှုစောင့်ရှောက်နေမိတယ်။

ရက်အနည်းငယ်ကြာလာလို့ ကျုပ်တို့ရဲ့ သားသားလေးတွေ မီးမီးကလေးတွေ ပေါက်ဖွားလာပြီး ရေပြင်မှာ လှုပ်လှုပ်ရှားရှား ပြေးလွှားဆော့ ကစားစပြုလာရော။ ကျုပ် ထကမိမတတ် ဝမ်းသာနေတဲ့အချိန်မှာ ကျုပ်ရဲ့ မိန်းမ ကလေးတို့အမေ ဘာလုပ်တယ်မှတ်သလဲ သိလား။

ကတည်းဗျာ . . အတိုင်းတိုင်းပြည်ပေါ် ကြားလို့မှ မလျော်တဲ့ အဖြစ်။

ကြည့်ကြပါဦးဗျာ . . . ကျုပ်မိန်းမရယ်လေ . . . သူ့ကလေးတွေကို တစ်ကောင်ပြီး တစ်ကောင်ဖမ်းစား ပစ်နေပါရောလား။

တယ် . . . သည်အရှိုင်းမ . . . ဘီလူးမ သေပေတော့။

– ကျုပ်ဒေါပွပွနဲ့ သောက်ကောင်မကို အသေသတ်ဖို့ အပြေးဝင်လိုက်တယ်ဆိုရင်ပဲ ရုတ်တရက်ကျလာတဲ့ ဆန်ကာစစ်ထဲကို ကောင်မ ပါသွားပြီး တစ်ခြားမှန်ပုံးထဲကို ရောက်သွားတယ်။

ကောင်မ . . . ကျုပ်ပါးစပ်နဲ့ အသေကိုက် မသတ်လိုက်ရတာ နာတယ်ဗျာ။ ထွီ . . . မအေဖြစ်ပြီး မိခင်စိတ်ဓာတ်မရှိဟာမ သွားပစေ ငါ့သားသမီးတွေ ငါးလားမြောက်အောင် ငါကိုယ်တိုင် စောင့်ရှောက်မယ်။

အဲသလို ကျုပ် တစ်ကောင်တည်းတွေးရင်း ကျုပ်တို့ မွေးကာစက အမိမဲ့သား ဖြစ်ခဲ့ရပုံကို ခုမှ အဖြေပေါ်တော့တယ်ဗျာ။ ကျုပ်တို့ ဘဝက အမေကံဆိုးခဲ့တာကို တွေးတော့ ကျုပ်တို့အဖေ ငါးကြီးဟာ သားသမီးတွေကို ထိန်းကျောင်းပဲ့ပြင်ပြီး စောင့်ရှောက်ခဲ့တာတွေ . . . ကျုပ်တို့ကို ရန်မူလာမဲ့ အိမ်မြှောင်၊ ပုစဉ်းနဲ့ ပိုးမွှားကောင်တွေရဲ့ အန္တရာယ်ကြားက သက်စွန့်ရင်ဆိုင်တိုက်ခိုက်ရင်း ကာကွယ်မှု ပေးခဲ့တာခဲ့တာတွေ့နဲ့ ကျုပ်အဖေဟာ ဖခင်ကောင်းပီသအောင် ကျင့်ကြံနေထိုင်ခဲ့တာကို ပြန်တွေးမိရင်း ကျုပ်ဆုံးဖြတ်ချက်ချလိုက်တယ်။

ဟုတ်တယ်။ ခုဆို ကျုပ်လည်းပဲ သားသမီးပေါင်း မြောက်မြားစွာတို့ရဲ့ တစ်ဦးတည်းသော ဖခင်ဖြစ်လာရပြီ။ ကျုပ်အဖေကို စံနမူနာတင် အတုယူပြီး ကျုပ်အဖေကို ကြည်ညိုထိုက်သော ရိုသေအပ်သော ချစ်ခင်စဖွယ်ကောင်းသော မြင့်မြတ်တဲ့ ဖခင်ကောင်း တစ်ယောက်ပီသအောင် ကျုပ်နေသွားရတော့မယ်။

သည်တော့ ကနေ့ကစပြီး ကျုပ်ဟာဖခင်တစ်ဦးအနေနဲ့ ကျုပ်လုပ်သမျှကောင်းကျိုး တွေသည် ကျုပ်သားသမီးတွေအတွက် ဖြစ်စေရမယ်ဗျာ . . . ။

အဲသလိုနဲ့ ကျုပ်ဟာ သားသမီးတွေကို အန္တရာယ် မကျအောင် စောင့်ရှောက်လိုက်၊ ကျုပ်သခင်အတွက် ရန်သူတိုက်ငါးတွေကို ရင်ဆိုင်

တိုက်ခိုက်ရင်း အောင်ပွဲခံလိုက်၊ ကျုပ်သခင်က ကျုပ်ကိုဂုဏ်ပြုတဲ့အနေနဲ့ ကျုပ်အပါအဝင် သားသမီးတွေကို စားသောက်ဖွယ်တွေ ဆုလာဘ် အဖြစ်ပိုမို ကျွေးလိုက်၊ သားသမီးတွေနဲ့ ကျုပ်တစ်ပျော်ကြီးရွှင်လန်းချမ်းမြေ့စွာ နေလိုက်နဲ့ အချိန်တွေ ကုန်လာခဲ့ရတယ်၊ သားသမီးတွေကို ရှာဖွေကျွေးမွေးတဲ့ ဖခင် ကောင်း တစ်ဦးအနေနဲ့ သခင်အားရ ကျွန်ပါးဝပြီး သားသမီးတွေအတွက် သခင်ရဲ့ အလုပ်တွေကို မညည်းမညူ ထမ်းဆောင် နေရတာပေါ့လေ။ သည်လိုနဲ့ပဲ ကျုပ်ဟာ ဝါရင့် တိုက်ငါးတစ်ကောင်ဖြစ်ခဲ့ရတယ်။

တိုက်ပွဲဝင် အတွေ့အကြုံ သမ္မာရင့်လာတာနဲ့အမျှ ကျုပ်ဟာ ကံကောင်းထောက်မစွာပဲ ရှုံးပွဲမရှိ နိုင်ပွဲများစွာ လက်ရည်တူ သရေပွဲများစွာ တွေ့ကြုံခဲ့ရပြီး ငါးတိုက်ပွဲလောင်းကစားသူ လူသားတွေရဲ့ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ ကျုပ်ဟာတစ်နေ့တော့ ကျုပ်လိုပဲ ဝါရင့်တိုက်ငါးတစ်ကောင် နဲ့ စီးချင်းထိုးဖို့အခြေအနေ ဖန်လာပါတယ်။ ဒါကြောင့် ကျုပ်လည်း သားသမီးတွေကို တခြား မှန်ပုံးတစ်ခုထဲမှာ ခွဲခွာထားခဲ့ရင်း ကျုပ်တစ်ယောက် တည်းနေတဲ့ မှန်ပုံးနဲ့အတူ ငါးတိုက်ပွဲတစ်ခုဆီကို ရောက်ခဲ့ရတယ်။

စားပွဲကြီး တစ်ခုပေါ်က ရှိနှင့်တဲ့ မှန်ပုံးတစ်ခုရဲ့ နံဘေးမှာ ကျုပ် မှန်ပုံးကနေရောယူ ထားတယ်၊ တစ်ဘက်မှန်ပုံးရဲ့ တိုက်ပွဲဝင် ရေပြင်အလယ်မှာ တော့ တိုက်ငါးနှစ်ကောင် သည်းကြီး မည်းကြီး တိုက်နေကြတာကို ကျုပ်မြင်နေရတယ်။ ကျုပ်က လောလောဆယ်တော့ လူသားတွေလို ခုံဘေးက ပွဲကြည့်ပရိသတ် သက်သက်ပေါ့ဗျာ။

တိုက်ငါးနှစ်ကောင်မှာ အရွယ်တူ လုံးပတ်တူ ရုပ်ရည်တူဖြစ်တာမို့ သက်ရည်ချင်းတူမယ်ထင်ပြီး လွှတ်ပေးတာပေါ့။ နှစ်ကောင်စလုံးဟာ ကျုပ်လိုပဲ ရွှေငါးမျိုးနွယ်က ဆင်းသက်လာတာ ဖြစ်ပေမယ့် ရွှေငါးတွေလိုတော့ မလှဘူးဗျ။ ဒါပေမယ့် တည်ကြည်ခန့်ညားကြတာတော့ အမှန်ဘဲ၊ အင်းလေ ခွန်အားသတ္တိကို အသုံးချရတဲ့ တိုက်ငါးတွေဖြစ်နေမှတော့ ရုပ်ရည်ရူပကာကို အသုံးပြုပြီး ဝမ်းစာရှာစားရတဲ့ ရွှေငါးတွေလို လှဖို့လည်းမလိုပါဘူးဗျာ။

အမြီးဖွားဖွား ရောင်စုံ အသွေးကြွပြီး ဝိုင်းစက်လှပတဲ့ မျက်လုံးကြီး တွေနဲ့ ရွှေငါးလှလှကြီးတွေကို မြင်ရင်ကျုပ်စိတ်ထဲမှာ . . ကိုယ့်ကိုကိုယ်

အလှပြင်တတ်တဲ့ လူထီး မိန်းမရှာတွေကို လူယောကျ်ားတွေက ရွံ့ရှာစိတ်နဲ့ ပြက်ရယ်ပြုချင်သလိုပဲ ကျုပ်အော့နှလုံးနာမိတယ်။ အလကားကောင်တွေ ငါးပေါတာတွေ။

ငပေါ . . . ဆိုတဲ့ ဝေါဟာရ သည်ကာဆင်းသက်ထွင်ပါ့၊ ယောကျ်ားကောင်းဆိုတာ ရုပ်ရည်လှဖို့ထက် ရှိသင့်ရှိထိုက်တဲ့ အရည် အချင်းပြည့်စုံဖို့ပဲ လိုတယ်၊ ဒါကျုပ်ရဲ့ ခံယူချက်။ ကျုပ်တို့တိုက်ငါးအထီးတွေလည်း သည်လိုပဲလို့ ကျုပ်သဘောပိုက်ထားတယ်။

ကျုပ် အတွေးလွန်နေတုန်းမှာပဲ တိုက်ငါးနှစ်ကောင်ဟာ ကြိုးဝိုင်း အလယ်က လက်ဝှေ့ကျော်နှစ်ဦးလို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေလေရဲ့။

"တိုက်ငါးမန်းကွ"

"ဂျောကွ"

ကြည့်ရှု အားပေးနေတဲ့ လူတွေရဲ့ အော်ဟစ်သံတွေ စကားသံတွေ ကြောင့် သည်ငါးနှစ်ကောင်ရဲ့ နာမည်ကို ကျုပ်ခွဲခြား မှတ်မိလိုက်တယ်။

တိုက်ငါးမန်းက ဟဲဗီးဝိတ် ချံပီယံ အကြည့်နဲ့ ဂျောကို အထင် တသေး လှမ်းကြည့်နေပါတယ်။ စိန်ခေါ်ဗိုလ်လုပွဲကို တက်လာပုံရတဲ့ ဂျောကလည်း အခြေအနေကို သုံးသပ် အကဲခတ်သလိုနဲ့ ပတ်ချာလည်လှည့် ကူးခတ်နေရာက ဆတ်ခနဲ ဘယ်တောင်ပံ ရေယက်ပြားတစ်ခုကို ဝင်ကိုက် လိုက်တယ်။ တိုက်ငမန်းရဲ့ ရေယက်ပြားအဖျားစကလေး စက္ကူယပ်တောင် စုတ်ပဲ့သလို ပဲ့ထွက်သွားတယ်။

တိုက်ငါးမန်းက လျှင်မြန်စွာ ရှောင်တိမ်းရင်း ပဲ့ထိန်းအမြီးနဲ့ ယပ်ခတ်သလို ရိုက်ထည့်လိုက်လို့ ဂျောဟာ ချာလည်လည် လွင့်စဉ်သွားတယ်။ ကြည့်ရတာ တော်တော်လည်း အီသွားပုံရတယ်။ တိုက်ငါးမန်းက အခွင့်အရေးကို လက်လွှတ်မခံပဲ ဂျောရဲ့ကျောပြင်ကို ခေါင်းနဲ့တအားပြေး ဆောင့်တာမို့ ဂျော ကျောကော့ထွက်သွားတယ်။ ကြည့်ရတာ တော်တော် လည်း အီသွားပုံရတယ်။ တိုက်ငါးမန်းက နောက်တစ်ကျော့ပတ်ပြီး ထပ် ပြေးဆောင့်တယ်။ ဂျောက ရေနက်ပိုင်းကို လေးဆယ့်ငါးဒီဂရီလောက် စောင်းပြီး ငုပ်ရှောင်လိုက်တာမို့ တိုက်ငါးမန်း အရှိန်လွန်ထွက်သွားတယ်။

သွားပြီ မှန်ပုံးကို ခေါင်းနဲ့ဝင်တိုက်ပြီ။

ဒါက ကျုပ်နဲ့ ပရိတ်သတ် လူတွေရဲ့အထင်။

ဂိုးဝင်သွားပြီအထင်နဲ့ ပရိသတ်တွေ ဟင်ခနဲ ဟာခနဲ အလန့်တကြားထရပ်ပြီးမှ လွဲချော်သွားတဲ့ ဘောလုံးကိုကြည့်ပြီး လေးလေးလံလံ အေးတိအေးစက် ပြန်ထိုင်ရသလို ကျုပ်တို့ခံစားလိုက်တယ်။

မဆိုးဘူးဗျ. . . တိုက်ငါးမန်း တကယ်တော်တယ်။

အမြီးဘက် ဝမ်းပိုက်ပိုင်း အောက်ကနေ. . . ဘရိတ်ဖမ်းတဲ့ ကန့်လန့်ရေယက် တစ်စုံကို လေယာဉ်ပျံ ဘီးချသလို ဆတ်ခနဲ ဖြန့်ချလိုက်တာမို့ အရှိန်လွန်လာတဲ့ခေါင်းပိုင်းဟာ မှန်သားနံရံနဲ့ ထိလုထိခင် အနေအထားမှာ ဘရိတ်အုပ်သလို တုန့်ခနဲဖြစ်ပြီး အမြီးကနေပဲ့ကိုင်ပေးမှုကြောင့် ခေါင်းဟာ အသာအယာ တိမ်းမိပြီး တစ်ကိုယ်လုံး တစ်ပတ်လည် ချာခနဲ လည်ထွက်သွားတယ်။

လက်ရည်ချင်း ကွာတာနဲ့အမျှ ဂျော်ဟာ အလူးအလဲခံနေရရှာတယ်၊ ခံစစ်ကိုသုံးပြီး မှန်ပုံးထဲမှာ ပတ်ချာလှည့်သလိုပြေးနေရတဲ့အပြင် သူ့တစ်ကိုယ်လုံး ဒဏ်ရာကလေးတွေ ရစပြုလာပြီလေ။

"ဟော့ ပွဲခဏနားမယ်၊ တိုက်ငါးမန်းကိုစစ်ချင်တယ်ကွ. . . "

စကားသံနဲ့အတူ လူတစ်ယောက်က တိုက်ငါးမန်းကို ဆန်ကာခွက်နဲ့ ဖမ်းဆယ်ပြီး သူ့ရဲ့လက်မနဲ့ လက်ညှိုးကို ဇာဂနာလိုဟာရင်း တိုက်ငါးမန်းကို ခပ်ဖွဖွညှပ်ကိုင် ပက်လက်လှန်ကြည့်တယ်။ ပြီး တိုက်ငါးမန်းရဲ့ မေးစေ့အောက်က တိုနန့်နန့်မုတ်ဆိတ်မွေးကို သူ့ရဲ့ကျန်လက်တစ်ဖက်က လက်ညှိုးထိပ်ဖျားကလေးနဲ့ တို့ကာထိကာ ပွတ်သပ်ရင်း သေသေချာချာစစ်ဆေးတယ်။

ကျုပ်တို့ငါးတွေမှာက အရွယ်ရောက်ပြီးရင်အစစ အရာရာပေါ့ဗျာ ကိုယ်လုံးကိုယ်ထည် အလျား အနံ မျက်နှာသွင်ပြင်ကအစ မတိမ်းမယိမ်းတူသလိုလိုရှိကြတာမို့ အသက်ခန့်မှန်းရခက်တတ်ပါတယ်။ ဒါကြောင့်မို့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ဦးမှင်စတာတွေကို အကဲခတ်တိုင်းတာပြီး အသက်ကိုမှန်းရတယ်။

ကျုပ်တို့တိုက်ငါးမျိုး ရွှေငါးမျိုးနွယ်တွေ ကျတော့ မှတ်ဆိတ်အတို အရှည်ကိုကြည့်ပြီး အသက်ကြီးငယ်ကွာပါတယ်။ အသက်ကြီးတဲ့ ငါးတွေဆို မှတ်ဆိတ်ဟာ ကုလားအဖိုးကြီးတွေ၊ ဆိတ်အိုကြီးတွေရဲ့ မှတ်ဆိတ်လို ခွေလိပ်နေကြတဲ့ ခန္ဓာကိုယ်အလျားရဲ့ သုံးပုံတစ်ပုံလောက်အထိတောင် ရှိတတ်ပါတယ်။ ဖြန့်ကြည့်မယ်ဆိုရင်ပြောတာပါ၊ ပုံမှန်ကတော့ စပရင်လိုခွေနေတာပေါ့။ ကျုပ်တို့အရွယ်ငါးလတ်ပိုင်း တိုက်ငါးတွေကြတော့ မှတ်ဆိတ်ဟာ လူကလေးငယ်တွေရဲ့ ခေါင်းကဘဲမြီးပုံ ညှပ်ထားတဲ့ဆံပင်လို ဦးစွန်းဖုတ် သာသာ လောက်ပဲရှိတတ်တယ်။ ဒါဟာ သဘာဝအတိုင်း အသက်အရွယ် အလျောက် အတိုအရှည်ကွာတာ. . .။ ခုတော့. . .

"ဟော့ . . . ကြည့်ကြစမ်း တိုက်ငါးမန်းရဲ့မှတ်ဆိတ်က လက်သည်ညှပ်နဲ့ ညှပ်ထားတာကွ၊ ဒါမှ မဟုတ် ဘလိတ်ဓားနဲ့ တိတိရိရိ ရိတ်ထားတာကွ. . . "

"ဟိတ် . . မကျေနပ်ရင် နှစ်ကောင်တစ်ကောင် ပေးချမယ်ကွ။ ပွဲပြီးခါနီးမှ လောင်းကြေးပြန်မပေးနိုင်ဘူး။ ပွဲမဖျက်နိုင်ဘူး. . . "

"သည်လို ဘယ်ရမလဲကွ၊ ဒါညစ်တာပဲ ဥစ္စာ"

"ညစ်တာ ဘယ်ဟုတ်မလဲ၊ နှစ်ဘက်သဘောတူ မျက်မြင်အတိုင်း တိုက်ကြတာပဲ။ အသက်ငယ်ပါတယ်လို့လဲ ငါ . . . ညာမပြောခဲ့ဘူး။ ကိုယ့်ဘာသာကိုယ် ကြည့်ပြီးမှ စိန်ခေါ်တာပဲ။ ငါက စစိန်ခေါ်တာမှ မဟုတ်တာ"

တစ်ဘက်လူ အကြပ်တွေ့သွားပုံရတယ်။

ဟုတ်တယ်လေ. . . တိုက်ပွဲဝင်အတွေ့ စီနီယာနဲ့ ဂျူနီယာ ယှဉ်ရင် ဂျူနီယာပဲနာမှာပေါ့။ တိုက်ငါးမန်းက ပြောကြပုံအတိုင်းဆို ဝါရင့်သက်ကြီး စီနီယာ၊ ကျောက ဝါနုသက်ငယ် ဂျူနီယာ။

အဲဒီအချိန်မှာ လူတစ်ယောက်က ကျုပ်ရှိတဲ့မှန်ပုံးကိုကြည့်ပြီး—

"ဟော့ ကျောဘက်က ရှုပ်ခ် ကူမယ်ကွာ၊ ဘယ်လိုလဲ တိုက်ငါးမန်းဘက်က. . . "

"ရတယ်လေ၊ နှစ်ကောင် တစ်ကောင်ပေါ့၊ ဒါပေမယ့် ကြေးတော့ နည်းနည်းထပ်ဆောင်းပေးဦးနော်"

"ဖြစ်တယ်၊ ဒါဆို ဆတူ မလုပ်နဲ့။ သုံး–နှစ်ထားမယ်ကွာ၊ သုံးဆ နှစ်ဆပေါ့ ဟုတ်လား"

"ဟုတ်ပြီ. . . . သုံးရာ နှစ်ရာကြေးပေါ့နော်"

သည်လိုနဲ့ပဲ ကျုပ်က ဂျော့နဲ့ တိုက်ငါးမန်းတို့ရဲ့ပွဲထဲမှာ ဂျော့ဘက်က စစ်ကူဝင်လိုက်ရပါလေရော။ ဪ် ကျုပ်နာမည်လည်းမှတ်ထားဦး ရှပ်ခ်တဲ့၊ ဘိုလိုခေါ်တော့ Shark ပေါ့။ ဂျော့က Jaw တိုက်ငါးမန်းဆိုတာက ရိုးရိုးမြန်မာနာမည်ပါပဲ၊ ရှိသေးတယ်။ တခြားကောင်တွေပေးတတ်တဲ့နာမည်တွေက အော်တိုပတ်စ်၊ ရေဘီလူး၊ ဝေလမင်းသား၊ ရေဘုရင်၊ ငါးမင်းသား စသည်ဖြင့်ပေါ့လေ။ စုံလို့စုံလို့ လူတွေစိတ်ကူးကောင်းရင်ကောင်းသလို ပေးကြတာပါပဲ။

မှန်ပုံးထဲကို ကျုပ်ရောက်လို့စက္ကန့်ပိုင်းအကြာထိ ဂျော့နဲ့ ကျုပ် တစ်ကောင်နဲ့တစ်ကောင် မသင်္ကာ စိတ်နဲ့ကြည့်နေမိသေးတယ်။ အဲသည်အချိန်မှာ တိုက်ငါးမန်းဟာ လက်ရွေးကြိုးဝိုင်းထဲဝင်လာ. . . အဲလေ မှန်ပုံးရေပြင်ထဲ ပြန်ဆင်းလာတာမို့ ဂျော့အနေနဲ့သူ့ရဲ့ရန်သူဟာ ကျုပ်မဟုတ်မှန်း ရိပ်စားမိပုံနဲ့ ကျေနပ်သွားတယ်။

အင်း. . . လူတွေသာဆိုရင် ဝမ်းသာပြုံးနဲ့ လက်ဆွဲနှုတ်ဆက်ပြီး တဲလို. . . မစ္စတာ ရှပ်ခ် ကွန်ကရက်ကျူလေးရှင်း. . . ဘာညာဘာညာ ပေါ့။

ဂျော့နဲ့ ရှပ်ခ် နှစ်ကောင်ပေါင်းပြီး ချံပီယံ တိုက်ငါးမန်းကို ဖြိုရတော့မယ်ပေါ့။ ဒါပေါ့ Two Hero Shooting Stars တွေဆီကိုပါ သည်အလေ့ထိုက် ကူးစက်လာပါရောလား။

အလျား တစ်ပေ၊ အနံ ကိုးလက်မ၊ အမြင့် ကိုးလက်မရှိပြီး ဘေးနဲ့အောက် အရပ်ငါးမျက်နှာ မှန်အကြည်နဲ့ အလုံကာထားတဲ့ ပုံးထဲမှာ ရေက ခုနစ်လက်မရှိနေတယ်။ မှန်ပုံး အပေါ်ကတော့ လိုရမယ်ရအဖြစ် သံဆန်ကာ မစိပ်မကျဲနဲ့ ကာထားလေရဲ့။

ကူးခတ်ဆော့ကစားနေလိုက်တယ်။ အဲ့စ်ကို အစ်မသာခေါ်ရတာပါ။ လူသာ ဆိုရင်မိနစ်ပိုင်းလောက်ပိုင်း ကွာမွေးတာမို့ အမွှာပူးလို့ ခေါ်ရမှာပေါ့။ ကျုပ်တို့က အဟိတ်တိရစ္ဆာန် ငါးမို့လို့သာ သက်တမ်းအရ အစ်ကိုကြီး အစ်မကြီးတွေ ဖြစ်ကုန်ရတာ၊ ဒါပေမယ့်လေ . . . သည့်လောက် အကောင် ပေါင်းများစွာ ရာနဲ့ချီနေတာမို့ အားလုံး ပေါက်ပြီးတယ်ဆိုရင် ကျုပ်တို့မှာ ဘယ်ဟာ အစ်ကို ဘယ်ဟာအစ်မခွဲခြားလို့ ရတော့မှာ မဟုတ်ပါဘူး။

ကျုပ်တို့ မောင်နှမတွေ တစ်ပြုံကြီးရေပြင်မှာ ကူးခပ်ဆော့ကစား နေကြတာဟာ ဆူညံမှုမရှိ၊ အသံတိတ်နေပေမယ့် စာသင်ကျောင်းတစ်ခု က မုန့်စားလွှတ်ချိန်ကစားကွင်းထဲမှာ ဆော့ကစားနေတဲ့ ကလေးငယ်တွေလို မျက်စိနောက်စရာ ကောင်းလောက်အောင် ရှုပ်ထွေးနေလေရဲ့။ ဒါကြောင့် ကျုပ်အပါအဝင် တချို့သောငါး အနည်းငယ်ဟာ ငါးအုပ်ထဲကနေပြီး ပြင်ပ ဘက်ကိုရောက်အောင် တဖြည်းဖြည်း ကူးထွက်ခဲ့တယ်။

မြီးဆိုပြူးကျယ်တဲ့ မျက်လုံးအစုံနဲ့ မမှိတ်မသုန် ကြည့်ရာကနေ ကြီးမားတဲ့ ကိုယ်လုံးကြီးနဲ့ ကူးခပ်လာတဲ့ ငါးကြီးတစ်ကောင်ဟာ ကျုပ်တို့ အနားကို ရောက်လာပြီး သူ့ရဲ့ အမြီးကြီးနဲ့ ရေပြင်ကို လှုပ်ခတ်လိုက်တယ်။ အရှိန်ကြောင့် ထလာတဲ့ လှိုင်းတံပိုး ဒဏ်ကြောင့် ကျုပ်တို့တစ်တွေလူး လိမ့် လွင့်စဉ်ပြီး ငါးအုပ်ထဲကို ပြန်ရောက်သွားတော့တယ်။ ကျုပ်တို့နဲ့ သွေးတူ မွေးတူ တစ်ပုံစံတည်း ဖြစ်ပြီး ကြီးမားလှတဲ့ ငါးကြီးဟာ ကျုပ်တို့ ရဲ့ အဖေဖြစ်မှန်း သိလိုက်ရတဲ့အချိန်မှာ အဖေဟာ ကျုပ်တို့တစ်သိုက်ကို ပတ်ချာလှည့် ကင်းစောင့်ရင်း ထိန်းကျောင်းနေပါတယ်။

အဲသည်အချိန်မှာပဲ အဝါနုစ်ရောင် အမျှင်တန်းတစ်ခုဟာ ရေထဲကို ဖြာခနဲ ကျလာတာမို့ ကျုပ်တို့ ငါးကလေးတွေ အပြေးအလွှားဟပ်လိုက် တယ်။ ကောင်းလိုက်တဲ့ ဖြစ်ခြင်း၊ ချိုမြမြ ဆိမ့်တိမ့်တိမ့် အရသာကို သိရှိ လိုက်ရတဲ့အချိန်မှာ တစ်ကြိမ်ပြီး တစ်ကြိမ် ကျလာတဲ့ အဝါနုစ်ရောင် အမျှင်တန်းတွေကို ကျုပ်တို့အလုအယက် ပြေးစားကြတယ်၊ ပြီးလည်းပြီးရော ကျုပ်တို့ အဲထဲက ဆယ်ကောင်ဆယ့်ငါးကောင်ဟာ ရေထဲကို နစ်မြုပ်ပြီး ပိုးလက်ပက်လက် သေဆုံးကုန်ပါတယ်။ အမှန်ကတော့ စားပိုးနင့်ပြီး သေကုန်

အခုဆို ရေအနက်ရှဲလေးလက်မလောက်ရှိတဲ့ ရေပြင်အလယ်မှာ ကျုပ်တို့သုံးကောင်ဟာ နှစ်ရှကောင့်တစ်ကောင်ရင်ဆိုင်ပြီး ရေငုပ်သင်္ဘောသုံးစင်းလိုဖြစ်နေပြီပေါ့။

ကျုပ်နဲ့ ဂျောဟာ တိုက်ငါးမန်းဆီကိုတစ်ပြိုင်နက် ပြေးဝင်ကူးသွားပြီး တိုက်ငါးမန်းရဲ့ ဘယ်နဲ့ညာကို တစ်ဖက်ဆီကူးဝင်သွားတယ်။ ဘယ်ညာညှပ်ပြီး တော်ပီဒို နှစ်စင်းလို ပြိုင်တူ ဝင်ဆောင့်လိုက်တာမို့ ပွဲဦးထွက်မှာ တိုက်ငါးမန်းတော်တော်ခံလိုက်ရတယ်။ ဒါပေမယ့် ဝါရင့် တိုက်ငါးတစ်ကောင်ပီပီ ကျင်လည်သွက်လက်စွာနဲ့ ရှောင်ကာ တိမ်းကာ ကူးခပ်ရင်း တိုက်စစ်အသွင်ကို ပြောင်းဖို့ကြိုးစားလာတာမို့ ကျုပ်တို့ နှစ်ကောင်ဟာ၊ ဘယ်ညာက တစ်မျိုး အထက်အောက်ကတစ်နည်း၊ အမြီးဘက် ခေါင်းဘက်က တစ်သွယ် အနှယ်နှယ် အဖုံဖုံ နည်းမျိုးစုံအောင် တစ်ဘက် တစ်ချက်စီ ဝင်ညှပ်တိုက်ရင်း တိုက်ငါးမန်းရဲ့ အလစ်ကိုချောင်းနေရတယ်။

ဘယ်လောက်ပဲ ဝါရင့်ပါစေ၊ အမောခံနိုင်ရည်ကျတော့ တိုက်ငါးမန်းဆိုတဲ့ အဘိုးကြီးဟာ ကျုပ်တို့လိုနုပျိုဆဲတွေလောက်တော့ ဘယ်ယှဉ်နိုင်မှာလဲ ဒါကြောင့်မို့ကျုပ်တို့ကလည်း သည်အဘိုးကြီးသက်လုံမကောင်းဘဲ အမောဖောက်အောင် လှည့်ပတ်ကူးခတ်ရင်း တို့ကနန်း ဆိတ်ကနန်း ရန်စတိုက်ခိုက်နေရတယ်။ တိုက်ငါးမန်းဟာ တိုက်ကွက် ကောင်းသလောက် ဉာဏ်ရည်ကလဲ မြင့်တယ်ဗျ။ ကျုပ်အတွေ့အကြုံဟာ သူနဲ့ယှဉ်လိုက်ရင် ကလေးကစားစရာ အသေးအမွှားပမာဖြစ်သွားတာပေါ့။ ကျုပ်တို့မှာ အပြေးအလွှား . . ကာကွယ် ခုခံနေရတယ်။ တိုက်ပွဲ အခြေအနေကို ပြောင်းပြန်ဖြစ်အောင် လုပ်ပစ်လိုက်နိုင်တာမို့ ပရိသတ်အားလုံးက စုပ်တသပ်သပ် လက်ဖျား တစ်ခါခါနဲ့ပေါ့။

ကြည့်လေ . . . ထက်အောက်ဘယ်ညာ ရှေ့နောက် ညှပ်ပူးညှပ်ပိတ် တိုက်ခံနေရတော့ ဘယ်သူမှ မထင်မှတ် မတွေးမိတဲ့ မှန်ပုံးထောင့်တစ်နေရာကို အပြေးကူးသွားပြီး မှန်ပုံးကြမ်းပြင် ထောင့်ချိုးနှစ်ခုကြားမှာ အမြီးပိုင်းကိုထား ခေါင်းပိုင်းကို လေးဆယ့်ငါးဒီဂရီ ဦးမော့ထောင်ပြီး အသင့်စောင့်နေတယ်။ သည်တော့ ကျုပ်တို့တိုက်ကွက် ကျဉ်းသွားတာပေါ့။ သူ့ရဲ့

ဘယ်ဘက်မှာ မှန်သားနံ့ရံ၊ ညာဘက်မှာ မှန်သားနံ့ရံ၊ နောက်ဘက်မှာ မှန်ပုံးထောင့်ချိုး နံ့ရံ အောက်ဘက်မှာ မှန်သားကြမ်းပြင် . . . သည်တော့ သူ့ကို မျက်နှာချင်း ဆိုင် တစ်နေရာတည်းကပဲ တိုက်ရတော့မယ်။ အရင်လို ညှပ်ဆော်လို့ မရတော့ဘူး။ ဒါကြောင့်ကျုပ်နေရာအသင့်ယူလိုက်တယ်။

ဂျောက နာထားတဲ့ အကောင်မို့ ရင်ဆိုင်နိုင်စွမ်းမရှိလို့ပဲလား။ ညာဏ်ကူချင်လို့ပဲလား မသိဘူး။ တိုက်ငါးမန်းကို အထက်စီးကနေ စောက်ထိုး ဝင်ဆောင့်မယ့် အကြံမျိုးနဲ့ အပေါ်ပိုင်းကို အလိုက်သင့် ထောင်လိုက် ကူးတက်သွားတယ်။

သွားပြီ၊ တစ်ကွက်မှားသွားပြီ။

ဂျောရဲ့ အမှားကို လက်လွှတ်မခံတဲ့ တိုက်ငါးမန်းဟာ ရေပြင်မှာ ဝေဟင်ပစ်ဒုံးကျည် တစ်စင်းလို ပြင်းထန်တဲ့ အရှိန်အဟုန်နဲ့ ဂျောရဲ့ ဗိုက်ဖြူဖြူ ကို အတင်းဝင်ထိုးဟပ်လိုက်တယ်။

ရေပြင် တစ်ခုလုံး ဝရုန်းသုန်းကား ဖြစ်သွားတယ်။

ဂျောရဲ့ ဗိုက်သားဟာ တိုက်ငါးမန်းရဲ့ ပါးစပ်ထဲမှာ ငုံခဲထားခံရလို့ ထွန့်ထွန့်လူးဖြစ်နေတဲ့ အချိန်မှာ ကျုပ်က အခွင့်ကောင်းယူပြီး တိုက်ငါးမန်းရဲ့ အောက်ပိုင်းကို လျှိုဝင်ပြီး အမြီးဘက် ဝမ်းဗိုက်ပိုင်းအောက်က ရေယက်ပြား တွေကို တစ်ခုပြီးတစ်ခု ကိုက်ဖြတ်ပစ်လိုက်တယ်။ အဲသည်အချိန်မှာ ဂျောရဲ့ ဗိုက်သားဟာ ဟင်းလင်းပွင့်ထွက်ပြီး တိုက်ငါးမန်း ပါးစပ်ထဲကို အသားဆိုင်နဲ့ ကလီစာ တချို့ပုံပါသွားရုံမက၊ ဂျောရဲ့ညာဘက်တောက်ပံ ရေယက်တစ်ခု လည်း ကိုက်ဖဲ့ခံလိုက်ရလို့ ဂျောမရှုမလှဖြစ်သွားတယ်။ ရေယက်မရှိတော့ လို့ ဟန်ချက်မညီဘဲ တစ်စောင်းကြီးအလူးအလိမ့် ခံနေရာက ဂျောထွက်ပြေး ဖို့ကြိုးစားသေးတယ်။ တိုက်ငါးမန်းက ပါးစပ်ထဲငုံထားတဲ့ ဂျောရဲ့ အသားစတွေ ကို ထွေးထုတ်ပြီး နောက်ရေယက် တစ်ခုကို ကိုက်ဖြတ်လိုက်တယ်။

အဲဒါဟာ ဂျောအတွက် အကြီးမားဆုံး ဆုံးရှုံးမှုပဲ။ ရေယက်ဆိုတာ ငါးတစ်ကောင်ရေကူးနိုင်ဖို့အတွက်၊ ကိုယ်လုံးကို ဘယ်ညာ ဟန်ချက်ညီညီ ထိန်းနိုင်ဖို့အတွက် အဓိက အရေးအကြီးဆုံးပဲ။ လူတွေရဲ့ လက် ငှက်တွေရဲ့ တောင်ပံလိုပေါ့ဗျာ။ ရေမှ မကူးနိုင်တော့တဲ့ ငါးတစ်ကောင်ဟာ ရန်သူရဲ့

တိုက်ခိုက်မှုအောက်မှာ ဘယ်လိုဆက်ခံရမယ်ဆိုတာတွေးကြည့်ပေါ့ဗျာ။ နောက်ဆုံးမှာတော့ ဂျောဟာ လုံးဝ မလှုပ်ရှားနိုင်တော့ပဲ မှန်ပုံးကြမ်းပြင်ပေါ်ကို တစ်အိအိ နစ်ဆင်းသွားတာ ခါးကျိုးသွားတဲ့ ပင်လယ်ကူး သင်္ဘောကြီး တစ်စင်း နက်ရှိုင်းလှတဲ့ သမုဒ္ဒရာ ကြမ်းပြင်ပေါ်ကို အိုးတည်နစ် နစ်သွား သလိုပါပဲလေ။

နောက်ဆုံး ထွက်သက်ကြောင့် ပလုံစီထလာတဲ့ ရေပူဖောင်း ကလေးတွေဟာ အထက်ပိုင်းကို တဖြည်းဖြည်းတက်လာရင်းကြီးသထက် ကြီးလာရာက ရေမျက်နှာပြင်ပေါ်အရောက်မှာ ပေါက်ကွဲသွားတယ်။ အသက် ဝိညာဉ ကင်းမဲ့ပြီး ပက်လက်လန်ငြိမ်သက်နေတဲ့ ဂျောရဲ့ အလောင်းကောင် ကြီးကို ကြည့်ပြီး ကျုပ်ဒေါသတွေ တဟုန်ထိုး ပေါက်ကွဲ ထွက်လာတယ်။ အဲသည်အချိန်မှာ ကျုပ်ဆီကို ရိပ်ကနဲ ဝင်လာတဲ့ တိုက်ငါးမန်းကို ကမန်း ကတန်း လှည့်ရှောင် လိုက်ရသေးတယ်။ ရုတ်တရက် ဝါးလုံးထိုးဝင်လာတဲ့ တိုက်ငါးမန်းဟာ မှန်ပုံးနံရံနားအရောက် ခါတိုင်းလို ဘရိတ်ဖမ်းဖို့ အမြီးပိုင်း ရေယက်အစုံကို လေယာဉ်ဘီးချသလို ချလိုက်တယ်။

ဒါပေမယ့် မရတော့ဘူးလေ။ သူ့ရေယက် အစုံကို ကျုပ်ကိုက်ဖြတ် ခဲ့လို့ အခုဆို မှန်ပုံးကြမ်းပြင်မှာ ကျနေပြီပဲဟာ။ အရှိန်မသတ်နိုင်လို့ ဒုံးခနဲ ဝင်ဆောင့်သံနဲ့အတူ တိုက်ငါးမန်းရဲ့ မျက်နှာတစ်ခုလုံး မှန်သားနံရံနဲ့ တိုက်မိ ပါလေရော။ အခြေအနေကိုရိပ်စားမိတဲ့ တိုက်ငါးမန်းဟာ ဒေါသတကြီးနဲ့ ကျုပ်ကို လှည့်ရင်ဆိုင်ပြန်တယ်။

ကျုပ်ထိတ်ခနဲ ဖြစ်သွားတယ်၊ မဖြစ်ဘူး၊ သတိထားမှ။

ဟုတ်တယ်လေ။ ခုနက ကျုပ်ရှေ့တင် သေသွားတဲ့ ဂျောကို မြင်ထားရတာမို့ သူ့ကိုရင်ဆိုင်ဖို့တောင် ခပ်လန့်လန့်ဖြစ်နေပြီ။ နောက်ပြီး သူက ပွဲ တစ်ကာနိုင်ထားတဲ့ ချန်ပီယံ၊ ကျုပ်ကအခုမှ ဂျောနဲ့ပေါင်းပြီး သူ့ကိုတိုက်နေရတာ။

နှစ်ကောင် တစ်ကောင်ပေးတိုက်တာတောင် မယှဉ်နိုင်ဘဲရှုံးခဲ့ရတာ ခုလိုတစ်ကောင်ချင်းဆိုတော့ . . . ကျုပ်ကြောက်စိတ်တွေဝင်လာပြီး နေအိမ် မှန်ပုံးဆီ ပြန်ပြေးချင်စိတ်ပေါက်လာတယ်။ ရှုံးချင်ရှုံးပါစေ။ မသေရင်

တော်ပါပြီ။ အိမ်မှာက ဒီအတိုင်းထားခဲ့ရတဲ့သားတွေ သမီးတွေက တပြုံကြီး။ ကျုပ်မရှိရင် ဘယ်သူကများ စောင့်ရှောက်ပါ့မလဲ။ အို မဖြစ်သေးပါဘူးလေ။ ကျုပ်ကို ပြေးရှုံး ကြောက်ရှုံးနဲ့ ပွဲသိမ်းပေးမှာမှ မဟုတ်ပဲဟာ။ တစ်ကောင်ကောင်သေမှ ပွဲသိမ်းကြမှာ။ သည်တော့ ကျုပ်မသေဘဲ သူသေနဲ့ ပွဲသိမ်းဖို့ ကျုပ်ဆက်ပြီး တိုက်ပွဲဝင်ရမယ်။ ကျုပ်ဆက်ရှင်နေမှ သားသမီးတွေနဲ့ ပြန်တွေ့ရမှာ။

ဆိုတော့လည်း ကျုပ်ကိုအသေသတ်နိုင်မယ့် ပါးစပ်ကို ရှောင်တိမ်းယင်း တိုက်ငါးမန်းရဲ့ အမြီးပိုင်းကိုပဲ စောင်းပေးတိုက်ရတာပေါ့။ အမြီးဆိုပေမယ့်လည်း မသက်သာဘူးဗျ။ ကြာပွတ်လွှဲသလို မြန်ပြီး တင်းပုတ်ထုသလို ပြင်းထန်တဲ့ ရိုက်ခတ်ချက်တွေက ကျုပ်မျက်နှာကိုချက်ကောင်းထိသွားရင်လား . . . ။ ကြယ်တွေ လတွေမြင်သွားပြီး တစ်ခါတည်း ပြာခနဲ ဖြစ်သွားမှာ။ အဲသလို စက္ကန့်ပိုင်းလောက် အငိုက်မိခံခဲ့ရပြီးလျှင် ကျုပ်ဗိုက်ပွင့်ကွဲထွက်ပြီး အူစုံ အသည်းစုံ ကလီစာတွေ မှန်သားကြမ်းပြင်မှာ ပုံလို့ ရျောနဲ့အတူ နစ်လောင်းပြိုင် ဖြစ်သွားမှာ။

သည်တော့ တိုက်ခိုက်မှု ဉာဏ်ပြိုင်ရည် မယှဉ်သာတဲ့ ကျုပ်က အမောခံနိုင် ရည်ချင်းပဲယှဉ်ဘို့ တိုက်ငါးမန်း ဒေါသကိုဆွပေးရုံ ဆွပေးနေရတော့တယ်။ စိတ်ထဲကလည်း တွေးမိတယ်။ သည်အဘိုးကြီး အမြီးဖျားကိုသာ ကိုက်ဖြတ်ပစ်နိုင်ရင်တော့ အပိုင်ပဲ ဟုတ်တယ်လေ။

တိုက်ငါးမန်းရဲ့ အမြီးဖျားကို ဆတ်ခနဲအလစ် ဝင်ဆွဲလိုက်တာမို့ ကိုက်မိတယ်ဆိုရုံကလေး ဖြစ်သွားတာနဲ့ ခါထုတ်ပစ်တယ်။ သူ့မျက်နှာမှာလည်းဒေါသပုန်ထလာတဲ့ အရိပ်အယောင်ကြောင့် ပါးဟက်အစုံက ယပ်တောင်ခပ်သလို စုလိုက်ကားလိုက် . . စုလိုက်ကားလိုက် . . စုလိုက်ကားလိုက် . . . ။

ကျုပ် အသည်းငယ်မတတ် ကြောက်ရွံ့သွားတယ်။

မျက်လုံးထဲမှာလည်း အိမ်မှာမျက်စိသူငယ်နဲ့ ကျန်ခဲ့တဲ့ မိတဆိုးသားသမီးငယ်တွေ၊ ကျုပ် ကြောက်စိတ်ကြောင့် ကြက်သီးမွေးညင်း ထသွားတယ်။ ဒါကြောင့် ရုတ်တရက် ပြေးဝင်လာတဲ့ တိုက်ငါးမန်းကို ရှောင်တိမ်းဖို့

သတိမရတော့ပဲ မျက်စိစုံမှိတ်ရင်း လှိမ့်ခံနေရာက ပြုံမိပြုံရာ ပြုံလိုက်မိတယ်။

မြင်ဖူးကြမှာပါ။

အနီးကပ် ပူးသတ် တိုက်ခိုက်ခံလိုက်ရတဲ့ ရှုံးတော့မယ့် လက်ဝှေ့သမားဟာ ဘာမှ မတတ်နိုင်တော့ဘဲ အနေအထားမှာ လက်သီးကိုစုံမြှောက် မျက်စိကိုအတင်းမှိတ်ရင်း မရှုမလှ ခံနေရသလိုပေါ့။ ကျုပ်အလူး အလိမ့် ခံနေရာက ကိုက်မိကိုက်ရာကို ဖမ်းကိုက်ထားပြီး တအားကုန်သာ ခဲထားတယ်။ လွှတ်လဲ မလွှတ်ရဲဘူး။ တိုက်ငါးမန်းရဲ့ ပါးစပ်က ကျုပ်ကို မကိုက်မိသေးတာပဲတော်တော့တယ်။ ဒါပေမယ့် ကျုပ် မသက်သာပါဘူးဗျာ။ တိုက်ငါးမန်းရဲ့ အမြီးဖျားဟာ ကျုပ် ခန္ဓာကိုယ်ပေါ်နေရာ အနှံ့အပြားကို ကြိမ်စကြာဆော်သလို တစ်ဘုံးဘုံး တစ်ဒိုင်းဒိုင်းနဲ့ အချက်ပေါင်းများစွာ ဆော်နေလေရဲ့။

ဆော်လေ . . . ဆော်စမ်း . . . သေတာချင်းအတူတူ ဘယ်လိုသေသေ သေမှ အေးမယ့်ဘဝပဲဟာ . . . ဆော် . . . ။ ကျုပ်သေရမှာကို ကြောက်တာထက် ငါးလားမမြောက်သေးတဲ့ ကျုပ်သားသမီးတွေကို လောကကြီးအလယ်မှာ မိဘမဲ့ထားခဲ့ရမှာ ဝမ်းအနည်းဆုံးပဲ။ ဘယ်တတ်နိုင်မလဲလေ . . . ။ ကံစီမံလာပြီကိုး။ သားတို့ သမီးတို့ရေ။

ကျုပ် . . . ကလေးတွေဆီ စိတ်ရောက်သွားပြီး အားလျော့လုဆဲဆဲ။

လှိမ့်ပိမ့်ခံရာက ရိုက်သံနှုန်း နှေးပြီးငြိမ်သက်ကျသွားတဲ့ တိုက်ငါးမန်းကို သတိထားပြီး အခွင့်ကောင်းရခိုက် အတင်းရုန်းထွက်လိုက်တယ်။ တိုက်ငမန်းဟာ ခုနက ဂျောလိုပဲ သင်္ဘောပျက်တစ်စီးလို မှန်သား ကြမ်းခင်းပေါ် တစ်အိအိ နစ်ကျသွားတယ်။

မယုံကြည်စရာ ကောင်းတဲ့ မြင်ကွင်းကြောင့် ကျုပ်အံ့အားသင့်ပြီး ငိုင်ကြည့်နေမိတယ်။ ပါးစပ်ထဲက ခိုးလိုးခုလု အရာကိုလည်း ထွေးထုတ်ပစ်ရင်းကြည့်မိတယ်။ တိုက်ငါးမန်းရဲ့ ကြီးမားကျယ်ပြန့်တဲ့ ပါးဟက်တစ်ခုဟာ ကျုပ်ပါးစပ်ထဲကနေ ကြမ်းပေါ်ကို လင်ပန်းတစ်ချပ် ရေမြှုပ်သွားသလို ဟိုယိမ်း သည်ယိုင်နဲ့ ကျသွားတယ်။ တိုက်ငါးမန်းရဲ့ ပါးပြင်တစ်ခုလုံးလည်း သွေးချင်းချင်း နီရဲနေပြီလေ။

သေပြီပေါ့။ အသက်ရှူနိုင်တဲ့ ပါးဟက်တစ်ခုလုံး ပြုတ်ထွက်သွားမှတော့ ဘယ်လောက်ပြင်းထန်တဲ့ ဝေဒနာ ခံစားလိုက်ရမယ်ဆိုတာ ကျုပ်တွေးရင်း စိတ်မကောင်းတောင် ဖြစ်မိသေးတယ်။ မတတ်နိုင်ဘူးလေ။ တိရိစ္ဆာန်တို့ရဲ့ ဥပဒေအရ Kill or bekilled ပဲဟာ။ သတ်ရင်သတ်၊ မသတ်ရင်သေရမှာပဲ။ အင်း . . . လိပ်ပြာကလေးလို ဝဲပြီး ပိတုန်းကလေးလို ခဲတတ်တဲ့ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံကြီး မရှုမလှ အလဲထိုးခံလိုက်ရသလို နေမှပေါ့ . . . ။

“ရှပ်ခ်ကွ ရှပ်ခ် . . . ချန်ပီယံ ရှပ်ခ်ကွ”

"Fighting fish champion SHARK!"

မှန်ပုံးအပြင်က ချီးမွမ်း ထောမနာသံတွေမှာ ကျုပ် မသာယာနိုင်သေးပဲ မောဟိုက်နွမ်းနယ်စွာနဲ့ မှန်ပုံးတောင့်မှာ အသာမှီနားရင်း အမောဖြေနေလိုက်တယ်။

မောလွန်းလို့ ကျုပ်ရဲ့ပါးဟက် နှစ်ဘက် ဟစိဟစိ ဖြစ်ပြီး လေပူဖောင်းများစွာမှုတ် ပလုံစီတွေထနေတဲ့ အထိပဲ။ ကျုပ်မသေဘူး။ တော်သေးတယ်။ ဒါဆို ကျုပ်သားတွေ သမီးတွေ ရှိရာကို ပြန်ခွင့်ရတော့မယ်၊ သားတို့သမီးတို့ရေ . . . ဖေဖေ မသေဘူး ရေကူးတတ်တယ်ဟေ့။

ဟုတ်တယ်။ ပြန်ရောက်မှ ကလေးတွေ တစ်အုပ်ကြီးနဲ့ မှန်ပုံးထဲမှာ ဒါမှမဟုတ် သားပေါက်လေးတွေအတွက် သီးသန့်လုပ်ထားတဲ့ မွေးမြူရေးအုတ်ကန်လေးထဲမှာ ပတ်ချာလှည့်ပြီး မမောတမ်း ကစားရင်း ကူးပစ်လိုက်ဦးမယ်။

ကျုပ်တွေးမိတွေးရာ ငေးမိငေးရာငေးနေတုံး မှန်ပုံးအပြင်ဘက်ကနေ လူတွေတစ်ယောက် တစ်ပေါက် ပြောဆိုနေတဲ့ စကားသံတွေကို ကျုပ်နားမစွင့်ပေမယ့် အတိုင်းသားကြားနေရတယ်။ တစ်စုံတစ်ဦးရဲ့ စကားသံကြောင့် ကျုပ်အိပ်မက်က လန့်နိုးရသလို ဖျတ်ကနဲ ထခုန်မိမတတ် အံ့သြသွားတယ်။ ကျုပ်မျက်လုံးအစုံ ပြူးထွက်ပြီး ငါးစိမ်းသည်မရဲ့ တုတ်ချက်မိသလို ခေါင်းတစ်ခုလုံး မိုက်ခနဲ မြာခနဲ ဖြစ်သွားရာက အိုးထိန်းစက်လို ချာချာလည်သွားတယ်။

ကျုပ်စိတ်ထဲမှာ မှန်ပုံးနံရံငါးဘက် အစိတ်စိတ် အမွှာမွှာအက်ကွဲကြေမွပြီး ရေပြင်တစ်ခုလုံး တစ်စက်မကျန် အငွေ့တထောင်းထောင်းထခန်းခြောက်သွားသလို ခံစားမိရတယ်။

ကျုပ်. . . ကျုပ်ကြားလိုက်ရတာက. . .

“နေပါဦးဗျ. . . ကျုပ်တို့မြို့ကလေးကို တိုက်ငါးတွေ ဘယ်လိုကနေ ဘယ်လိုရောက်လာပြီး အလုပ်ဖြစ်နေတာလဲ”

“သည်လိုဗျ၊ အခုခင်ဗျားသိတဲ့ **OCEAN FIGHTER** ငါးအလှရောင်းတဲ့ ဆိုင်ဟာ အရင်က ရွှေငါးတွေပဲ ရောင်းတယ်။ နောက်တော့ ရွှေငါးမျိုးနွယ်ထဲက ရွှေငါးတွေလောက်မဲလှတဲ့– တစ်ကောင်နဲ့ တစ်ကောင်ရန်မူတတ်တဲ့ တိုက်ငါးတွေကိုပါ စီးပွားရေးအမြင်နဲ့ စမ်းပြီး မွေးကြည့်တာလေ။ မိုးခိုးကြက်ကို တိုက်ကြက်ဖြစ်အောင် တမင် သမွေးတာမျိုးပေါ့။ ပထမတော့ တိုက်ငါးတစ်ကောင်နဲ့ ငါးမတစ်ကောင်ကနေ ပွားယူတာပဲ နောက်တော့ အဲသည်ငါးတွေကမှတစ်ဆင့် နောက်ထပ်နောက်ထပ် တိုက်ငါးတွေ ဆက်ပြီး မျိုးပွားယူမှာပေါ့။ နောက်ပေါက်ကလေးတွေက တိုက်ငါးအဆင့် ရောက်မလာသေးတဲ့ ချာတိတ်အရွယ်တွေပဲ ရှိသေးတယ်။ သည်မြို့မှာတော့ လောလောဆယ် သည်တစ်ဆိုင်တည်းရှိတယ်။ ရန်ကုန်နဲ့လည်းအလှမ်းဝေးတော့ သည်ဆိုင်ကချည်းပဲ ဝယ်မွေးရတာပေါ့”

“ဒါဆို သည်မြို့က တိုက်ငါးတွေအားလုံးက. . .”

“ဆွေမျိုးတွေပေါ့ဗျ၊ ဆွေမျိုးမှ သားအဖအရင်း ညီအစ်ကိုအရင်းတွေ. . . ခုနက သေသွားတဲ့ ဂျောနဲ့ အခုနိုင်သွားတဲ့ ရုပ်ခ်နဲ့ကလည်း တစ်သားတည်းပေါက်တဲ့ ညီအစ်ကိုအရင်းတွေ၊ နောက်ဆုံးသေသွားတဲ့ တိုက်ငါးမန်းကနေ ပွားယူထားတာ . . . တိုက်ငါးတွေအားလုံးဟာ တိုက်ငါးမန်းကနေ ပွားယူထားတဲ့ သားတွေ မြေးတွေချည်းပဲ”

“ကိုင်း. . . ဘယ့်နှယ့်ရှိစ. . . ကောင်းကြသေးရဲ့လားဗျာ”

အရင့်အရင်က ကျုပ်လက်ချက်နဲ့သေခဲ့ရတဲ့ ငါးတွေက ကျုပ်ရဲ့ညီအစ်ကိုအရင်းတွေတဲ့။ ခုနက တိုက်ငါးမန်းကြောင့် သေတဲ့ငါးက ကျုပ်ရဲ့ညီ

အရင်း၊ တိုက်ငါးမန်းရဲ့ သားအရင်းတဲ့ ဒါ. . . ဒါဆို အခု ကျုပ်. . . ကျုပ် ကိုယ်တိုင် ကာယကံမြောက် အသေသတ်လိုက်မိတဲ့ တိုက်ငါးမန်းက ကျုပ် ကျုပ်ရဲ့အဖေ. . . ။

နီတာဦး (ဥက္ကာမြေ)

ဓားစာ၁

ဇာတိမာန် ဆပ်ကပ်အဖွဲ့၏ပိုင်ရှင် ဖြစ်သူဦးအောင်မောင်းသည် သူ့ရှေ့တွင်မျက်နှာသေကလေးဖြင့် ရပ်နေသော ဆပ်ကပ်လူရွှင်တော်ကြီး နှိုပ်စက် အမည်ခံဦးငြိမ်းတို့သားအဖကိုတလှည့်၊ လက်ထဲကစာကိုတလှည့် ကြည့်ကာမျက်နှာထား မှုန်မှုန်သုန်သုန် ဖြစ်လာသည်။

"တောက်၊ ဒီနေ့လိုချက်ကောင်းကျခါမှ ပြဿနာပေါ်ရသတဲ့လာ ဗျာ။ အခုသူတို့ ဘယ်ရောက်သွားကြပြီလဲ"

"ကျွန်တော်လဲ ဘာမှ ရေရေရာရာ မသိရသေးပါဘူးဆရာရယ် အခုမှ ဟောဒီ သားအငယ်ဆုံးကောင် အိမ်က လိုက်လာပြီး စာလာပေးတာ နဲ့ သိသိချင်း လာပြောတာပါ။ သမီးနဲ့ အဲဒီကောင်လေး ပတ်သက်နေမှ တော့ ရိပ်မိပါတယ်။ ဒါပေမယ့် တစ်ဦးနဲ့တစ်ဦး ဘာမှ တွက်ကိန်းထားစ မလိုတာမို့ ဝင်မရှုပ်တာပါ။ ဒီလောက်ကြီးလဲ မြန်မြန်ဆန်ဆန် ဖြစ်သွား မယ်လို့ မထင်ထားလို့ပါ"

"ထားပါလေ၊ ဒါက ခင်ဗျားအိမ်တွင်းရေးပဲ။ ကျွန်တော်နဲ့ ဘာ မဆိုင်ပါဘူး။ အခု ပြောချင်တာက ငွေရေးကြေးရေး။ ခင်ဗျား သမီးစပယ်တ ဒီ ဆပ်ကပ်အဖွဲ့မှာ စာချုပ်ချုပ်ထားတာ သက်တမ်းပြည့်ဖို့ တနှစ်ကျော်ကျေ လိုသေးတယ်၊ ဒါ ကျွန်တော် မြော်မြင်လို့ပြောတာ မဟုတ်ဘူးနော်၊ ခင်မင်တ ကတပိုင်း၊ စီးပွားရေးနဲ့ အလုပ်တာဝန်က သပ်သပ်တပိုင်းကို ပြောချင်တာ

"အစကတည်းက လူအင်အား အပြည့်အဝ အလုံအလော မရှိလို့ နည်းနည်းနဲ့ ကျဲကျဲဝိုင်းနေရတဲ့အချိန်မှာ အခုလိုဖြစ်ရတော့ အင့် သူ

င်နိုး နှစ်နာတာပေါ့။ ဒီနေ့ည ပြသတင်ဆက်မှု အစီအစဉ်တွေကို အတိအကျ ကြော်ငြာပြီးသား ဖြစ်နေတော့ ဖြုတ်ပစ်ပြန်ယင် အဖွဲ့နာမည်ပျက်မှာဗျ။ ခက်တယ်ဗျာ၊ ခင်ဗျားသမီးနေရာ အစားထိုးဖို့လူကလဲမရှိ”

လူရွှင်တော် နှံ့ပြီစုတ် အောင့်သက်သက်ဖြစ်သွားသည်။ အမှန်အားဖြင့်မူ သူ၏သမီးစပယ်တင်သည် ဤဆပ်ကပ်အဖွဲ့၌ အရေးပါ အရာရောက်သူ တစ်ဦးမဟုတ်ပါ။ သာမန် ကျွမ်းဘားမယ်တစ်ဦးမျှသာ ဖြစ်ပါသည်။ သူ့သမီး၏ ဆပ်ကပ်ပညာ အရည်အချင်းသည် အခြားဘားကျွမ်းမယ်ကလေးများက အလွယ်တကူ ဝင်ရောက်အစားထိုးနိုင်လောက်သော အနေအထားမျှသာ ရှိပါသည်။

သို့သော် တစ်ခုတော့ရှိပါသည်။ စပယ်တင်သည် အခြားမည်သည့် ဘားကျွမ်းမယ်များကမျှ လုံးဝစိတ်ကူးထဲ မထည့်ဝံ့သော အလုပ်တစ်ခုဖြစ်သည့် ဓားပေါက်ခံခြင်းကို ဓားဝိဇ္ဇာ ဦးဗလနှင့်တွဲကာ သက်ရှိပစ်မှတ်အဖြစ် တာဝန်ယူရဲသော မိန်းကလေးတစ်ဦးဖြစ်ပါသည်။ အမှန်စင်စစ်မူ ဤကိစ္စသည် ရေးကြီးခွင်ကျယ်မဖြစ်လောက်ပါ။ ဦးအောင်မောင်း၏ သဘောဆုံးဖြတ်ချက်သာ အဓိကဖြစ်သည်။ ဤပြကွက်တခုကို ချန်လှပ်ကာ အရေးပေါ် အခြားစိတ်ဝင်စားစရာ ပြကွက်တခု အစားထိုးလျှင်လည်း ဖြစ်သည်။

ယခုမူ နှစ်ပေါင်းများစွာ သစ္စာရှိရှိ လက်တွဲခဲ့သူ လူရွှင်တော်နှံ့ပြီစုတ်၏ မျက်နှာကိုမျှ မငဲ့တော့ပဲ စာချုပ်စကား၊ ငွေကြေးစကားခေါ်လာခြင်းကို နှံ့ပြီစုတ်တစ်ယောက် အသည်းနာမိသည်။ နှံ့ပြီစုတ်၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ ပြောင်အကျပ်ကိုင်ရန်မသင့်သဖြင့် ဦးအောင်မောင်းက တနည်းတဖုံ ဉာဏ်ဆင်ပြန်သည်။

“သည်လိုလုပ်ဗျာ၊ ဓါးပေါက်ခန်းအတွက် စပယ်တင့်နေရာမှာ လူစားထိုးဝင်ရပ်ရဲမယ့်သူတစ်ယောက် ကိုငြိမ်းကရှာပေးရမယ်”

နှံ့ပြီစုတ်ခေါ် ဦးငြိမ်း ဝမ်းသာသွားသည်။

“ဖြစ်ပါတယ် ဆရာ၊ ကျွန်တော်ကိုယ်တိုင်ပဲ ဝင်ရပ်ပေးပါ့မယ် ဆရာ”

နှံ့ပြီစုတ်က အားတက်သရော ပြောသော်လည်း ဦးအောင်မောင်း

တာပေါ့လေ။ စားရတဲ့ အစားက ငုံးဥပြုတ်၊ ကြက်ဥပြုတ်၊ ဘဲဥပြုတ်၊ တစ်မျိုးမျိုးရဲ့ ဥအနှစ်ကို ဖွန်းထဲထည့် ရေပျစ်ပျစ်နဲ့ဖျော် . . . ဖောင်တိန်မင်စုပ်ပိုက်နဲ့ စုပ်ပြီး ကျုပ်တို့နေတဲ့ ရေကန်ထဲကို တစ်ချက်ချင်း တစ်ချက်ချင်း ညှစ်ပြီးခါချတဲ့ အရည်တွေပါ။

ကျုပ်တို့လည်း သေဆုံးသွားတဲ့မောင်နှမတွေကြောင့် ထင်သလောက် အလွန်အကျွံမစားရဲတော့သလို ကျုပ်တို့ကို အစာကျွေးတဲ့နှုန်းလည်း လျော့သွားပါတယ်။ သည့်ကြားထဲက တဖြည်းဖြည်း သေကုန်တဲ့ငါးတွေကြောင့် ကျုပ်တို့အရေအတွက်တွေ လျော့သထက် လျော့ကုန်ပါတယ်။

အသက်အားဖြင့် လူ့သက်တမ်းနဲ့ ယှဉ်ရင် ဆယ့်လေးငါးရက်လောက် အကြာမှာ ကျုပ်တို့စားရတဲ့အစာဟာ တစ်မျိုးပြောင်းလာပါတယ်။

ရေညှိပြင်ပေါ်မှာ လန်းလန်းလန်းလန်း နဲ့ လှုပ်ရှားနေတတ်တဲ့ အပ်ချည်မျှင်သာသာ နီညိုရောင် တီကောင်မျှင်လေးတွေကို မြင်ဖူးကြမှာပါ။ အဲသည့် တီကောင်တွေ အထွေးလိုက်ကို ပိတ်စတင်းတင်းထူထူပေါ်မှာတင် မှတ်ဆိတ်ရိတ်ဓါးလို ဓါးထက်ထက်နဲ့ နုပ်နုပ်စင်းထွက်လာတဲ့ သွေးတွေကို ပိတ်သားက စုပ်ပစ်လို့ သွေးကင်းစင်ပြီး မှုန့်ညက်နေတဲ့ အသားစကလေးကိုမှ ကျုပ်တို့စားဖို့ ရေထဲချကျွေးလာတာကို ကျုပ်တို့တစ်ပျော်တစ်ပါးကြီး လက်ရည်တစ်ပြင်တည်း စားကြရပါတယ်။

အဲသည်အချိန်မှာ ကျုပ်တို့အဖေ ဖြစ်တဲ့ငါးကြီးအတွက် ကျလာတဲ့ အစာက ခုနပြောတဲ့ တီကောင်မျှင် အရှင်လတ်လတ်တွေပေါ့။ ရေထဲရောက်လာတဲ့ တီကောင်အရှင်လေးတွေကို မလွတ်တမ်း ကူးခပ်ပြေးလွှား ဟပ်ရင်း စားနေတာကို ကျုပ်တို့အားကျပေမယ့် တီကောင်အရွယ်ကိုက ကျုပ်တို့ပါးစပ်နဲ့ မဆန့်တာမို့ အနားတောင် မကပ်ရဲဘူးပေါ့ဗျာ။

သက်ရှိသတ္တဝါတွေမှာ မွေးတယ်ဆိုရင် မိဘဆိုတာ ရှိတတ်ပေမယ့် ကျုပ်တို့မှာ အမေဆိုတာ ဘာလဲလို့ ခုထက်ထိမသိရသေးပါဘူး။ အမိမဲ့သား ရေနည်းငါးဆိုတာ တယ်မှန်တာပဲ၊ ဟုတ်တယ်လေ။ ကျုပ်တို့နေရတာကိုက ရွှံ့နဲ့ လုပ်ထားတဲ့ ပန်းအိုးကို အောက်ခြေအလုံပိတ်ပြီး

က ခေါင်းကို တွင်တွင်ခါယမ်းယင်း

“မဟုတ်သေးဘူး ကိုငြိမ်း၊ ပရိသတ်က ခင်ဗျားကို ဟာသအနေနဲ့သာ စွဲပြီးလက်ခံနေတာ။ အခုလို သည်းထိတ်ရင်ခုန် ဘဝင်တုန်ပြကွက်မျိုးက အရွယ်လဲ ငယ်ရမယ်၊ ပရိသတ်ကလဲ ချစ်ရမယ်၊ ပရိသတ် ရင်တမမဖြစ်စေနိုင်တာက ခင်ဗျားသမီးလို သတ္တိကောင်းတဲ့၊ ချစ်စရာကောင်းတဲ့ မိန်းမပျို အရွယ်မျိုးမှ ဖြစ်မှာ။ ဒါမှမဟုတ်ယင်လဲ ပရိသတ်ကသနားမယ့် ကရုဏာသက်မယ့် ကလေးငယ်မျိုး၊ အဲဟုတ်ပြီ၊ ကလေး။ ဖြစ်တယ် ဖြစ်တယ်”

ဦးအောင်မောင်းက နှုပြီစုတ်၏ သားအငယ်ဆုံး မောင်သံမဏိကို ငဲ့စောင်းကြည့်ယင်း ပြောလိုက်သည်။ နှုပြီစုတ်က သူတို့နှစ်ယောက် စကားအချီအချ ပြောနေသည်ကို စိတ်ဝင်တစား နားထောင်ယင်း ရပ်ကြည့်နေသည့် သားငယ်အား မားမားမတ်မတ်ကြီး ရပ်နေသော သူ၏ရင်ခွင်အောက်သို့ တယှာတယာ ဆွဲသွင်းကာ

“မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော့်သားက အသက်တောင်ဆယ်နှစ်ပြည့်တတ် သေးတာမဟုတ်ဘူး။ တခြားတခြားနည်းစီစဉ်ကြည့်ပါဦး ဆရာရယ်၊ ရှိကြီးခိုးပါရဲ့ သားလေးကိုတော့”

“အို အို ကျွန်တော်က အတင်းအကျပ်မဆိုလိုပါဘူး။ ခင်ဗျားမှာ လျော်စရာငွေနှစ်ထောင်မျိုး သုံးထောင်မျိုးရှိခဲ့ရင်၊ ဒါမှမဟုတ် ခင်ဗျားသမီးရဲ့ မင်္ဂလာဦး ကာလမှာ ရုံးပြင်ကနားအမှုအခင်းမျိုး ရင်ဆိုင်နိုင်စွမ်းရှိခဲ့ယင် ဘာမှတောင် စကားရှုပ်စရာ မလိုဘူးပေါ့။ အခုဟာကလဲ ခင်ဗျားသားတော် မောင်ကို မေးဦးမှာပါ။ ဘယ်လိုလဲကွ မောင်သံမဏိ မင်းအဖေနဲ့ မင်းမမ အခက်အခဲဖြစ်”

“ဒီမှာဆရာ၊ ကလေးကို ကျွန်တော်တို့ စီးပွားရေးကိစ္စတွေ မပြောပါနဲ့၊ ကျွန်တော်မကြိုက်ဘူး”

“ကောင်းပါပြီတဲ့ ဗျာ။ ကဲ မောင်သံမဏိ မင်းက နာမည်နဲ့လိုက်အောင် စိတ်ကလဲ သံမဏိလို ခိုင်မှာပါ၊ ဟုတ်လား။ မင်းဓားဝိဇ္ဇာကိုဗလရဲ့ ဓားပေါက်ခန်းကို ကြည့်ဖူးတယ် မဟုတ်လား။ ဘယ့်နှယ်လဲ၊ မင်းမမရဲ့နေရာမှာ မင်းအစားထိုး ဝင်ရပ်ရဲပါ့မလား။ မင်းကိုမထိအောင် ကပ်လွဲကလေး

ပေါက်မှာပါကွ။ အေး မင်းရဲ့ခေါင်းပေါ်က ပန်းသီးကိုတော့ ထိအောင် ပေါက်ပြလိမ့်မယ်။ ဘယ်လိုလဲ၊ ဝင်ရပ်ရဲပါ့မလား”

“အို မဖြစ်ဘူး။ မဖြစ်ဘူး။ ကျုပ်သားဓားပေါက်ခံလို့ ဘယ်ဖြစ်ပါ့မလဲ မဟုတ်တာ ကြံကြီးစည်ရာ”

နှုပြီးစုတ်က ကြောက်လန့်တကြား ငြင်းဆန်သည်။ ဦးအောင်မောင်းက တင်းမာသောလေသံ၊ ခက်ထန်သော မျက်နှာထားဖြင့်

“ဒါဖြင့်ယင်လဲ ပြီးတာပဲ။ ခင်ဗျားသမီးကိုစွ၊ ငွေနှစ်ထောင့်ငါးရာလျော်၊ မလျော်နိုင်ယင် ထောင်ကျခံပေါ့၊ ဟုတ်လား”

မောင်သံမဏိသည် ချွေးသီး ချွေးပေါက်များစို့ကာမျက်စိမျက်နှာပျက်နေသည့် ဖခင်၏ အကျပ်အတည်းကို ရိပ်စားမိရုံမက၊ ဖခင်အားသူ့ရှေ့တွင် မာန်မဲပြောဆိုနေခြင်းကို မခံချင်စိတ် ဖြစ်လာသည်။ တဆက်တည်းတွင် အစ်မဖြစ်သူ အဖမ်းခံနေရမည့် အရေးကို တွေးကာစိုးရိမ်လာမိပြီး လူကြီးကလေး တဦးပမာသွက်သွက်လက်လက် ဝင်ပြောလိုက်တော့သည်။

“ဖြစ်ပါတယ် အဖေရဲ့၊ လေးလေးဦးဗလလက်တည့်တာ သားလဲ အသိသားပဲ၊ သစ်သားပြားကြီးရှေ့ ငြိမ်ငြိမ်ကလေးရပ်နေရတာပဲ၊ ဘာခက်တာလိုက်လို့၊ မမဆိုယင် အဲဒီစက်ဝိုင်းပြားကြီး လည်တဲ့အတိုင်းလိုက် လည်ရတာ ရဟတ်စီးရသလိုပဲလို့တောင် ပြောဖူးသေးတယ်။ ကျွန်တော် ရပ်ရဲပါတယ်။ လေးလေးဦးဗလကို သားယုံပြီးသားပါ”

“လာပြန်ပြီ တကောင်။ မင်းတို့မောင်နှမဟာ မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုး ညှဉ်းဆဲနေကြတာပဲ။ ဟင် ဟိုဟာမတုန်းကလဲ ဒီလိုပဲ။ ဖအေမအေက မကြည့်ရက်မမြင်ရက်လို့ ရသလောက်လေးနဲ့ပဲ စားပါရစေ သမီးရယ်၊ အန္တရာယ် သက်စွန့် ဆံဖျားနဲ့တော့ ကျေးဇူးမဆပ်ချင်ပါနဲ့ ကွယ်လို့ ထိုင်မရှိခိုးရုံတမယ် ပိုင်းတောင်းပန် နေတဲ့ကြားက မိဘမသိအောင် စာချုပ်မှာ လက်မှတ်ထိုးလိုက်သတဲ့၊ ငါတားလို့ မရခဲ့ဘူး။ အခုလဲတကောင် လာပြန်ပြီ၊ စပယ်တင်ရဲ့ မောင်စပယ်တင်လိုပဲ လုပ်လာပြန်ပြီ၊ ငါတယ်”

ထိုစဉ် စကားဝိုင်းသို့ ဓားဝိဇ္ဇာဦးဗလရောက်လာ၍ စကားစပြတ်သွားကာ ဦးအောင်မောင်းက ဆီးကြိုပြီး

“ဟော ကိုဗလ၊ လာဗျာ။ အခုပဲခင်ဗျားအကြောင်း ပြောနေကြတာ ဒီလိုပါ”

ဦးအောင်မောင်းက အခြေအနေကို အသေးစိတ် ရှင်းပြသည့်တွင် ဦးဗလက သေသေချာချာ နားထောင်ပြီး

“ကျွန်တော်ကတော့ ကိုယ့်ပညာအတိမ်းအစောင်း မဖြစ်အောင် အာမခံနိုင်ပါတယ်လေ၊ ဒါပေမယ့် နှုံပြီစုတ်တို့သားအဖက ယုံဖို့အရေးကြီးတာ ပါ။ ဘယ်လိုလဲ ကိုငြိမ်း၊ ကျွန်တော့်အပေါ် ယုံကြည်မှုရှိရဲ့လား”

နှုံပြီစုတ်က ခေါင်းကို မညိတ်ချင် ညိတ်ချင် ညိတ်ပြသည်။

“ကဲပါလေ၊ နှုံပြီစုတ်ကြီးလဲစိတ်ချမ်းသာအောင်၊ ကိုအောင်မောင်း လဲ အဆင်ပြေအောင် ကျွန်တော်ညှိပေးပါ့မယ်၊ ဒီလိုလုပ်၊ စက်ဝိုင်းပြားလည်တဲ့ အစီအစဉ်ကို ကျွန်တော်ဖြုတ်ပစ်လိုက်မယ်။ စက်ဝိုင်းကို လှည့်ပေးစရာ မလိုတော့ဘူး။ ဒီအဝိုင်း ငြိမ်ငြိမ်ကလေးရပ်နေရင် ပြီးတာပဲ။ သည်လောက် တော့ နှစ်ဘက်စလုံးက သဘောတူကြပါ”

ဦးအောင်မောင်းသည် ဦးဗလ၏ စကားကိုလက်မခံချင်သော်လည်း အားနာပါးနာ သဘောတူလိုက်သည်။ နှုံပြီစုတ်ကြီး ဦးငြိမ်းခမျာ ခေါင်းငိုက်စိုက် ချ ငြိမ်သက်နေရုံမှ တပါးဘာမျှ မတတ်နိုင်ရှာတော့ပါ။

ပြပွဲအချိန် တဝက်ကျိုးလုပြီ။

ပြကွင်း ပြကွက်အများအပြား ပြသပြီး၍ ပရိသတ်များ မျက်စိ ညောင်း နားအူကာ ရိုးအီ၍လာချေပြီ။ လူရွှင်တော် ဖျိုင်းကလေးနှင့် ဒေါင်းကြီး တို့က ဇာတ်ခုံနောက်သို့ ဝင်သွားသည်။ လူရွှင်တော် နှုံပြီစုတ်တယောက် တည်း ကျန်နေခဲ့ရာမှ

“မြွေကြီးတော့ နဂါး။ ကျားကြီးတော့ ဗျက်၊ ငှက်ကြီးတော့ ဂဠုန်လို့ ဆိုကြသကိုး။ အဟမ်း။ အခုတော့ ဂဠုန်ငှက်ကို အမှန်ချိုးသုတ်မယ့် ကျွန်တော် နှုံပြီစုတ်။ အဲ နှုံပြီစုတ်တို့ ဘာဆက်လုပ်ကြမလဲ။ ရွှေပွဲလာ ပရိသတ်တို့က တွေးကောင်းတွေးနေကြမယ်၊ အခုအစီအစဉ်က ဦးနှောက် ကြည်လင်စိတ်ပျော်ရွှင်ဆိုတဲ့ ကဏ္ဍအစီအစဉ်။ အဓိက တင်ဆက်မယ့် ပုဂ္ဂိုလ်က ဦးသမာဓိပါတဲ့ခင်ဗျား”

ထိုသို့ ကြေငြာပြီးသည့်နောက် အကြားအမြင်ပညာရှင် ဦးသမာဓိက စင်မြင့်ရှေ့သို့ ထွက်လာကာ ပရိသတ်များကို ဦးညွှတ်ဂါရဝပြုလိုက်သည်။ နှံ့ပြီစုတ်သည် သစ်သား သင်ပုန်းတချပ်ကိုယူကာ မြေဖြူခဲအသင့်နှင့်စောင့်နေသည်။ ဦးသမာဓိက မျက်နှာကို ပဝါနက်ဖြင့်စည်းကာ ခပ်လှမ်းလှမ်းအကွာတွင် ကျောခိုင်း၍ ရပ်နေလိုက်သည်။

နှံ့ပြီစုတ်ကသင်ပုန်းပေါ်တွင် မြေဖြူဖြင့် ရေးချင်ရာစာသားများ၊ ကိန်းဂဏန်းများ၊ အရုပ်များ၊ စက်ဝိုင်း၊ လေးထောင့်များ လျှောက်ရေးသည်။ ဦးသမာဓိက မလွဲတမ်းမှန်အောင်ပြောနိုင်၍ ပရိသတ်များ သဘောကျနေကာ နှံ့ပြီစုတ်၏ ဟာသအမူအရာကြောင့် တဝါးဝါးပွဲကျနေတော့သည်။

ထိုစဉ်တွင် ပရိသတ်တဦးက မကျေမနပ်ထအော်သည်မို့ ဇာတ်ရုံအခုလုံး ငြိမ်ကျသွားသည်။

“လုပ်မနေနဲ့၊ ဇာတ်တိုက်ထားတာဟေ့။ ရိုးနေပြီ။ အလွတ်သင်ထားတာတွေ၊ တောမှာသွားပြကွ”

နှံ့ပြီစုတ်က စိတ်မဆိုးပဲ စပ်ဖြီးဖြီး အမူအရာဖြင့်

“အစကတည်းက ဒီလိုထင်ကြလိမ့်မယ်ရယ်လို့ တွက်ပြီးသားပါခင်ဗျား။ ဒါဖြင့် ဒီလိုလုပ်ပါ၊ ကျွန်တော်တို့က ပရိသတ်များ စိတ်ကြိုက်ပညာစမ်းခွင့် နာရီဝက် ပေးပါ့မယ်၊ တယောက်ပြီးတယောက် စင်မြင့်ပေါ်တက်လာပြီး နှစ်သက်ရာ မေးခွန်းသုံးခုစီကို မေးကြပါဗျာ။ ဂဏန်း၊ နံပါတ်၊ ပစ္စည်းအမျိုးအမည်၊ အချိန်နာရီ စသည်ဖြင့် အကောင်အထည်နဲ့ ရေတွက်လို့ရတာကို သာမေးကြည့်ပါ။ ဉာဏ်စမ်းသဘောမျိုးပေါ့။ ကဲ ဦးသမာဓိ ခင်ဗျား ပညာကို ပရိသတ်တွေနဲ့ ဆွေးနွေးလိုက်ဦးပေါ့၊ ကျွန်တော်ကတော့ ဘိုင်စကုတ်ထဲမှာ ကိုယ့်သမီးတူမကို လာလာပိုးနေတဲ့၊ ကိုယ်ကသဘောတူတဲ့ ကောင်လေးတယောက်လာယင် မိဘအုပ်ထိန်းသူတွေ ဟိုလိုလို ဒီလိုလိုလုပ်ပြီး ရှောင်ပေးမလို”

“ကဲ သမီးရေ။ မင်းကိုကို လာလည်သကွယ်၊ စကားပြောနှင့်နေဦး မေမေမင်းတို့အတွက် ရှောင်ပေး။ ဟုတ်ပေါင် ကော်ဖီသွားဖျော်လိုက်ဦးမယ်၊ ယာ့တာ”

နံ့ပြီစုတ်က ပြောပြောဆိုဆို ဇာတ်ခုံနောက်သို့ ဝင်သွားတော့သည်။

ပရိသတ်များက စင်ပေါ်သို့တယောက်ပြီးတယောက် တက်လာကာ ဦးသမာဓိအား ပညာစမ်းကြသည်။

“ခင်ဗျား အင်္ကျီအိတ်ကပ်ထဲမှာ ဘောပင်တချောင်း၊ ပိုက်ဆံနှစ်ဆယ်၊ သော့တွဲတစ်ခုရှိတယ်”

“အဲ ညီလေးလက်က နာရီဟာ တနာရီခွဲကိုပြနေမယ်၊ ဒါ မှားနေတယ်။ အချိန်မှန်ကဆယ့်နှစ်နာရီ တဆယ့်ကိုးမိနစ်ပဲ ရှိသေးတယ်၊ တမင်ရွှေ့ထားတာပါ”

“မိတ်ဆွေရဲ့ကားနံပါတ်က အ,မျဉ်းစောင်း ခုနှစ်သုံးနှစ်ငါး”

“ငါ့တူရဲ့ ဆယ်တန် နံပါတ်က ပဓောက်ဖဦးထုပ် နှစ်သုံးလေးလေး ရှစ် တစ် နှစ်၊ အင်္ဂလိပ်လိုက ယူဗွီ တူး သရီး ဖိုး ဖိုး အိတ်ဝမ်းတူး”

ပရိသတ်များ အံ့သြ ချီးမွမ်းကာ စိတ်ဝင်တစားရှိနေကြသည်။ ထိုအချိန်တွင် ဇာတ်ခုံနောက်ကွယ် အခန်းအကန့်ကလေး တခုထဲတွင်

“ဆရာ၊ ကိုဗလ”

“ဩော် ကိုငြိမ်းတို့ သားအဖ ပါလား၊ လာဗျာ ထိုင်၊ ကျွန်တော်လဲ အခုပဲ ဘုရားဝတ်ပြု အမျှအတန်းဝေ စိတ်ငြိမ်အောင် ပုတီးစိပ်နေတာ အခုပဲပြီးတယ်”

“ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်၊ အခုဆရာ့ကိစ္စတွေ ပြီးတာမြင်လို့ ဝင်လာတာပါ။ကဲ သား၊ မင်းဦးဦးကို ကန်တော့လိုက်သား”

မောင်သံမဏိက ဖခင်ညွှန်ပြသောနေရာတွင် ခပ်ယို့ယို့ ဝင်ထိုင်ကာ လက်အုပ်ချီလျက် မားဝိဇ္ဇာ ဦးဗလအား ကန်တော့ဝတ်ပြုနေသည်။

“မောင်သံမဏိလို့ ခေါ်ပါတယ် ဆရာ၊ ကျွန်တော့်သား အငယ်ဆုံးလေ၊ ဆွမ်းခံရင်း ၄က်သင့်တာပါ ဆရာရယ်၊ မအေကသူ့သမီး အလိမ္မာကြီး ရေးခဲ့တဲ့စာ အပို့ခိုင်းလို့ရောက်လာရာက အခုလိုအခြေအနေ ဖန်တီးလာဖြစ်တာပဲ”

“အေးဗျာ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကိုငြိမ်းမပူပါနဲ့”

“ကျွန်တော့် သားလေးမှာ အပြစ်ရှိရင် ခွင့်လွှတ်ပါ ဆရာရယ်”

“ဟာဗျာ ကိုငြိမ်းကလဲ ပေါက်ပေါက်ရှာရှာ၊ ကလေးက ဘာဖြစ်လို့ အပြစ်ရှိရမှာလဲ၊ ခင်ဗျားစိတ်တွေ သိပ်လှုပ်ရှားနေပြီ ကိုငြိမ်း၊ စိတ်အေးအေး ထားစမ်းပါ။ ခင်ဗျားသား အပ်ဖျားနဲ့ခြစ်မိတာလောက်တောင် မထိခိုက် စေရပါဘူး။ ကျွန်တော့်ကို ယုံစမ်းပါဗျာ”

“ယုံ ယုံပါတယ် ဆရာ၊ ဆရာ့ကို ယုံလဲ ယုံပါတယ်၊ ရှိသေလဲ ရှိသေပါတယ်၊ ဒါပေမယ့် ဆရာ၊ ဆရာ စိတ်မဆိုးဘူးဆိုရင် ကျွန်တော့်ကို စကားနည်းနည်း ပြောခွင့်ပြုပါလား ဆရာ”

“ဟော မဆိုးပါဘူး၊ ပြောပါဗျာ၊ ရဲရဲပြောပါ”

“ရေတံငါ ရေမှာသေရတယ်၊ မြွေသမား မြွေကစားရင်း သေရတယ်၊ ကားအကြောင်း ကျွမ်းတဲ့သူဟာလဲ ကားမောင်းရမ်းလို့ ဒုက္ခရောက်ရတယ် ဆရာ၊ ဘယ်လောက်ကျွမ်းကျင်တဲ့ လုပ်ငန်းရပ်ဖြစ်ပါစေ၊ တချိန်မဟုတ် တချိန်တော့ မတော်တဆ ဖြစ်တတ်ကြပါတယ် ဆရာ။

“ဒါပေမယ့် ဆရာကို ဓားကစားတဲ့ ဓားသမားတယောက်အတွက် မတော်တဆမှုဟာ ဆရာ့ကို အန္တရာယ်မဖြစ်နိုင်ပါဘူး ဆရာ။ တကယ်တမ်း ပြောရရင် သူများတကာတွေက ကိုယ့်ပညာနဲ့ ကိုယ့်အသက်ကို လောင်းကြေးထပ်ကြပြီး ကိုယ်မှား ကိုယ်ခံကြသူတွေပါ။ အဲ ဓားပေါက်ကစားသူနဲ့ ဓားပေါက်ခံသူတို့ ကျတော့ သူများအသက်နဲ့ ကိုယ့်ပညာ၊ သူများပညာနဲ့ ကိုယ့် အသက်မျက်စိ စုံမှိတ်ပြီး မဆီမဆိုင် လောင်းကြေးထပ်ထားရတာပါ။

“ရှင်းရှင်း ပြောရရင် ဓားပေါက်ခံ ရပ်ပေးရတဲ့သူဟာ အစွန့်စားရဆုံးသူတဦးပါလို့ပြောရင် ရပါတယ်၊ ကျွန်တော့် သမီးစပယ်တင်ဟာ ပရိယေသန ဝမ်းစာရေးအတွက် မိဘကိုငဲ့ပြီး သူ့ရဲ့အသက်ကို ဆရာ့ပညာ ဘက်က ရဲရဲရင့်ရင့် လောင်းကြေးတင်ခဲ့တဲ့သူပါ၊ ဆရာတချက်လက်ချော်ရင် သူသေမှာ သိပါတယ်၊ ဒါပေမယ့် ထမင်းဆရာ၊ ထမင်း။ ဒီထမင်းလေး တလုပ်စာ စားခွင့်ရဖို့အတွက် မိဘက မလုပ်စေချင်တဲ့ အလုပ်ကို မိဘ စကား နားမထောင်ပဲ မိုက်မဲခြင်းနည်းနည်း၊ လိမ္မာခြင်း တပုံတခေါင်းနဲ့

ရှာဖွေကျေးဇူး ဆပ်ခဲ့တာပါ။

"အခုတော့ သူ့ချစ်သူက မိဘတားမရတဲ့ သမီးကိုရအောင် တားမြစ်သွားခဲ့လို့ ရင်အေးရပြီ မှတ်တာ၊ ငွေရေးကြေးရေးစာချုပ် အရှုပ်အရှင်းကြောင့် ကျွန်တော့်သားကလေးက ဓားပေါက်ရာ ဝင်ရင်ဘတ် ကာပေးရတဲ့ဘဝရောက်ခဲ့ရပြီ ဆရာ။ စားစရာမရှိတဲ့ကြား လျော်စရာဖြစ်လာတော့ ကျွန်တော် ဘာတတ်နိုင်မှာလဲ ဆရာရယ်။ ဖအေနဲ့ အစ်မအတွက် မခံချင်စိတ်ကြောင့် ဖွတ်တရွတ် ခေါင်းညိတ်ပေမယ့် ဆယ်နှစ်တောင် မပြည့်တတ်သေးတဲ့ ကလေးပါ ဆရာရယ်။ ဇာတ်ခုံအောက်က လက်ခုပ်သံ တဖြောင်းဖြောင်းတီးပြီး ဩဘာပေး သဘောကျတဟ်တဲ့ ပရိသတ်အဆင့်ပဲ ရှိတာပါ။

"ဒီလူမမည်လေးက စာချုပ်သက်တမ်းပြည့်တဲ့အထိ ပွဲစဉ်ပေါင်းများစွာမှာ ဆရာနဲ့ တွဲရတော့မယ်၊ တကြိမ်မဟုတ် တကြိမ်မတော်တဆဆိုတာ ဖြစ်ခဲ့ရင် . . . ။ ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ။ ကျွန်တော့်ကိုသနားရင် သားကလေးနဲ့ ဓားပေါက်ကစားတဲ့ အခါတိုင်းပိုပြီး ဂရုစိုက်ပေးပါဆရာ။ သားကလေး ဘေးမသီရန်မခအောင်စောင့် ရှောက်ပေးပါ၊ ကျွန်တော် ဆရာ့အတွက်ကျွန်တယောက်လို သိတတ်ပြီး ကျေးဇူးဆပ်ပါ့မယ် ဆရာရယ်"

လူရွှင်တော်ကြီး နှံ့ပြီစုတ်က လိမ့်ကျစီးဆင်းလာသော မျက်ရည်စများကို သုတ်မပစ်ပဲသည်အတိုင်း ငေးမော ငြိမ်သက်နေပါသည်။ ထိုစဉ်ခရာတုတ်သံတိုတချက် ထွက်လာသည်။

"ဟော ကျွန်တော့ အလှည့်ရောက်လာပြန်ပြီ၊ ဒါပြီးရင် ဆရာ့အလှည့်ပဲ။ သား၊ ဦးဦးဗလနဲ့ နေခဲ့ဦးနော်၊ အဖေ သွားရဦးမယ်"

"နှံ့ပြီစုတ် ဇာတ်ခုံပေါ်ရောက်ပြီး ခေတ္တမျှကြာသွားသည်။

"ရွှေပွဲလာ ဧည့်ပရိသတ်များ ခင်ဗျာ၊ အခု နောက်ထပ် တင်ဆက်မယ့် အစီအစဉ်ကတော့ ဓားဝိဇ္ဇာ ဦးဗလရဲ့ သည်းထိတ်ရင်ခုန်ဘဝင်တုန်ကဏ္ဍဖြစ်ပါတယ်၊ စောင့်မျှော်ကြပါခင်ဗျား"

နှံ့ပြီစုတ်က ဦးညွှတ်နှုတ်ဆက်ကာ ဇာတ်ခုံနောက်သို့ ပြန်ဆင်းသွားတော့သည်။

ဓားဝိဇ္ဇာ ဦးဗလသည် ဓားသေတ္တာကိုဆွဲလျက်ဇာတ်ခုံပေါ်သို့ တက်ခဲ့သည်။ ဇာတ်ခုံတဘက်ထောင့်ရှိ စားပွဲငယ်ပေါ်တွင် ဓားသေတ္တာကို တင်၍ ဖွင့်ကာ ဓားများကို စစ်ဆေးနေချိန်၌ လူရွှင်တော် ဖျိုင်းကလေးက ပစ်မှတ်သစ်သား စက်ဝိုင်းပြားကို တခြားတဘက်တွင် စိုက်ထူလိုက်သည်။

ထို့နောက် နှစ်ယောက်သား ပရိသတ်ရှေ့ထွက်လာကာ ပြိုင်တူ ဦးညွှတ် အလေးပြုလိုက်သည်။ ပြီးလျှင် ဦးဗလက မျက်နှာကို ပဝါနက်စည်း လျက် ပစ်မှတ်ကို ကျောခိုင်းက ရပ်သည်။ ဖျိုင်းကလေးက နောက်ကိုဆုတ်၍ လက်ထဲမှ ဖျောက်အိုးသေနတ်ကို မိုးပေါ်သို့ထောင်ကာ

“ရယ်ဒီ ဖြစ်ပြီလား”

“ရယ်ဒီ”

“ကဲ ဝမ်း တူး သရီး၊ ဒိုင်း ဒေါက်”

“ဒိုင်း ဒေါက် ဒိုင်း ဒေါက်”

သေနတ်သံနှင့်ဓားပစ်စိုက်သံတို့ ဆက်တိုက်မှန်မှန်ထွက်ပေါ်နေရာ ဇာတ်ရုံတခုလုံး ငြိမ်သက်နေပြီး မျက်တောင်မခတ်တမ်း ရှုစားနေကြသည်။ ဦးဗလသည် ခြေထောက်နှင့်ကိုယ်ကို အသေရပ်ကာ ပခုံးနှင့်လက်ကိုသာ လှုပ်ရှားလျက် လက်ကို အပေါ်မှကျော်၍ ဓားမှဝိုက်၍ အောက်မှလွဲပင့်၍ ဓားများကို တစင်းပြီး တစင်း မကြည့်တမ်းပစ်လွှတ်သည်။ ဓားဆယ်ချောင်း ကုန်၍ ခေတ္တရပ်ကာ ခေါင်းမှပဝါကိုဖြုတ်လိုက်သည်။ လူရွှင်တော် ဖျိုင်း ကလေးက ပစ်မှတ်စက်ဝိုင်းပြားကို ပရိသတ်မြင်သာအောင် ပြလိုက်သည်။ ဓားဆယ်ချောင်းမှာ စက်ဝိုင်းပုံသဏ္ဍာန်အတိုင်း စိုက်နေသည်။

‘‘ဟယ်၊ ဖြောင်း ဖြောင်း ဖြောင်း’’

အံ့အားသင့် အာမေဋိတ်သံ လက်ခုပ်သံများထွက်ပေါ်လာသည်။

သည်တကြိမ်တွင် ဦးဗလ ပဝါမစည်းတော့။ အတည့်အတိုင်းရပ် ကာ သေတ္တာတွင်း ကျန်သောဓားများကို စစ်ဆေးကြည့်သည်။ ကျေနပ်သည် နှင့် ဖျိုင်းကလေးအား အဲချက်ပေးလိုက်သည်တွင် ဖျိုင်းကလေး၏ ဝဲဘက် သက်သည် ပစ်မှတ်စက်ဝိုင်းကို ထက်အောက်အတိုင်း နာရီလက်တံလှည့် သလို လှည့်ပေးလိုက်ပြီး ယာဘက်လက်က ဖျောက်အိုးသေနတ်ကို ပစ်

ဖောက်လိုက်သည်။

"ဒိုင်း ဒေါက်၊ ဒိုင်း ဒေါက်၊ ဒိုင်း ဒေါက်"

နောက်ထပ် ဓားဆယ့်ငါးချောင်းပစ်လွှတ်ပြီးနောက် စက်ဝိုင်းပြား အရှိန်သတ်ကာ ပရိသတ်ဘက်သို့ ပြလိုက်သည်။ ပထမဓားစက်ဝိုင်းငယ်တွင် အပြင်ဘက်မှ ဂငယ်ပုံ ငုံ၍အောက်ခြေတွင် ဓားသုံးချောင်းက တစ်ချောင်းငင် ပုံသဏ္ဌာန် ထက်အောက် တန်းစီ၍ စိုက်နေသည်။

ဩဘာလက်ခုပ်သံများ တဖြောင်းဖြောင်းထွက်ပေါ်လာပြန်သည်။

"ဟယ်"

ပရိသတ်များက အထူးအဆန်း မဟုတ်၍လုံးဝ အံ့အားမသင့်တော့ပဲ ရှိနေစဉ် အဖွဲ့သူ အဖွဲ့သားများက အထိတ်တလန့်ဟယ်ကနဲ ဖြစ်သွားကြသည်။ အမှန်အားဖြင့် ဆယ့်ငါးချောင်းသော ဓားအားလုံးသည် ပြင်ပစက်ဝိုင်း အဖြစ်တည်ကာ ဝလုံးကြီးငယ် နှစ်ထပ်ကဲ့သို့ဖြစ်နေရပေမည်။ ယခုမူ ဓားသုံးချောင်းကချော်၍ စိုက်နေသည့် အဖြစ်အား အဖွဲ့သားများမှအပ မည်သူကမျှ မရိပ်မိလိုက်ကြ။

ပရိသတ်များက တမင်တကာပုံစံလုပ်အောင်ထွင်၍ ပစ်သည်ဟု ယူဆပြီး သဘောကျ၍ မဆုံးတော့။

ဖျိုးကလေးက နှံ့ပြီစုတ်အားလှမ်းကြည့်ရင်း သက်ပြင်းတချက်ချ လိုက်သည်။ ကန့်လန့်ကာနောက်ကွယ်မှာ ချောင်းကြည့်နေသော နှံ့ပြီစုတ်၏ မျက်နှာ မည်းကနဲဖြစ်သွားသည်။ နှံ့ပြီစုတ်နှင့် ဖျိုးကလေးတို့၏ အမူအရာကို ကြည့်ကာ ဓားဝိဇ္ဇာ ဦးဗလခမျာ ရှက်စိတ်ဖြင့် မျက်နှာတပြင်လုံး ရဲကနဲ ဖြစ်သွားသည်။

ဦးအောင်မောင်းသည် မောင်သံမဏိအား ဇာတ်ခုံပေါ်တွင် ပြောရမည့် စကားကို သင်ပေးနေသည်။

"မင်းကို ဖျိုးကလေးက မေးလိမ့်မယ်၊ အခုလို ဓားပေါက်ခံတာ ဘာဖြစ်လို့လဲ မေးရင်လေ၊ သားတို့ဗမာလူမျိုး ဇာတိမာန်ကို ကမ္ဘာက သိအောင်လို့ ပရိသတ်ရှေ့မှာ သေချင်သေပါစေဆိုပြီး စွန့်စားတာပါလို့ ပြောရမယ်နော်။ အေး။ ဇာတ်ခုံပေါ်ရောက်မှ ကြောက်သလိုလို လန့်သလိုလို

အထစ်ထစ်ငေါ့ငေါ့လုပ်နေရင် မင်းအဖေလဲ ပိုင်ဆံလျော်ရမယ်၊ မင်းအစ်မလဲ အဖမ်းခံရမယ်၊ ကြားလား''

မောင်သံမဏိက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါင်းကိုညိတ်ပြသည်။ ထိုစဉ် ဖျိုင်းကလေးရောက်လာကာ မောင်သံမဏိအား လာခေါ်သည်။

မောင်သံမဏိသည် သေမိန့်ကျတရားခံ လူသတ်ကုန်းသို့ လိုက်ပါလာရသလို တွန့်ဆုတ်တွန့်ဆုတ် လိုက်ပါလာရှာသည်။ ဇာတ်ခုံထက်ရှိ လူတရပ်မြင့်သော ပစ်မှတ်အသစ်သားပြားကြီးသည် ပွဲထဲတွင်ကြည့်ဖူးသော လူသတ်ရန်တင်သည့် ကားစင်ကြီးကဲ့သို့ ကြောက်စရာကောင်းလောက် အောင် တည်မှဲ့နေသည်။

ကန့်လန့်ကာကြားမှ နှံပြီစုတ်သည် သားဖြစ်သူကြားရအောင် တိုးမကျယ် လှမ်းအော်လိုက်သည်ကို ဓားဝိဇ္ဇာဦးဗလကြားလိုက်ရသည်။

“သားရေ၊ မကြောက်နဲ့ သား။ အဖေမင်းအနားမှာ ရှိနေတယ်နော် သား၊ နော်''

ဦးဗလရင်ထဲ နင့်ကနဲ ခံစားလိုက်ရသည်။ ဘာမှ မပြောပဲ ပရိသတ်ထုတွင် ဓားသေတ္တာကိုလှန်ကာ ဟိုလိုလို သည်လိုလို အချိန်ဖြုန်းရင်း စိတ်ငြိမ်အောင် ကြိုးစားသည်။ အဖွဲ့သူ အဖွဲ့သားများ ကိုယ့်အလုပ်ကိုယ် မလုပ်နိုင်ကြတော့ပဲ နေရာအမျိုးမျိုးမှနေ၍ ဝိုင်းအုံကြည့်ရှုနေကြသည်။

နှံပြီစုတ်သည်လည်း နေမထိထိုင်မသာဗျာများ နေရှာပြီ။

မောင်သံမဏိသည် ပစ်မှတ်စက်ဝိုင်းပြားရှေ့ရောက်လာပြီး မရဲတရဲ နေသည်။ ရှုထောင့်အနှံ့မှ မရေမတွက်နိုင်လောက်သောမျက်လုံးပေါင်းများစွာ ကိုရင်မဆိုင်ရဲတော့ပဲ မျက်လုံးအစုံမှာ မှေးမှိန် မှုန်ဝါးလာရာမှ ဦးဗလကိုသာ အသနားခံသောအကြည့်ဖြင့် ငေးကြည့်နေမိသည်။ ဦးဗလသည် သံမဏိ၏ မျက်လုံးဒဏ်ကိုမခံနိုင်တော့၍ မျက်နှာလွှဲပစ်လိုက်ရသည်။

ဖျိုင်းကလေးက မောင်သံမဏိမလှုပ်ရှားမိစေရန် သစ်သားပြား၏ [illegible]အပေါက်များမှ ဝှက်ကြိုးများကို ထုတ်ကာ လက်ကောက်ဝတ်၊ ခြေချင်းဝတ်တို့ကို လျှို၍ ခိုင်ခိုင်တုပ်နှောင်လိုက်သည်။ ပြီးမှ ပရိသတ်ဘက် ဦးညွတ်အလေးပြုကာ

လူတွေ အမြင်နဲ့ မဆိုသလောက် ရေနည်းနည်းလေးမှာ နေရတာကိုး။

တဖြည်းဖြည်းနဲ့ ကျုပ်တို့တစ်တွေသေတဲ့ ငါးလည်းသေကုန် ကြီးထွားတဲ့ ငါးတွေကလည်း ကြီးထွားလာတာမို့ ပန်းအိုးနဲ့ မဆံတော့လို့ အင်္ဂတေနဲ့ လုပ်ထားတဲ့အုပ်ရေကန်လေးထဲကို ကျုပ်အဖေနဲ့ ကျုပ်တို့အားလုံး ပြောင်းရွှေ့နေထိုင်ခဲ့ရပါတယ်။

အဲဒီနောက် ကာလအတန်ကြာ တစ်နေ့မှာတော့. . .

ကျုပ်တို့နေတဲ့ အုတ်ရေကန်လေးရဲ့ အမိုး နံရံပေါ်က တွားဆင်းလာတဲ့ အိမ်မြှောင်တစ်ကောင်ဟာ အုပ်ရေကန်ရဲ့ အအေးဓါတ် ကြောင့် ခြေရှိနေမှန်း သိသွားပုံရတယ်။ ရေသောက်ဆင်းလာတဲ့ အိမ်မြှောင် ကြောင့် ရေပြင်မှာ ဂယက်လှိုင်းထသွားတာမို့ ကျုပ်တို့ ငါးကလေးတွေ အထင်နဲ့ အပြေးအလွှား ရောက်သွားတယ်။ အိမ်မြှောင်ဟာ မထင်မှတ်ဘဲ ရောက် လာတဲ့ ကျုပ်တို့ကို အံ့အားတသင့်ကြည့်နေရာက ရလာတာတဲ့ အခွင့် အရေးကို လက်လွှတ်မခံဘဲ လျှင်မြန်တဲ့ နှုန်းနဲ့ ငါးတစ်ကောင်ကို ဖြတ်ခနဲ့ ဖမ်းစားလိုက်ပါရော။ ရေပြင် တစ်ခုလုံး ဝရုန်းသုန်းကား ဖြစ်ပြီး ကျုပ်တို့ အားလုံးလည်း ကြောက်လန့်တကြား ထွက်ပြေးကြရတယ်။

အဲသည်အချိန်မှာ မြူးဆို ကျုပ်တို့အဖေ ငါးကြီးဟာ ကမန်းကတန်း ရောက်လာပြီး ရေမျက်နှာပြင် အစပ်နားကအိမ်မြှောင်ကို ခုန်ဟပ်လိုက်လို့ အိမ်မြှောင်ဟာ ဝုန်းကနဲ လိမ့်ကျလာတယ်။ ကျုပ်အဖေနဲ့ အိမ်မြှောင်ဟာ ရေထဲမှာ ဘတပြန် ကျားတပြန် အပြင်းအထန်တိုက်ပွဲကြီးတခု ဆင်နွှဲနေရာက အိမ်မြှောင်ဟာ ရေပြင်မှာကူးခပ် ထွက်ပြေးယင်း နံရံပေါ်ကို ပြေးတက် လွတ်မြောက်သွားတယ်။

ကျုပ်အဖေရဲ့ ပါးစပ်ထဲမှာတော့ အိမ်မြှောင်ရဲ့ လက်တစ်ဘက်ဟာ လက်မောင်းရင်းကနေ ပြုတ်ထွက် ကျန်ရစ်ခဲ့တာကို ကျုပ်တို့မြင်လိုက်ရတာမို့ ကျုပ်တို့အားလုံး ကျွမ်းအထပ်ထပ်ထိုးမိသည်အထိ အားရဝမ်းသာ ဖြစ်မိရ တယ်။

သည်လိုနဲ့ နေလာလိုက်တာ ကျုပ်တို့လည်း လူလားမြောက် ဆယ်ကျော်သက်အရွယ်ရောက်. . . အဲလေ. . . ငါးလားမြောက်လို့

"အခု အချိန်မှစပြီး ဓားဝိဇ္ဇာဦးဗလဟာ သူ့ရဲ့သားအရင်း ဖော်ဗလ လေးရဲ့ ခေါင်းထက်မှာ ပန်းသီးတင်ပြီး ထိမှန်အောင်ပစ်ပေါက်ပြမယ့် ပြကွက်ကို ရွှေပွဲလာ ညော့ပရိသတ်များ ရှုစားတော် မူကြပါခင်ဗျား"

လူရွှင်တော် ဖျိုင်းကလေး၏ မဟုတ်တမ်းတရား စကားကြောင့် ဦးဗလနှင့်နှံ့ပြီစုတ်တို့ ပါးစပ်အဟောင်းသား ဖြစ်သွားချိန်တွင် ပရိသတ်များထံမှ သြဘာသံများ ထွက်လာသည်။ ထိုအချိန်တွင် ဖျိုင်းကလေးက မောင်သံမဏိ ၏ မျက်လုံးကို ပဝါနက်တထည်ဖြင့် စည်းနှောင် လိုက်သည်။

မောင်သံမဏိခမျာ ရောက်လာမည့် ဓားချက်ကိုတွေးကာ အသက်ရှူ မှားသည်အထိကြောက်ရွံ့လာမိသည်။ ရင်အုံကိုများလာပြီး မှန်လေမလား၊ လည်မျိုကိုများ စိုက်လေမလား၊ ဝမ်းဗိုက်ကို ဖောက်သွား မှာလား။ အတွေးပေါင်း များစွာဖြင့် ယောင်ယမ်းစမ်းသပ်ရန် လက်ကို လှုပ်ရှားလိုက်သည်။ မရပါ။ အပေါက်လျှို၍ တုပ်ထားသောကြိုးက လက်ကောက်ဝတ်တွင် လှုပ်မရအောင် တင်းကျပ်နေပေသည်။

ဖျိုင်းကလေးထံမှ အသံထွက်ပေါ်လာသည်။

"ကဲ အာဇာနည် ဖော်ဗလ ကလေးရေ၊ အခုလို သတ္တိရှိရှိ ဓားပေါက်ခံရတဲ့ ရည်ရွယ်ချက်ကို ဦးဦးဖျိုင်းနဲ့ တကွ ဟောဒီကရွှေပွဲလာ ညော့ပရိသတ်များက သိပ်သိချင် နေကြပါပြီကွယ်နော်၊ ဦးဦးကို ပြောပြပါလား ဟင်"

ဖျိုင်းကလေးက မိုက်ကရိုဖုန်းကို မောင်သံမဏိ၏ ပါးစပ်ဖျား ယူသွားကာ အသာကပ်ပေးသည်။

မောင်သံမဏိ၏ ပြင်းထန်သော အသက်ရှူသံ၊ ရင်တဒိတ်ဒိတ် သံများသည် အသံချဲ့စက်မှတဆင့် ဇာတ်ရုံတခုလုံး အတိုင်းသားကြားနေရ ပြီ။ နှံ့ပြီစုတ်သည် ကားလိပ်နောက်တွင် အသက်မရှိသလို တောင့်တောင့် ဖြစ်နေရာမှ မျက်လုံးအပြူးသားဖြေးလျက် ကြည့်လည်းမကြည့်ရက်၊ မျက် လည်း မလွှဲနိုင်ပဲ ရှိနေသည်။ နှံ့ပြီစုတ်၏ ရင်အုံသည် ဖားဖိုသကဲ့ နိမ့်ချည် မြင့်ချည်လှိုင်းထနေသည့်ကြားမှ သားဖြစ်သူ၏ စကားသံကိုသာ စွင့်နေမိသည်။

[illegible]

“ပြောလေကွယ်၊ မင်းသတ္တိရှိရှိနဲ့ ဓားပေါက်ခံရတဲ့ ရည်ရွယ်ချက်ကို”

“ဘ ဘ ဘဘကြီး ဦးအောင်မောင်းကို ကြောက် ကြောက်လို့ပါ”

“ဟယ်”

ဇာတ်ရုံအတွင်းရှိ လူအားလုံး ဟယ်ကနဲ့,တကာ ငိုင်ကျသွားတော့သည်။ ဦးအောင်မောင်း၏ မျက်နှာတခုလုံး ညှိုမည်းကာ ပြုတော့မည့်မိုးကဲ့သို့ ရှိနေပေပြီ။ နှံပြိုစုတ်ကား နေရာတွင်ပင် ခြေပစ်လက်ပစ် ထိုင်ကျကာ ယောက်ျားရင့်မာကြီးတန်မယ့် မျက်ရည်ဝိုင်းလျက် ရှိနေရာမှ ဟန်မဆောင်နိုင်တော့ပဲ တရှုပ်ရှုပ်ငိုလျက်။ ပရိသတ်များကလည်း တီးတိုးတီးတိုး ဒမျိုးမျိုး ဝေဖန်နေကြပေပြီ။

မျိုင်းကလေးကား ဘာဆက်ပြောရမည်မသိတော့။ ပဝါနက်အောက် ပါးပြင်ပေါ်သို့ စီးကျလာသည့် မောင်သံမဏိ၏မျက်ရည်များကို ကြည့်ကာ ငိုင်နေမိသည်။ မလှပသော အခြေအနေကြောင့် အလျင်အမြန်ဆုံး မဆောင်ရွက်လျှင် မဖြစ်တော့မှန်း ဦးဗလရိပ်စားလိုက်သည်။

မျိုင်းကလေးက ဦးဗလ၏ အရိပ်အကဲကိုကြည့်၍ အဆင်သင့်ဆောင်ထားသော ပန်းသီးတစ်လုံးကို မောင်သံမဏိ၏ ဦးခေါင်းထက်တွင် တင်လိုက်သည်။ ဦးဗလက ဓားသေတ္တာကိုဖွင့်ကာ ချီတုံ ချတုံ စဉ်းစားနေမိသည်။

ဦးဗလက တစုံတရာကိုတွေးကာ ယတိပြတ်ဆုံးဖြတ်ချက်ချ၍ ဓားတစ်ချောင်းထုတ်ယူလိုက်သည်။ ပြီးမှ စိတ်ကိုငြိမ်အောင် ထိန်းလျက် တလက်လက် တောက်ပြောင်နေသော ဓားမြှောင်အသွားကို လက်ချောင်းကလေးများဖြင့် သပ်နေသည်။

ပရိသတ်များ ငြိမ်သက်နေကာ အသက်ရှူသံများပင် တိတ်ဆိတ်သွားလေရော့သလား ထင်ရသည်အထိ အာရုံစူးစိုက်နေကြသည်။

ဦးဗလက ဓားကိုအသာစမ်းနေရာမှ ရုတ်တရက် မချိန်ရွယ်ပဲ ပစ်လွှတ်လိုက်သည်။ လျှပ်စစ်မီးအလင်းရောင် အောက်ဝယ်လျှပ်တပြက် ငွေကျည်ဆန်ကဲ့သို့ ရွေ့လျားသွားသော ဓားမြှောင်ဦးချွန်သည် မောင်သံမဏိ

၏ ဦးခေါင်းထက်မှ ပန်းသီးကိုထိမှန်ကာ ပန်းသီးရောဓားပါ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားသည်နှင့် တပြိုင်နက် မောင်သံမဏိ၏ဦးခေါင်းသည်လည်း ဆတ်ကနဲ ငိုက်ကျသွားတော့သည်။

ဗျိုင်းကလေးက မောင်သံမဏိ၏ မျက်နှာမှပဝါနက်ကို ခပ်မြန်မြန် ဆွဲဖြုတ်ရင်း အလန့်တကြားအော်သည်။

"က ကလေး သတိလစ်သွားပြီ"

အဖွဲ့သားများ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ဦးဗလက တောက်တချက် ပြင်းပြင်းခေါက်ရင်း ဓားသေတ္တာကို ဒေါသဖြင့်ပိတ်လိုက်သည်။ ပြီးမှ ကြမ်းပြင်ပေါ်ကျနေသော ဓားနှင့်ပန်းသီးကို ကောက်ယူကာ အံ့တချက်ကြိတ်လိုက်သည်။ ဇာတ်ခုံနောက်တွင် လူအများ ရုံးစုရုံးစုဖြစ်နေကြသည်။

"ဘာမှ မဖြစ်ပါဘူး၊ ကလေးကအကြောက်လွန်ပြီး သတိလစ်သွားတာပါ"

ဆပ်ကပ်လူရွှင်တော် အဝတ်အစား ဖိုးရိုးဖားရားနှင့် နံ့ပြီစုတ်က သားငယ်ကို ပွေ့ဖက်ထားသည်။ ဦးအောင်မောင်းက ကိုယ့်အပြစ်နှင့်ကိုယ် ငြိမ်ချက်သားကောင်းနေသည်။

ဦးဗလက ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ရောက်လာသည်။

"ဒီမှာ ကိုအောင်မောင်း၊ ဒီနေ့ကစပြီး လူကိုဓားနဲ့ ပေါက်ပြရတဲ့ ပြကွက်ကို ကျုပ်မပြတော့ဘူး။ ကျုပ်သဘောနဲ့ ကျုပ်ရုပ်သိမ်းတယ်၊ ဒါကိုမ ကျေနပ်ရင် နောက်ပွဲစဉ်တွေမှာ ခင်ဗျားကိုယ်တိုင် ထွက်ရပ်ပေးမှ ကျုပ်ဓားနဲ့ ပေါက်ကစားမယ်"

"ကျေ. . . ကျေနပ်ပါတယ်၊ ကိုဗလ သဘောပါပဲ"

"ထားပါတော့၊ ကျုပ်မေးစရာတခုကျန်သေးတယ်၊ တကယ်လို့ ခင်ဗျားကို ဓားနဲ့ထိုးမယ်၊ ပေါက်မယ်ဆိုရင် ခင်ဗျား ဘယ်လိုခံစားရမလဲ၊ ဥပမာဗျာ အခုအခ်ချက်ချင်းပေါ့"

ဦးဗလက တင်းမာသော မျက်နှာဖြင့် ရုတ်တရက် ချဉ်းကပ်လာသည်။ ဦးအောင်မောင်း ထပြေးရန် ကြံရွယ်သော်လည်း နောက်ကျသွားသည်။

ဦးဗလက ဦးအောင်မောင်း၏ ဝမ်းဗိုက်သို့ ဓားဖြင့် တချက်ပြီးတချက် ပင့်ထိုးပြီး ကျေနပ်အားရသော မျက်နှာထားဖြင့်. . .

"ရော့၊ နှံပြီစုတ်ကြီး၊ ခင်ဗျားသားကို ကျုပ်ပေါက်တဲ့ဓားနဲ့ ဦးအောင်မောင်းကို ဆုံးမပြီးပြီ၊ ခင်ဗျားသား နှိုးယင် ဒီဓားကိုပေးလိုက်။ ကျုပ် သွားအနားယူတော့မယ်"

လူအားလုံးသည် ဝမ်းဗိုက်ကို နှိပ်ကာမျက်လုံးကြီး ပြူးထွက်နေသော ဦးအောင်မောင်းကိုတလှည့်၊ နှံပြီစုတ်ကိုလက်ထဲမှ ဓားကိုတလှည့် ငေးကြည့်ကာ ကြောင်အမ်းအမ်း ဖြစ်နေကြသည်။

နှံပြီစုတ်၏လက်တွင်းမှ မဟူရာ နက်ပြောင်နေသော လက်ကိုင်နှင့် ဘော်ငွေရောင်တလက်လက်ထနေသော ရာဘာကြက်ပေါင်စေး ဓားသွား ဓားမြှောင်ကလေးကား လှုပ်ရှားလိုက်တိုင်း ညွတ်ပက်ညွတ်ပက်နှင့် အားလုံးကို လှောင်ပြောင်နေသလိုလို။

နီတာဦး (ဥက္ကာမြေ)

မြေနုရွာသူမမြရှင်

"ဒေါက် . . . တောက် . . . တောက် . . . တောက် တောက် . . . ဒေါက် . . . တောက် . . . တောက် . . . တောက် ချွင်"

သစ်သားပြင်ပေါ်သို့ တစ်စုံတစ်ခု ကျသံ။ ထို့နောက် တဆက်တည်း လိမ့်ဆင်းသွားသံ။ နောက်ဆုံး ထိုအရာဝတ္ထုသည် ပန်းကန်တစ်ခု အတွင်းသို့ ကျသွားသဖြင့် ပန်းကန်နံရံနှင့် ထိရိုက်သော အသံ။ စသည်ဖြင့် တစ်ပြိုင်နက်မဟုတ်သော်လည်း ဆက်တိုက်ဆိုသလို အသံများ ထွက်ပေါ်လာခဲ့သည်။

စင်စစ်အားဖြင့် ထို"ဒေါက် . . . ဒေါက် . . . တောက် တောက်" ဟူသော အသံမှာ ဝါးလုံးခေါင်းအတွင်းသို့ ခပ်လေးလေး အကြွေစေ့တစ်စေ့ လိမ့်ဆင်းသွားသော အသံဖြစ်ပြီး "ချွင်"ဟူသော အသံသည်ကား စဥ့်အိုးငယ်တစ်လုံး အတွင်း၌ ထိုငွေအကြွေစေ့၏ ခရီးလမ်း နိဂုံးကမ္ပတ် အဆုံးသတ်သွားခြင်းကို ဖော်ဆောင်နေသော အသံသာလျှင် ဖြစ်ပေသည်။

ထိုအသံများကား ဒေါ်မြရှင်၏ ခြေတံရှည်အိမ်လေး၏ နောက်ဘက်ရှိ မီးဖိုချောင်အတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

သို့ရာတွင် ထိုအသံမျိုးကား ဒေါ်မြရှင်၏ မီးဖိုချောင်လေးအတွင်း နေ့စဥ်နှင့်အမျှ ကြားရလေ့ ရှိခဲ့ခြင်းတော့မဟုတ်။ တစ်လလုံးနေမှ တစ်ကြိမ် အများဆုံးအားဖြင့် နှစ်ကြိမ်သာ ကြုံတောင့်ကြုံခဲ ကြားရသော အသံလေး

ဖြစ်သည်။ ကြားရသည့်အခါတိုင်းလည်း ငွေအကြွေစေ့တစ်စေ့တည်းမှ တစ်စေ့တည်းပါဟုပင် ကျိန်တွယ်ပြောစရာ မလိုလောက်သော အသံပင် ဖြစ်သည်။

သို့ရာတွင် ထိုငွေအကြွေစေ့လေး တစ်စေ့တည်းမှ ထွက်ပေါ်လာသော အသံလေးကပင် ဒေါ်မြရှင်အား ကြီးမားသော ပီတိအဟုန်ကို ဖြစ်ပေါ်သွားစေသည်။ သူမ၏ အနာဂတ်နှင့် ပတ်သက်၍ ရင်ကိုအေးမြသွားစေတတ်သည်။ အားသစ်အင်သစ်တွေကို ဖြစ်သွားစေတတ်သည်။ အတိုင်းအဆမဲ့သော ကြည်နူးမှုတွေကို ဖြစ်ပေါ်စေခဲ့သည် မဟုတ်ပါလော။

ဒေါ်မြရှင်ကား ရန်ကုန်မြို့နှင့် မနီးမဝေးတွင်ရှိသော မြေနုကုန်းရွာသူတစ်ဦးဖြစ်သည်။ ထိုရွာလေးက လှပပါသည်ဟု မဆိုနိုင်သော်လည်း အတော်လေး သာသာယာယာရှိသော ရွာလေးတော့ဖြစ်၏။

ရွာ၏ မြောက်ဘက်မှာ ကြည်ကြည်လင်လင် ရေများ တသွင်သွင် စီးဆင်းနေသည့် စမ်းချောင်းလေးတစ်ခုရှိသည်။ ထိုစမ်းချောင်းလေးကလည်း ဒေါ်မြရှင်တို့ မြေနုကုန်းရွာ တစ်ရွာလုံး ရေအတွက် အားကိုးအားထားပြုရာဖြစ်သည်။ မြေနုကုန်းရွာသာမက စမ်းချောင်းလေး၏ အခြားတစ်ဖက်ရှိ န့်လုပ်ကုန်းရွာနှင့် မြေနုကုန်းရွာ အနောက်ဘက်ရှိ မိဘုရားကြီးရွာတို့သည် လည်း ရေအတွက်တော့ ထိုစမ်းချောင်းလေးကိုပင် အားကိုးနေခဲ့ကြရသည်။ ထိုသို့ စမ်းချောင်းလေးကို အားကိုးနေကြရသော ရွာသုံးရွာအနက် ဒေါ်မြရှင် တို့ မြေနုကုန်းရွာကတော့ အသေးငယ်ဆုံးဖြစ်သည်။

တစ်ရွာလုံးမှာ အိမ်ခြေတစ်ရာလောက်သာရှိသည်။ အိမ်ဟုသာ ဆိုသော်လည်း အမှန်စင်စစ်အားဖြင့် တဲကြီးတွေသာ ဖြစ်သည်။ သို့ရာတွင် ထိုအိမ်တွေ အားလုံးကလည်း ကျေးရွာတစ်ရွာ၏ အသွင်ကို ပီပီပြင်ပြင် ဆောင်နိုင်အောင် စနစ်တကျ တည်ရှိနေခြင်းမျိုး မဟုတ်။ ကိုလိုနီခေတ် ရွာတွေ၏ ထုံးစံအတိုင်း ဖရိုဖရဲဖြစ်သည်။

ထိုသို့ ဖရိုဖရဲရှိနေသော အိမ်တွေအနက် ဒေါ်မြရှင်၏ ခြေတံရှည် တဲလေးက ရွာ၏တောင်ဘက် အစွန်ဆုံး ကုန်းချော်လေးတစ်ခုပေါ်တွင် တည်ရှိသည်။ သူမ၏ တဲအိမ်အနီးတွင်လည်း အခြားသောတဲအိမ် နှစ်လုံး

ရှိသည်။ ထို့ကြောင့် သူမတို့ အိမ်တန်းလေးကို သုံးအိမ်တန်းဟု တစ်ရွာလုံးက ခပ်လွယ်လွယ် ကင်ပွန်းတပ်ခဲ့ကြသည်။

သို့ရာတွင် ထိုသုံးအိမ်အနက်တွင်တော့ ဒေါ်မြရှင်၏အိမ်က အစုတ်ဆုံး၊ အနုံချာဆုံးဖြစ်သည်။ ထိုသုံးအိမ်အနက်သာမက တစ်ရွာလုံးနှင့် ယှဉ်လျှင်လည်း ဒေါ်မြရှင်၏ နေအိမ်သည် အနုံချာဆုံးပင် ဖြစ်သည်။

ဒေါ်မြရှင်က သားထောက်သမီးခံမရှိ။ ဆွေမျိုးဉာတိမရှိသော မုဆိုးမကြီးတစ်ဦးဖြစ်သည်။ သူမ၏ စားဝတ်နေရေးအတွက်တော့ နေ့စဉ်ဆိုသလို ရွာစဉ်တကာ လှည့်ကာ ရာသီပေါ်မုန့်တွေရောင်းရင်း ဝမ်းကျောင်းနေရသူဖြစ်သည်။

ကောဖ်လှိုင်းတီမုန့်၊ မုန့်စိမ်းပေါင်း၊ အကြော်၊ မုန့်ဖက်ထုပ်စသည်ဖြင့် တစ်ခုမဟုတ်တစ်ခုကိုလည်းရောင်းရင်း ဒေါ်မြရှင်တစ်ယောက်သူ့ဝမ်းကို သူကျောင်းခဲ့ရသည်မှာ နှစ်ပေါင်းများစွာပင် ကြာခဲ့ပြီဖြစ်သည်။ သို့ရာတွင် ထိုသို့ ချို့ငဲ့စွာ ဝမ်းစာရှာဖွေနေရသူ မုဆိုးမကြီးဖြစ်လင့်ကစား ဒေါ်မြရှင်မှာ ကြီးကြီးမားမားရည်ရွယ်ချက်တော့ ရှိနေခဲ့သည်။ ထိုရည်ရွယ်ချက်က နောင်တစ်ချိန် သူမအသက်အရွယ် ကြီးရင့်၍ အိုမင်းမစွမ်းရှိလာချိန်မှာ မတောင့်မတမကြောင့်မကြဘဲ တရားဓမ္မကို ဖောက်ချလုပ်နိုင်ဖို့ဖြစ်သည်။

ထိုရည်ရွယ်ချက်အတွက်လည်း ဒေါ်မြရှင်အနေဖြင့် အကွက်တကျကြိုတင်ကြံစည်မှုတွေ ပြုလုပ်ထားခဲ့သည်။ ဒေါ်မြရှင်၏ ကြံစည်မှုကဈေးလည်ရောင်းရာမှ ရသော အမြတ်ထဲက စားစရိတ်ကို ခြိုးခြံကာ ပိုလျှံတာမှန်သမျှကို စုခြင်းဖြစ်သည်။ စုသည် ဆိုရာ၌ စုပုံစုနည်းကတော့ ထူးခြားလှသည်။

ပိုသည့်ငွေကို ကျစ်ကျစ်ပါအောင်ဖယ်ထား။ များလာလျှင်တစ်ကျပ်သား ရွှေဒင်္ဂါးတစ်ပြားဝယ်။ ပြီးတော့ မီးဖိုခုံအောက်မှာ အပေါက်ဖောက်ပြီး ဝါးကျည်တောက်ဖြင့် သွယ်ထားသော မြေကြီးအောက်ထဲကစဉ့်အိုးလေးထဲထည့်။ ဒီလိုနည်းဖြင့် မပျောက်ပျက်သွားအောင် စုခြင်းဖြစ်သည်။

စဉ့်အိုးငယ်လေးကို မြေမှာမြှုပ်။ မီးဖိုခုံအောက်မှာ အပေါက်ဖောက်ပြီး ဝါးကျည်ထောက်နှင့် သွယ်ထားရခြင်းကလည်း ကိုလိုနီခေ ၁၃၁

ဆိုးဝါးလှသော သူခိုး၊ ဓါးပြရန်ကို မျက်ခြည်ဖြတ်နိုင်အောင် ဖြစ်သည်။ ထို့ထက်ပိုပြီး သူခိုးဓါးပြတွေကို မျက်ခြည်ဖြတ်နိုင်ဖို့အတွက်လည်း ဒေါ်မြရှင်ကိုယ်တိုင်း နှုတ်လုံအောင်နေသည်။

သူမ၏ ငွေစုပုံစုနည်းသာမက သူမငွေစုနေခြင်းကိုပါ ဘယ်သူ့ကိုမှ ပြောမပြ။ သူမ၏ အစီအစဉ်အတိုင်း တစ်ကိုယ်တည်းသာ ကျိတ်၍ သုပ်နေခဲ့သည်။

ငွေကို အရင်စုပြီးမှ ရွှေဒင်္ဂါးဝယ်။

ရွှေဝယ်ပြီးမှ စုဘူးထဲထည့်ရသဖြင့် ဒေါ်မြရှင်၏ မီးဖိုချောင်နောက်မှ "ဒေါက်. . . တောက်. . . တောက်. . . တောက်. . . ချွင်'' ဟူသော အသံကို ဒေါ်မြရှင်ကိုယ်တိုင်ပင် တစ်လမှတစ်ခါ၊ အများဆုံးအားဖြင့် နှစ်ခါသာ ကြားခွင့်ရသည်။

သို့ရာတွင် ထိုတစ်ခါတည်းသော အသံလေးသည်ပင် ဒေါ်မြရှင်၏အနာဂတ် နှစ်ပေါင်းများစွာအတွက် အားသစ်တွေကို ဖြစ်စေခဲ့သည်။ ပီတိတွေကို ပွားစေခဲ့သည်။ အတိုင်းမသိသော ကြည်နူးမှုတွေကို ဖြစ်ပေါ်စေခဲ့သည်။

အခုဆိုလျှင် သူမအား ကြည်နူးစွာ ပီတိပွားစေခဲ့သော–

"ဒေါက်. . . တောက်. . . တောက်. . . တောက် ချွင်'' ဟူသော အသံလေးထက် ဒေါ်မြရှင်၏ စိတ်ကို စိုးရိမ်ပူပန်စေသည့် အသံများအား ဒေါ်မြရှင်တစ်ယောက် ပို၍ကြားလာခဲ့ရသည်။ ထိုအသံများကား လူတကာပါးစပ်ဖျားရေပန်းစားနေသော စစ်သတင်းများပင် ဖြစ်လေသည်။

ဒေါ်မြရှင်ကိုယ်တိုင် စစ်သတင်းတွေကို နားနှင့်မဆံ့အောင် ကြားလာရပြီးသည့်နောက်တွင်တော့ သူမနေထိုင်ရာ မြေနုရွာလေး၌ပါ စစ်ရိပ်စစ်ငွေ့တွေ သန်းလာခဲ့သည်။

ရွာကို စစ်ဘေးခိုလှုံရန် ရောက်လာသူတွေ၊ ရွာမှ စစ်ဘေးရှောင်ဖို့ ထွက်သွားသူတွေနှင့် နေ့စဉ်လိုလို မြေနုကုန်းရွာမှာ လူဝင်လူထွက်တွေ များလာခဲ့သည်။

"ဝေါ. . . ဝေါ. . . ဝေါ. . . ဝေါ. . . "

"ရှီ. . . "

"ဝုန်း. . . ဝုန်း. . . ဝုန်း. . . "

"ဒက်. . . ဒက်. . . ဒက်. . . ဒက်"

မထင်မှတ်ထားသော ညနေခင်းတစ်ခု။

မြေနုရွာ တောင်ကုန်းပေါ်က ဆူဆူညံညံအသံတွေ ထွက်ပေါ်လာလို့ တစ်ရွာလုံး အံ့အားသင့်ကာ ကြောင်စီစီဖြင့် ကောင်းကင်ပေါ်သို့ မော့ကြည့်နေတုန်း ရုတ်တရက်ဆိုသလို တွေ့လိုက်ရတာက လေယာဉ်ပျံတွေဖြစ်သည်။ ထိုလေယာဉ်ပျံတွေက မြေနုရွာ့ပေါ်သို့အရောက် သူတို့၏ ဝမ်းဗိုက်အတွင်းက ဗုံးတွေကို ဖြုတ်ချလိုက်ကြသည်။

ပြီးတော့ စက်သေနတ်တွေဖြင့်လည်း မည်းမည်းမြင်ရာ ပစ်ခတ်သွားခဲ့ကြသည်။ ထိုပစ်ခတ် တိုက်ခိုက်မှုတွေကြောင့် ခဏတာအတွင်း မြေနုရွာတစ်ရွာလုံး ငရဲပွက်သလို ဖြစ်သွားခဲ့ကြသည်။ ဗုံးသံ၊ သေနတ်သံ၊ မချိမဆံ့အော်ဟစ်သံ၊ ငိုကြွေးသံ၊ လေယာဉ်ပျံသံ၊ ပြေးလွှားသံ၊ ဗုံးသံ၊ မချိမဆံ့ ညည်းတွားသံတွေကြောင့် တစ်ရွာလုံး ကြွက်ကြွက်ဆူသွားခဲ့သည်။

သို့ရာတွင် တစ်ရွာလုံးကို ထိုသို့ငရဲပွက်အောင် ဖန်တီးခဲ့သော လေယာဉ်ပျံတွေက မည်သည့်လေယာဉ်ပျံတွေမှန်း ဒေါ်မြရှင်လုံးဝ မသိ။ တစ်ရွာလုံးလည်း လုံးဝမသိခဲ့။ စစ်ဘေးဒဏ် ပြေးရှောင်ရင်း ရွာသို့ ရောက်လာသူအချို့ကတော့ 'မဟာမိတ်'တွေဘက်က လေယာဉ်ပျံတွေ ဖြစ်လိမ့်မည်ဟု ဆိုခဲ့ကြသည်။ သို့သော် ထိုမဟာမိတ်ဆိုသည့်အရာကိုလည်း ဒေါ်မြရှင် မသိ။ သူမ သိတာက အလွန်ကြောက်စရာ ကောင်းတာသာ ဖြစ်သည်။

သူမလိုပဲ မြေနုရွာတစ်ရွာလုံးလည်း "မဟာမိတ်" ဆိုတာကို ဘာမှန်းမသိခဲ့ကြ။ သူတို့အားလုံးသိသည်က အရမ်းကို တုန်လှုပ်စရာကောင်းခြင်းပင် ဖြစ်သည်။ မြေနုရွာလိုပဲ မိဘုရားကြီးကုန်းရွာနှင့် မုန့်လုပ်ကုန်းရွာတွေလည်း အတော်လေး တုန်လှုပ်သွားခဲ့ကြသည်။ သူတို့တွေလည်း လေယာဉ်ပျံတွေ၏ ဗုန်းဒဏ် သေနတ်ဒဏ်တွေကို ခံစားလိုက်ကြရသည် မဟုတ်ပါလော။

သို့ဆိုလျှင် ထိုဒေသလေးသည် စစ်ကြီးအတွင်း ကျရောက်သွားခဲ့လေပြီဟု ဆိုရပေတော့မည်လော. . . ။

လေယာဉ်သံ၊ ဗုံးသံ၊ သေနတ်သံတွေ ငြိမ်သက်သွားတော့ မြေနုရွာ တစ်ရွာလုံးမှာ အော်ဟစ်ညည်းတွားသံတွေ၊ ငိုကြွေးသံတွေနှင့် ပွက်လောရိုက်ကျန်ခဲ့သည်။ ဗုံးဒဏ်ထိမှန်၍ ပျက်စီးကျန်ရစ်သော အိမ်တွေကလည်း မြင်မကောင်း။ အကောင်းပကတိ ကျန်သည့်အိမ်ဆိုလို့ တစ်ရွာလုံးမှာမှ အလုံးနှစ်ဆယ်လောက်သာ ရှိတော့မည်။ ထိုအိမ်တွေ အားလုံးက အများအားဖြင့် ရွာစွန်ရွာဖျားမှာ ရှိနေသော အိမ်တွေသာဖြစ်သည်။ ထိုသို့ ကျန်ရသော အိမ်တွေထဲမှာ ရွာ၏တောင်ဘက်အစွန်ရှိ ဒေါ်မြရှင်တို့ သုံးအိမ်တန်းလေးလည်း အပါအဝင်ဖြစ်သည်။

ထိုသို့ အကောင်းပတိကျန်ရစ်သည့် အိမ်တွေထဲ သူမ၏အိမ်လည်း ပါဝင်နေ၍ ဒေါ်မြရှင်တစ်ယောက် အတော်လေး ဝမ်းသာသွားခဲ့သည်။ အိမ်လေးအတွက်သာမက မီးဖိုချောင်အောက်ဘက်ရှိ မြေကြီးအတွင်းမှ သူမ၏ ချွေးနဲစာတွေ အတွက်လည်း သူမ စိတ်အေးခဲ့ရသည်။

သို့သော် သူမ၏ စိတ်အေးရမှုကား တစ်ခဏမျှသာဖြစ်သည်။

“နောက်တစ်ကြိမ် လေယာဉ်ဗျံတွေ ရောက်လာခဲ့ရင်ဖြင့်”ဟူသော အတွေးမျိုး သူမခေါင်းထဲ ဝင်လာသည်နှင့်အမျှ သူမ၏စိတ်များ သည်လည်း ပြန်၍ ရှုပ်ထွေးသွားခဲ့ရပြန်သည်။

သူမလိုပဲ ကျန်ရွာသူရွာသားတွေ အားလုံးလည်း ထိုအတွေးမျိုး တွေးမိလိုက်တိုင်း စိတ်ရှုပ်သွားကြရသည်ချည့်ပင်။

သို့ရာတွင် စိတ်ရှုပ်ရုံသာ ရှုပ်ကြသည်မဟုတ်။ ထို “နောက်တစ်ကြိမ် . . . ” အတွက် တွေး၍ပင် ကြောက်နေကြရသည်။ ထိုသို့ တွေး၍ ကြောက်နေမိကြခြင်းပင် သူတို့အားလုံးကို ပြေးလွှားရှောင်ရှားကြဖို့ မီးထိုးပေးသလို ဖြစ်သွားခဲ့သည်။ တစ်ရွာလုံးလိုလို စစ်ဘေးဒဏ်ရှောင်ဖို့ တာစူသွားခဲ့သည်။

နောက် သိပ်မကြာလိုက်ပေ။ [illegible] [illegible] အထုပ်ပိုက်ကာ စစ်ဘေးဒဏ်ရှောင်ဖို့ ရွာမှ ထွက်သွားကြသည်။

သုံးလသား အရွယ်ရောက်လာပါလေရော။ သည်တော့ အချင်းချင်း မသင့် မတင့်တွေ ဖြစ်ကုန်ရော။

လူစကားပုံ တစ်ခု ရှိတယ် မဟုတ်လား။

ညီရင်းအစ်ကိုတမျှ မုန်းတီးကြသည့်တဲ့။ မဆန်းပါဘူးလေ။ လူတွေမှာ အရွယ်ကလေး ရောက်လာရင် မိန်းကလေး အချင်းချင်း ညီအစ်မ အချင်းချင်းလည်း သူ့မိတ်ကပ်ဘူး ငါယူလိမ်းလို့. . . ငါ့ရေမွှေးပုလင်း သူယူဆွတ်လို့ စတဲ့ ပြဿနာကလေးတွေနဲ့ မသင့်မတင့် ဖြစ်ကြသလို၊ ယောကျ်ားလေး အချင်းချင်းလည်း ငါ့ကျာကင်သူယူဝတ်လို့ . . သူ့ပိုက်ဆံ ငါယူသုံးပစ်မယ် ဆိုတဲ့ အသေးအဖွဲ ကိစ္စလေးတွေနဲ့ နောင်ကျိန် ချတတ်ကြတာပဲ။ သည်တော့. . .

ကျုပ်တို့က အသိဉာဏ်အဆင့်အတန်းနိမ့်တဲ့ အဟိတ် တိရစ္ဆာန်ပဲဟာ သာပြီးတော့ မတည့်ကြတာပေါ့။

အပျိုပေါက် ငါးမလေးတွေကြောင့် လူပျိုပေါက် ငါးထီးကလေးတွေ ရွှေဘကွ တင်ညွန့်ကွနဲ့ နောင်ကျိန်ဖတ် ခဏခဏခင်းဖန်များတော့ ကျုပ်တို့ အဖေကြီးလည်း စိတ်ညစ်လာတယ် ထင်ပါရဲ့။ ကျုပ်တို့ အုပ်စုနဲ့ဝေးရာကို မသိမသာလစ်ပြီး ခပ်ရှောင်ရှောင်နေတတ်လာတယ်။

မကြာပါဘူး. . .

ကျုပ်တို့ရဲ့ အထာကိုရိပ်စားမိတဲ့ အရှင်သခင်လူသားက တိုက်ခိုက်ရန်လိုတတ်စပြုလာတဲ့ ကျုပ်တို့ တိုက်ငါးလောင်း အထီးတွေကို ဂလူးကိုစ့်ပုလင်း. . . သွေးသွင်းတဲ့ ပုလင်းမျိုးတွေထဲမှာ တစ်ပုလင်း တစ်ကောင်စီ ထည့်ပြီး စီးပွားရေး ဈေးကွက်အသစ်တစ်ခု ဖန်တီး လိုက်ပါလေရော။ သည်လိုနဲ့ ပိုင်ရှင်သစ် လူသား ဟစ်ဦးဆီကို ရောက်လာရတယ်။ ညီအစ်ကို မောင်နှမတွေလည်း တစ်ယောက် တစ်နယ်စီမှာ နေရတဲ့ ဘဝမျိုးရောက်ကုန်ကြရော ဆိုပါတော့။

နီးတကျက်ကျက် ဝေး တသက်သက်ဆိုတာ တယ်မှန်တာပဲ။

အခုလို ကြုံပလေ တစ်ကောင်တည်းဖော်ကွဲတဲ့ ငါးဘဝနဲ့ အထီးကျန်နေရတော့မှ ဖခင်ကြီးနဲ့ ကျုပ်တို့မောင်နှမ တစ်သိုက်ပျော်ပျော်ရွှင်ရွှင်

ရွာမှ ထွက်သွားသူတွေ များလွန်းသဖြင့် တချိန်က သာယာစွာ စည်ကားခဲ့သော မြေနုကုန်းရွာလေးသည် ရက်အနည်းငယ်အတွင်းမှာပင် ခြောက်ကပ်ကပ်နှင့် ရွာပျက်တစ်ခုဆန်သော အသွင်သို့ ပြောင်းသွားခဲ့သည်။ ထိုသို့ကြောက်ကြောက်လန့်လန့်နှင့် စစ်ဘေးရှောင်ဖို့ ရွာမှ ထွက်လာသူတွေထဲမှာ ဒေါ်မြရှင်လည်း ပါသွားသည်။

သူမသည်လည်း "နောက်တစ်ကြိမ်"ဆိုတာကိုတွေး၍ ကြောက်နေမိခဲ့သည် မဟုတ်ပါလော။

ကြောက်ကြောက်လန့်လန့်နှင့် အလောသုံးဆယ် ထွက်ခဲ့ရခြင်းကြောင့် ဒေါ်မြရှင်အနေဖြင့် မြေကြီးထဲက သူမ၏ ရွှေးနဲ့စာတွေကို ထုတ်ယူခွင့်မရခဲ့။

သို့သော် နောင်တစ်ချိန် အေးအေးလူလူဖြစ်သည့်အချိန်မှာ ပြန်လာယူနိုင်ဖို့ကိုတော့ သူမအနေနှင့် ကြိုတင်စီမံမှုတွေ လုပ်ထားခဲ့သည်။ ထိုစီမံမှုတွေက သွယ်တန်းထားသော ဝါးကျည်တောက်လေးကို ဖြုတ်။ ဝါးကျည်တောက်ကို ဆွဲနှုတ်လိုက်သဖြင့် အပေါက်ဖြစ်သွားသော မြေနေရာကို မြေနည်းနည်းထပ်ဖုံးပြီးတော့ မှတ်မိလွယ်အောင် ထိုနေရာမှ သစ်ပင်လေးတစ်ပင်စိုက်ထားခဲ့ခြင်း ဖြစ်သည်။

ဒေါ်မြရှင်စိုက်ခဲ့သော သစ်ပင်လေးက ထိုခေတ်ထိုအခါက အတော်ပင် ခေတ်စားခဲ့သော တရုတ်စကားပင်လေးပင် ဖြစ်ပေသည်။

စစ်ကြီးပြီးသွားလို့ ကာလအတော်ကြာမှ ဒေါ်မြရှင်တစ်ယောက် မြေနုရွာလေးသို့ ပြန်ရောက်လာသည်။ ရွာမှာ ပြန်ပြီး အခြေချဖို့ ပြန်လာခဲ့ခြင်းတော့မဟုတ်။ တစ်ချိန်က သူမစုဆောင်းခဲ့တာတွေကို တွေ့လိုတွေ့ငြား လာရှာခြင်းဖြစ်သည်။ အကယ်၍သာ တွေ့ရှိပါကလည်း တူးဖော်ထုတ်ယူပြီး သူမ တစ်ချိန်က ရည်မှန်းထားခဲ့သည့်အတိုင်း စစ်ကိုင်းချောင်လိုနေရာမျိုးမှာ လှူလိုက်တန်းလိုက်ဖြင့် ကုသိုလ်ရေးတွေလုပ်ပြီး ဘဝလက်ကျန်အချိန်တွေကို အေးအေးလူလူ ကုန်လွန်စေဖို့ဖြစ်သည်။

မြေနုကုန်းရွာကို သူမပြန်ရောက်တော့ ရွာက အတော်လေး သိသိသာသာ ပြောင်းလဲနေသည်။ နိုင်ခိုင်ခံ့ခံ့ ပျဉ်ထောင်အိမ်တွေ ခပ်ကျယ်

ကျယ်လမ်းမကြီးတွေဖြင့် စနစ်တကျ အကွက်ချထားသော မြို့ တစ်မြို့လို ဖြစ်နေသည်။ ထိုအိမ်တွေ လမ်းတွေက တစ်ချိန်က သစ်ကြီး ဝါးကြီးများသာ ဖုံးမိုးပြီး လူသူအရောက်အပေါက်နည်းခဲ့ရာ မဟာမြိုင်တောကြီးအတွင်းသို့ပင် ရောက်နှင့်နေခဲ့သည်။

ထိုသို့ မဟာမြိုင်တောကြီးအတွင်းအထိပင် ရောက်နှင့်နေရာ သူထားကြပြီးဖြစ်သော အိမ်တွေ၊ လမ်းတွေက မုန့်လုပ်ကုန်းရွာလေးကိုလည်း ညည်သည့်နည်းနှင့်မျှ ချန်ထားခဲ့နိုင်စရာ အကြောင်းမရှိ။

မုန့်လုပ်ကုန်းရွာလေးသည်လည်း မြေနုရွာကဲ့သို့ပင် မြို့တစ်မြို့ အသွင်ကို ဆောင်နှင်ခဲ့လေပြီ။ မိဘုရားကြီးရွာသည်လည်း ထိုအသွင် သဏ္ဌာန်ကို အပြိုင်ဆောင်နှင့်ပြီး ဖြစ်သည်။

ထိုအခြေအနေတို့ထက် ပို၍အံ့သြစရာကောင်းသည်ကား မြေနုကုန်းရွာနှင့် မုန့်လုပ်ကုန်းရွာကြား တစ်ချိန်က ရှိခဲ့သော စမ်းချောင်းကလေးမှာ အိမ်ကောပျောက်ကွယ်နေပြီး ထိုစမ်းချောင်းကလေးနေရာတွင်လည်း လူနေအိမ်များ၊ လမ်းများအစားထိုးဝင်ရောက်နေခြင်းပင် ဖြစ်သည်။

ထိုသို့ပြောင်းလဲသွားသော အခြေအနေတွေထဲမှာ ဒေါ်မြရှင် တစ်ယောက် သူမ၏ တရုတ်စကားပင်လေးကို အတော်ပင် ကြိုးစား ရှာယူခဲ့ရသည်။

ပထမဆုံးအနေဖြင့် သူမ၏အိမ်လေးတည်တန့်ခဲ့ရာ နေရာကို ခန့်၍ ရှာရသည်။ တည်ခဲ့ရာကို ရှာတွေ့ပြန်တော့ ထိုနေရာတစ်ဝိုက်မှာ တရုတ်စကားပင်လေးကို ကြိုးစားရှာရသည်။ အိမ်ကြိုအိမ်ကြား၊ လမ်းကြို လမ်းကြားပါမကျန် အမောတကောရှာရသည်။ ဒေါ်မြရှင်၏ တရုတ်စကားပင် ရှာသောအဖြစ်က သူမအတွက်တော့ ကောက်ရိုးပုံထဲ ကျပျောက်သွားသည့် အပ်ထက်ပင် ခက်ခဲနေချေသည်။

ထိုစဉ် ဒေါ်မြရှင်၏ အဖြစ်ကို ဘုမသိ၊ ဘမသိဖြင့် ဘေးက ကြည့်နေရသူတွေကတော့ သူမအား ရူးသွပ်နေသူတစ်ယောက် သို့မဟုတ် တောင်းရမ်းစားသောက်ဖို့ ကြိုးစားနေသူတစ်ယောက်အဖြစ် ထင်တောင် ထင်ကြပေလိမ့်မည်။

သို့ရာတွင် ဒေါ်မြရှင်ကတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်အား။

တရုတ်စကားပင်လေးကိုသာ ကြိုးစား၍ ရှာဖွေနေခဲ့လေသည်။ ကြိုးစား၍သာ ရှာဖွေနေရသော်လည်း ဒေါ်မြရှင်၏ စိတ်အတွင်းမှာတော့ ကံသေကံမ တွေ့ရလိမ့်မည်ဟု မမျှော်လင့်ရဲခဲ့။ ဒွိဟစိတ်တွေ ပွားနေခဲ့သည်။ ‘တရုတ်စကားပင်လေး ရှိမှ ရှိသေးပါလေစ’ ဟူသော အတွေးမျိုးကလည်း သူမစိတ်ထဲမှာ စိုးမိုးနေခဲ့သည်။ ထိုဒွိဟစိတ်ကြောင့်လည်း ဒေါ်မြရှင်၏ တရုတ်စကားပင် ရှာပုံတော်သည် မယုံတစ်ဝက် ယုံတစ်ဝက်ရှာပုံတော်မျိုး ဖြစ်ခဲ့ရလေသည်။

သို့ရာတွင် တရုတ်စကားပင်လေးကား မပျက်စီးဘဲ ရှိနေဆဲဖြစ်သည်။

တရုတ်စကားပင်လေးကို မပျောက်ပျက်ဘဲ မျက်မြင်ဒီဌ တွေ့လိုက်ရတော့ ဒေါ်မြရှင် အရမ်းကို ပျော်သွားခဲ့သည်။ ဒေါ်မြရှင် ရင်ထဲက ဖြစ်ပေါ်လာသော ပျော်ရွှင်မှုတွေက သူမရင်ကို ပြည့်လျှံကာ မျက်နှာပြင်ပေါ်အထိပင် ရောင်ပြန်ဟပ်လာခဲ့သည်။ သူမ၏ မျက်နှာမှာ ဖုံးမရဖိမရသော အပြုံးစတွေ ဝေလာသည်။ မျက်လုံးတွေက အနည်းငယ် ပြူးကျယ်ကာ အရည်လဲ့လာသည်။ သူမ၏ နားထဲတွင်လည်း တစ်ချိန်က–

“ဒေါက်. . . တောက်. . . တောက်. . . တောက်ချွင်” ဟူသော အသံများ ပြန်ကြားယောင်လာသည်။

ထိုသို့ ဝမ်းသာမှုတွေ ရစ်သီနေရာမှ တရုတ်စကားပင်လေးနားသွားဖို့ ကြိုးစားလိုက်တော့ သူမ၏ပျော်ရွှင်မှုတွေကို ဖျက်ဆီးမည့် အရာတစ်ခုက သူမနှင့် တရုတ်စကားပင်လေးကြား ဘွားကနဲပေါ်လာခဲ့သည်။

ထိုအရာကား သံတိုင် ခပ်တုတ်တုတ်များဖြင့် ပြုလုပ်ထားသော ခြံစည်း ရိုးကြီးတစ်ခုပင် ဖြစ်သည်။ ထိုခြံစည်းရိုးကြီးကို မြင်လိုက်ရချိန်ကစပြီး ဒေါ်မြရှင်ရင်ထဲမှာ ရစ်သီနေသော ပျော်ရွှင်မှုတွေ တစ်စမကျန်ပျောက်ကွယ်သွားသည်။ သူမ၏ ရင်ထဲ ဟာတာတာကြီးဖြစ်သွားသည်။ အပြုံးတွေသန်းဝေနေသော သူမ၏မျက်နှာမှာ အံ့ဩသည့် အသွင်သဏ္ဌာန်တွေ၊ နားမလည်နိုင်သည့် အခြေအနေကို ဖော်ဆောင်နေသည့် အရိပ်အရောင်တွေ အစားထိုး ဝင်ရောက်လာသည်။

သူမ၏ မျက်နှာပြင် အရိပ်အယောင်တွေကို ဖော်ဆောင်သည့် အထွေးဆတွေကလည်း ဒေါ်မြရှင်၏ ခေါင်းထဲသို့ အတင်းတိုး၍ ဝင်ရောက်လာသည်။

"ဒီခြံစည်းရိုးကြီးက ဘယ်ကပေါ်လာတာလဲ"

သံတိုင်တွေကာရံထားသော ခြံစည်းရိုးတစ်လျှောက် တရွေ့ရွေ့ဖြတ်လျှောက်လာသော ဒေါ်မြရှင်၏ ရည်ရွယ်ချက်က သူမ၏ ဦးနှောက်အတွင်း ချဉ်းနင်းဝင်ရောက်လာသော အတွေးစတွေကို ရှင်းလင်း ဖယ်ရှားပစ်နိုင်ဖို့ ဖြစ်သည်။

ခြံဝင်းကြီးအကြောင်းသိရအောင် . . ။ သူမ၏ ချွေးနဲ့စာတွေကို တူးယူလို့ရ၊ မရ ဆုံးဖြတ်နိုင်အောင် ခြံရှေ့ဘက် မျက်နှာစာသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

သံတိုင်တွေတစ်လျှောက် တရွေ့ရွေ့လျှောက်လာရင်း ခြံဝင်းထဲကို လှမ်းကြည့်လိုက်တော့ ခြံဝင်းထဲမှာ အခိုင်အမာ အုတ်တိုက်ကြီးတစ်လုံး ရှိနေတာကို သူမတွေ့လိုက်ရသည်။ ထိုတိုက်ကြီးကြောင့်လည်း သူမခေါင်းထဲမှာ အတွေးတစ်စ ပိုသွားခဲ့ရသည်။

"ဒီတိုက်ကြီးမှာ ဘယ်သူတွေများ နေကြပါလိမ့် . . ."

သံတိုင်တွေကြားက တရွေ့ရွေ့လျှောက်လှမ်း လာခဲ့ရာမှ ဒေါ်မြရှင်တစ်ယောက် ခြံဝင်းရှေ့သို့ ရောက်လာခဲ့သည်။ ခြံရှေ့ မျက်နှာစာရောက်လို့ အသေအချာ ကြည့်လိုက်တော့ ဒေါ်မြရှင်တစ်ယောက် မယုံနိုင်လောက်အောင် ဖြစ်သွားခဲ့သည်။ စိတ်တွေ ယောက်ယက်ခတ် လှုပ်ရှားသွားခဲ့ရသည်။ ထို စိတ်လှုပ်ရှားမှု၏ နောက်တွင်လည်း သူမ၏ မျှော်လင့်ချက်တစ်စစီ ပြိုကျပျက်စီးသွားပြီ ဆိုသည်ကို သူမသိလိုက်ရသည်။

သူမ၏ ချွေးနဲ့စာတွေကို တူးယူဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့။

ထိုခြံဝင်းကြီးသည် အစိုးရရုံးတစ်ရုံးစိုက်ရာ ခြံဝင်းကြီး ဖြစ်နေခဲ့ပေပြီ။

ဒေါ်မြရှင်တစ်ယောက် ဆို့နင့်ကြေကွဲခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်း၊ မခံမရပ်နိုင် အောင်ဖြစ်ခြင်း စသည့် တည်ငြိမ်မှုကင်းမဲ့သော စိတ်အစဉ်ကို ရင်မှာပိုက်ပြီး ထိုခြံဝင်းကြီးမှ ထွက်ခွာခဲ့ရလေတော့သည်။

ဒေါ်မြရှင်တစ်ယောက် သူ၏အတိတ်က အကြောင်းကိုပြောရင်း အတော်လေး မောသွားပုံရသည်။ ရှေ့မှာ ချထားသော ရေနွေးခရားထဲက ရေနွေးကြမ်းကို ငှဲ့ပြီး တစ်ကျိုက်ကျိုက် မျိုချလိုက်သည်။

ပြီးတော့. . .

နောက်တစ်ခွက်။

နောက်တစ်ခွက်နှင့် သုံးခွက်လောက် ဆင့်ပြီးသောက်လိုက်သည်။ ပြီးမှ ပန်းကန်ပြားအတွင်းရှိ ထန်းလျက်ခဲတစ်ခဲကို ကောက်ယူကာ အနည်းငယ်သာ ကျန်တော့သည့် သူမ၏ ရှေ့သွားလေးဖြင့် ကိုက်ကာ မြုံ့ရင်း။

"အဲဒီနေရာလေးကို အမေ ပုံလေးဆွဲပြီး မှတ်ထားတာလေးတော့ ရှိနေသေးတယ်။ အမေ မြေနုရွာက စစ်ဘေးရှောင်ဖို့ ထွက်ခါနီး ဆွဲထားတဲ့ ပုံလေးပါ။ အမေ့မှာလည်း သားထောက်သမီးခံကမရှိ။ ဆွေမျိုးညာတိက မရှိနဲ့ဆိုတော့ အဲဒီပုံလေးကို သားကိုပဲ အမေယုံယုံကြည်ကြည်နဲ့ ပေးထားခဲ့ မယ်။ အဲဒီပစ္စည်းကို အခုအချိန်ထိ ဘယ်သူမှ မတူးယူ နိုင်သေးတာကိုတော့ အမေသိတယ်။ နောက်တစ်ချိန် သားနဲ့ထိုက်ရင်လည်း တူးယူလိုက်ပေါ့။ တူးယူပြီးရင်တော့ အမေ့အတွက် ကုသိုလ်ကောင်းမှုလေး။ အလှူအတန်းလေး တော့ လုပ်ပေးပါကွယ်"ဟု-

ဆိုကာ သူမ၏ဘုရားစင်အောက်မှ ပုံလေးတစ်ပုံထုတ်ယူကာ ကျွန်တော်၏ လက်တွင်းသို့ သူမအပ်နှင်းခဲ့လေသည်။

စင်စစ်အားဖြင့် ထိုပုံလေးမှာ ဒေါ်မြရှင်ကိုယ်တိုင် အပြာရောင် ဖယောင်းခဲများကို အသုံးပြုကာ ဖျင်စပေါ်၌ ရေးဆွဲထားသော ပုံလေးသာ ဖြစ်သည်။ သို့ရာတွင် ဒေါ်မြရှင်ကတော့ ထိုပုံလေးကို မကြေမွသွားအောင် ဆေးရောင်တွေ မပျက်အောင် နှစ်ပေါင်းများစွာ ထိန်းသိမ်းထားနိုင်ခဲ့သည်။ ဒေါ်မြရှင်နည်းတူ ကျွန်တော်ကိုယ်တိုင်လည်း ထိုမြေပုံလေးကို အပျက်အဆီး မရှိအောင် နှစ်ပေါင်းများစွာ ထိန်းသိမ်းထားခဲ့သည်။

အခုဆိုရင် ထိုမြေပုံလေး ကျွန်တော့်လက်ထဲ ရောက်နေခဲ့သည်မှာ သုံးဆယ့်ငါးနှစ် မကတော့။

ကျွန်တော်၏ အရွယ်သည်ပင် ထိုမြေပုံလေးကို ရရှိခဲ့စဉ်က

မြေပုံပိုင်ရှင် ဒေါ်မြရှင်၏ အရွယ်သို့ပင် ရောက်နှင့်ခဲ့လေပြီ။

"ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာ' ဟူသော အဖြစ်အပျက် ပြောင်းလဲမှုတွေအရ ကျွန်တော်၏အရွယ်မှာ 'မရဏာ' ဟူသော ခရီးဆုံးနေရာနှင့် အလွန်ပင် နီးကပ်၍ နေပြီဖြစ်လေသည်။

ဤအခြေအနေ၌တွင် ကျွန်တော်သည် ဒေါ်မြရှင်၏ ရွှေအိုးအပေါ်၌ တပ်မက်စိတ် လုံးဝမရှိတော့။

ထို့အတူ မြေပုံလေးပေါ်၌လည်း တပ်မက်စိတ် မရှိတော့။

ကျွန်တော့်ရင်ထဲတွင် ဖြစ်နေသည့် စိတ်ကား မြေပုံလေးကို ကျွန်တော့်လက်ထဲပေးစဉ်က ဒေါ်မြရှင်ထံတွင် ရှိခဲ့သောစိတ်မျိုးဖြစ်သည်။

"ထိုက်သူတွေ ယူကြပါစေ. . ."

သို့ရာတွင်. . .

နောင်တစ်ချိန်၌ ဒေါ်မြရှင်၏ ဒင်္ဂါးအိုးအား တူးဖော်ယူနိုင်ခဲ့ပါက ဒေါ်မြရှင်၏ နောက်ဆုံးဆန္ဒလေးအား ဖြည့်ဆည်းပေးသော သဘောဖြင့် သူမအတွက် အလှူအတန်းတစ်ခုခု ပြုပေးပါရန် ကျွန်တော့်အနေဖြင့် အနူးအညွတ်တောင်းပန်လိုက်ရပေတော့သည်။

သက်ထက်စန်း

စာကြွင်း

ဒေါ်မြရှင်ပေးအပ်ခဲ့သော မြေပုံအညွန်းကလေး ယခုတိုင် ကျွန်တော့်ထံ မပျောက်ပျက်အောင် သိမ်းဆည်းထားဆဲ ဖြစ်ပါ၏။ စိတ်ဝင်စားသူများ ယခု စာအုပ်တိုက်မှတစ်ဆင့် ဆက်သွယ်နိုင်ပါကြောင်း။

ခေါက်ရိုးကျိုးဝတ်ရုံ

ဘယ်လက်မှာ ခပ်ဖွဖွ ကိုင်ထားသော အင်္ဂလိပ်အက္ခရာ 'ဗွီ' ပုံသဏ္ဍာန်အသွားရှိ'ဆောက်အခုံး'ကလေးသည် ရိုက်ချက်တိုင်းမှာ ကွေ့၍ ဝိုက်၍ ကော့၍ သွားနေသည်။ ပညာသည်အခေါ် 'မှင်ချောင်း'။ အတွန့် အရစ် အကွေးတိတိကျကျ ပုံဖော်နိုက်ယူနိုင်သော အဆိုပါမှင်ချောင်းကလေး ဝင်ပြီးဆိုလျှင် ထိုပန်းပုရုပ်အပြီး သတ်တော့မည်ဖြစ်ကြောင်း အကြမ်းဖျင်း ပြောနိုင်သည်။

ညာလက်မှ မန်ကျည်းသား လက်ရိုက်လည်း အချက်ကျကျ ထပ်ခနဲ ထပ်ခနဲရိုက်ချနေသည်။ ဖော့တန်ဖော့၊ ဖိတန်ဖိ၊ နှိုက်တန်နှိုက်။ တစ်ခါတရံ လက်ရိုက်ကို ဘေးချထားပြီး လက်ဝါးဖြင့်ဖိ၍ တွန်းသည့်အခါ တွန်းသည်။ ဖော့၍ ကလော်သည့်အခါ ကလော်သည်။

သစ်သားစကလေးတွေ တစ်ဖတ်ချင်း သေသေသပ်သပ် ပဲ့ထွက် လာချိန်တွင် တမလန်းသား အမာထည်ကြီးသည် အံ့ဩစရာ ကောင်းအောင် ပင် ပဝါးပါးတစ်စအဖြစ် ပြောင်းလဲစ ပြုနေသည်။

သူ့ဘေးပတ်လည်မှာ တစ်ခွဲ၊ ငါးမူး၊ သုံးမတ်၊ တမတ် အရွယ်အစားရှိ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ဆောက်သွားတွေက စနစ်တကျ မဟုတ်ဘဲ *ပြန့်ကြဲနေသည်။*

အဝိုင်း၊ အလုံး၊ အခုံး၊ အပက်ဆောက်သွား အမျိုးမျိုးကို သူလိုအပ် သလို အသုံးပြုခဲ့ပြီးပြီ။ စောင်းတီးပညာရှင်သည် သီချင်းတီးကွက်၏ နောက်အလိုအလျောက် လက်ကလိုက်ပါသွားခဲ့သလိုပင် အတွေ့အကြုံ

ရင့်ကျက်နေသော သူ့လက်ချောင်းတွေကလည်း သူ့ဆန္ဒကို အလို အလျောက် လိုက်လျောခါ 'သတို့သမီး' ရုပ်ထုကို ပုံသွန်း ထုဆစ်ပေးခဲ့သည်။

ဆောက်သိ စိတ်သိလက်သိတဲ့၊ ပန်းပုပညာရှင်ကြီးတွေရဲ့ ဆိုရိုးစကား။

သတို့သမီးရုပ်ထုနှင့်ပတ်သက်၍ ပြောရလျှင် သူက ပန်းပုပညာနှင့် စပ်ဆိုင်သော ဥပဒေသတွေ အဆိုအမိန့်တွေကို ခေတ္တလောက်ဘေးဖယ် ထားပါရစေ။

သူသည် သတို့သမီးရုပ်ထုကို အောင်မြင်ပြီးမြောက်အောင် အသက် သွင်း နိုင်ခဲ့သည်ဆိုလျှင် အနှစ်နှစ်အလလ ဆည်းပူးတတ်ကျွမ်း လာခဲ့သော သူ၏အတတ်ပညာနှင့် မဟုတ်ဘဲ သူ၏နှလုံးသားနှင့် ထုလုပ် သွန်းလောင်း ခဲ့ခြင်းသာလျှင် ဖြစ်စေရမည်။

အပေးအယူ မျှတစွာ ရွေ့လျားနေသော ဆောက်သွားကိုင် ဘယ်လက် နှင့် လက်ရိုက်ကိုင် ညာလက်တို့၏ အချက်ကျကျဆုံတွေ့မှုတိုင်းသည် ဆံညှပ်သမားတို့၏ သင်တုန်းဓါးကိုင်လက်များပမာ အထိန်းအချုပ် နိုင်နင်း သေသပ်လှသည်။

ဆောက်သွားတစ်ချက် ကုန်ဆုံးသွားသည့်အခါတိုင်း 'သတို့သမီး ရုပ်ထု' သည် ဆေးကြိမ်လုံးနှင့် အတို့ခံရသလို အသက်ဝင်နေသည်။

ခေတ္တနားလိုက်ပြီးပါးစပ်မှာ ကိုက်လျက်ရှိနေသော ဆေးတံကို ရှုတ်သည်။ ဆေးသိပ် မီးညှိသော်လည်း အကြည့်တွေက သတို့သမီး ရုပ်ထုပေါ်ကမခွာ။ အချို့အစိတ်အပိုင်းကလေးများမှ လွဲလျှင်ရုပ်ထုသည် အတော်ပီပြင် သက်ဝင်နေပြီ။ ဖိုးအောင်မြတ် ကျေနပ်သွား၏။

အိတ္တွဲ လျော့ယဲ့ကျနေသော မျက်ခွံများအောက်မှ အိုမင်းနေသော မျက်လုံးတွေ တောက်ပလာသည်။ အပြုံးအရယ်ကင်းသော သူ့မျက်နှာမှာ ကျေနပ်မှုတွေ ထင်ရှားနေသည်။ တဒင်္ဂမှာတော့ အရေပြားများ တွန့်လိပ်နေ သော သူ့မျက်နှာသည် ထက်ဝက်လောက် နုပျိုသွားသယောင်။

သို့ရာတွင် ထိုကျေနပ်မှုတွေက ကြာမရှည်။ ရုတ်တရက် မုန်တိုင်း တစ်ခုဖြတ်သန်း တိုက်ခတ်သွားသလို ညှိုးမှောင် အုံ့မှိုင်းသွားခဲ့သည်။

လက်ချောင်းတွေ တုန်ရီ လှုပ်ရှားလာသည်။ ပို၍ သိသာသည်က ဘယ်ဘက် ရင်အုံ့အောက်မှာမှု မမှန်သော နှလုံးခုန်သံ။

တိတ်ဆိတ်သော သက်ပြင်းရှည်တစ်ခုဆွဲရင်း စိတ်ကို လျှော့ချဖို့ ကြိုးစားသည်။ ထိခြင်း၊ သိခြင်း၊ ဖြစ်ခြင်း၊ ပျက်ခြင်း၊ မမြဲသောတရား သတိပဋ္ဌာန်ကို နှလုံးသွင်းဖို့ ကြိုးစားသည်။ ဒါပေမယ့် သူ့စိတ်တွေ ဘယ်လိုမှ စုစည်း၍မရ။

သတို့သမီးရုပ်ထု . . . ။ သူသည် ကနေ့လက်စသတ်မှ ဖြစ်မည်။ ဟော့ဒီလိုပဲ စိန်ပန်းတွေကလည်း ရဲပဒေါင်းခတ်အောင် ပွင့်ချိန်ပေါ့။ အခါမဲ့မိုးကလေးကလည်း ရွာဟန်ပြင်လို့။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ် တိတိ။

ပျော်ရွှင်ခြင်း။ ကြည်နူးခြင်း။ နာကျင်ကြေကွဲခြင်း ဘယ်လိုမှ အစားထိုး ပြုပြင်၍ မရနိုင်သော။ အို အနှစ်လေးဆယ်ဆိုတာ မနေ့ကလိုပါပဲလား။

နံဘေးမှာ ချထားသော မန်ကျည်းသားလက်ရိုက်ကို ဖိုးအောင်မြတ် ကယောင်ကတမ်း ကောက်ကိုင်သည်။ နှစ်ပေါင်းများစွာ ထုရိုက်အသုံးပြုခဲ့သော မန်ကျည်းသား လက်ရိုက်သည် ပုံစံပျက်ယွင်းပြီး အသားစများ ဖွာနေသည်။ သူက စူးစိုက်ကြည့်နေသည်။ သို့ရာတွင် သူ့စေတသိတ်က မန်ကျည်းသား လက်ရိုက်အပေါ်မှာ ရှိမနေ။ ငုတ်တုတ်ကြီး သတိလစ်သူလို ဖြစ်နေသည်။ လက်ရိုက်ကို ပစ်ချလိုက်ပြီး သုံးမတ် 'ဆောက်သွားခုံးပက်' ကို ကောက်ကိုင်ပြန်သည်။ ဒါပေမယ့် လောလောဆယ်အခြေအနေသည် 'သတို့သမီး' ရုပ်ထု အတွက်အဆိုပါ ဆောက်သွားကို အသုံးချရန် မလိုအပ်။

ဆေးတံကို ချွတ်သည်။ မီးက မရှိတော့။ ဆတ်ကယ်ဆတ်ကယ် ဖွာလိုက်ပြီး မီးခိုးအူလာချိန်မှာတော့ သူ့လက်ဖဝါးတွေကို လေထဲမှာ ထောင်၍ ဖြန့်လိုက်သည်။ ကွေးချည့် ဆန့်ချည် လုပ်သည်။

သစ်သားအရိုင်းတုံး အမာထည်အမျိုးမျိုးကိုပင် လိုသလို ပုံသွင်းယူနိုင်ခဲ့ သောလက်များ။

လက်မနှင့် လက်ညှိုးကြား။ ပြီးတော့ လက်ဖဝါးပေါ်တွေမှာ ရှိနေသော အသားမာ ကြမ်းကြမ်းတွေကို ကျန်လက်တစ်ဖက်ဖြင့် ပွတ်သပ်နေမိသည်။

ကြုံလှီသေးကွေးနေတဲ့ အရိုးပြိုင်းပြိုင်း၊ ဖော့သည့် ချိုနဲ့နဲ့ လက်ချောင်းတွေဟာ လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကတော့ သံချောင်းလို ကျစ်လစ်မာကျောခဲ့ဖူးတာပေါ့။

အနှစ်လေးဆယ်သည် အရာရာကို ပြောင်းလဲဖို့အတွက် အလွန်လုံလောက်သော အချိန်အဖြစ် သူလက်ခံနိုင်သော်လည်း ခြွင်းချက်အနေဖြင့် ပြောင်းလဲရန် မတတ်နိုင်သော အရာတစ်ခု သူ့မှာ ကျန်ရစ်ပိုင်ဆိုင်နေခဲ့သည်။

ထိုအရာမှာ သူ၏နှလုံးသား။

ပရမ်းပတာ နိုင်လှသော သူ့နှလုံးခုန်သံက ထပ်မံနှိပ်စက် လာပြန်သည်။ လျှပ်တစ်ပြက် မိုးစက်မိုးပေါက်တွေ ကျလာ။ တဂျယ်ပဲ မိုးရွာလာပါပကော။ ‘ထပ်တူဖြစ်ခြင်းများ’ ဒုနှင့်ဒေး ရှိနေတတ်သော လောကနိယာမကို အောင်မြတ် လက်ခံရတော့မည်။

ဝါးအစည်းပြေသလိုဖြစ်နေသော စိတ်ကို တတ်နိုင်သမျှ တည်ငြိမ်အောင် စုစည်းသည်။ အသေးဆုံးအသွားပါ မှင်ချောင်းကလေးတစ်ခုကို ဆွဲထုတ်ယူလိုက်သည်။

သတို့သမီးရုပ်ထုကို သည်ကနေ့ မလွဲမသွေ အပြီးသတ်ရမည်။

ဆုံလည် စားပွဲဝိုင်းကလေးကို အလိုက်သင့်လှည့်လိုက်၏။ သတို့သမီး ရုပ်ထုက သူနှင့်မျက်နှာချင်းဆိုင် နေရာမှာ သူ့ကို ပြုံး၍ကြည့်နေသည်။ အပြုံးရုပ်တု နှုတ်ခမ်းပေါ်က အပြုံး။ သူထုလုပ်ထည့်သွင်းစဉ်က အင်မတန် သန့်စင်တဲ့ အင်မတန်နူးညံ့တဲ့၊ အင်မတန် သိမ်မွေ့တဲ့ အပြုံးပါ။

အခု အခု မင်းအပြုံးက လှို့ဝှက်တဲ့အပြုံး။ နာကျင်တဲ့ အပြုံး။ လှောင်ပြောင်သရော်တဲ့ အပြုံး။

ရုပ်ထုကို ယုယကြင်နာစွာ ရင်ခွင်ထဲ ထွေးပွေ့လိုက်သည်။ ပြီးတော့ သာအယာ ပွတ်သပ်နှစ်သိမ့်ရင်း အဲသလို အပြုံးမျိုးနှင့်တော့ မနှိပ်စက်လိုက်ပါနဲ့ ချစ်သူ။ ငါ့အတွက် မငဲ့ကွက်လျှင်သော်မှ အပြစ်ကင်းမဲ့သော ငါ့နှလုံးသားကို သက်ညှာပါ။ စိတ်ကူးဖြင့်ပင်လျှင် မင်းကို မနာကျင်စေခဲ့ပါဘူး ချစ်သူ။ ဆောင်ခြင်းဆိုတဲ့ ပျားရည်ကို မသတီစရာတစ်ခုလို့ ရှုံရှာစက်ဆုပ်

နေခဲ့ရတာကို ပြန်တွေးရင်း လွမ်းနာကျတာနဲ့ ငူငူငေါင်ငေါင် ငေးငေးငိုင်ငိုင်ကြီး နေတတ်လာတယ်။ဘဝကို စိတ်နာ၊ အရာရာကို မကျေနပ်ဘဲ လောကကြီးမှာ တစ်ယောက်တည်း နေလာရတဲ့ အခိုက်. . .

တစ်နေ့မှာ. . .

ကျုပ်ရဲ့ ရှေ့တည့်တည့်မှာ ကျုပ်နဲ့ ရွယ်တူနီးပါးရှိတဲ့ ငါးတစ်ကောင်ကိုရုတ်တရက်တွေ့လိုက်ရတယ်။ ကျုပ်ကို ရန်လိုတဲ့အကြည့်နဲ့ကြည့်နေတဲ့ သည်အကောင်ကိုကျုပ် တအားပြေးကိုက်ဖို့ တစ်ဟုန်ထိုးကူးပြီး ပြေးဝင်သွားတယ်။ အမယ် သည်ကောင်ကလဲမကြောက်ဘူးဗျ။ ကျုပ်ဆီကို ကျုပ်လိုဘဲ ပြေးဝင်လာတယ်။

မျက်နှာချင်းဆိုင် ခေါင်းချင်းအဆုံ. . .

အမလေးဗျာ။ ကျုပ်ပါးစပ်တွေ နာကျင်ပြီး ကျုပ်မျက်နှာ တစ်ခုလုံး ရှောင်ကိုင်းထွက်သွားပြီ ထင်တာဘဲ။ ကျုပ်အံ့အားသင့်ပြီး ရန်ဘက်ကို လိုက်ရှာတော့ လားလား ကိုယ်တော်မြတ်က ကျုပ်ရဲ့အနောက်မှာကိုး။ တယ်လျင်တဲ့ အကောင်ဘဲ။ ဘယ်တုန်းကများ ဘယ်လို ရောက်သွားသလဲ မသိပါဘူးဗျာ။ ဒါနဲ့ ကျုပ်နောက်တစ်ကြိမ်ပြေးဆောင့်လိုက်ပြန်တယ်။

သေပါပြီဗျာ. . . ကျုပ်သွားတွေ ကျွတ်ထွက်ကုန်ပြီ ထင်ပါရဲ့။ နှုတ်ခမ်းတစ်ခုလုံးလည်း အထိမခံနိုင်လောက်အောင် နာသွားတာပဲ။ ကြည့်၊ ဒီသည်ခွေးကောင် . . . အဲလေ . . . ငါးကောင်က ကျုပ်ရဲ့နံဘေးညာဘက်ကို ရောက်နေပြန်ပါပြီ။

ကျုပ်ဒေါသ ဖြစ်သွားတယ်။

အမှတ်သည်းခြေ မရှိဘူးဆိုဆို ကျုပ်နောက်တစ်ချီ ထပ်အောင်းလိုက်တယ်။ အီစလံဝေရပြန်တာပေါ့။ မထူးပါဘူး။ ကျုပ်ပါးစပ်ပဲ နာရတာပဲ။ သည်တစ်ခါတော့ သည်ကောင် ဘယ်ဘက်ခြမ်းကိုရောက်လာပြန်ပြီ။

လေးဘက်ဘေးတန် ပတ်ချာလှည့်ပြီး လျင်မြန်တဲ့နှုန်းနဲ့ တိုက်ခိုက်နေတဲ့ ရန်သူကို ကြာတော့ ကျုပ်ပါးစပ်နဲ့ မတိုက်နိုင်တော့ဘူး။ သည်အတိုင်းဆိုကြာရင် အစာတောင်မျိုနိုင်တော့မှာ မဟုတ်ဘူး။ သည်တော့. . . ကျုပ်တအားပြေးပြီး ခေါင်းကိုအသာငဲ့ နံစောင်းနဲ့ တအားပစ်တိုက်လိုက်တယ်။

တတ်သော ချစ်သူအတွက် ပျားရည်လိမ်းကျံခြင်းကင်းတဲ့ ငါ့ရဲ့အမှန်တရားပေါ့။

မိုးစက်မိုးပေါက်တွေ ယိမ်းထိုးလွင့်စဉ်သွားအောင် လေကြမ်း တစ်ချက်ဇော့လိုက်သည်။

ထန်းသီးတစ်လုံးကြွေချိန်တန်လို့ ကြွေရမည့် အခိုက်အတံ့မှာမှ တက်နင်းမိရတဲ့ ကျီးငှက်တစ်ကောင်ရဲ့ ကြေကွဲစရာအဖြစ်မျိုး။ ဘယ်လိုတန်ခိုးရှင်ကမှ ဖန်တီးချုပ်ကိုင်မထားနိုင်တဲ့ ဟော့ဒီ သဘာဝတရားကြီးရဲ့ စနစ်တကျအကွက်ဆင် လုပ်ကြံမှုတစ်ခုပေါ့။

မိုးက သည်းလာသည်။ ကမ္ဘာဖျက်မိုးကြီးပင် ရွာစေတော့။ မီးပင်လယ်ကြီးပင် တားစေတော့ မောင့်ဆီရောက်အောင်လာနိုင်မှာလား ချစ်သူ။ စိန်ခေါ်သံများ။

အနှစ်လေးဆယ် ရုပ်ပုံလွှာက ပီသလာတယ်။ ယခု တဒင်္ဂလိုပင် တဆွေမတိမ်းတူလို့။ အခါမဟုတ် မိုးတွေသည်းလို့။ အိမ်ရှေ့ကွက်လပ်ကလေးပေါ်က မြက်ခင်းစိမ်းစိမ်း။ အပြေးဖြတ်လာနေတဲ့ ချောမွေ့သည့်ခြေတစ်စုံ။ ခြေဖဝါးအောက်မှာ မြက်နုစိမ်းတွေ ပြိုယိုင်ပြားဝပ်ကုန်ကြ မိုးကြိုးတစ်ခု၏ အာခေါင်ခြစ်အော်သံ။ သွေးပျက်ချောက်ချားသံ။ နူးညံ့ဆုံးသော အမြုတေရတနာတစ်ပါး အစိတ်စိတ်ပျက်စီးကျိုးပဲ့သွားသံ။

တကယ်ချစ်ရဲ့လားဆိုတဲ့ မေးခွန်းဟာ လက်ထပ်ပါ့မယ်လို့ လိုလ လားလား သဘောတူ လက်ခံထားပြီးသား မိန်းမတစ်ယောက်အတွ မလိုအပ်တဲ့ မေးခွန်းပါ မောင်။

သိပ်ချစ်တတ်တဲ့ ယောကျ်ားတစ်ယောက်ကို အမြဲလိုပြန်ပြီး ခြော လှန့်တတ်တဲ့အရာဟာ သူ့ရဲ့အချစ်ပဲပေါ့။

အချစ်ကို ထပ်တူမကျမှာ အစိုးရိမ်ကြီးနေရှာတဲ့ သံသယဟာ သူ အတွက် တဏှာတစ်ကောင်ပေါ့။

မောင့်သံသယကို မောင်ဘယ်တော့မှ ဒူးထောက်အညံ့ခံရမယ့် လူ တစ်ယောက် မဖြစ်စေရပါဘူးမောင်။

ဘယ်လို အဟန့်အတားတွေကပဲ ကာဆီးကာဆီး ဟော့ဒီ ကမ္ဘာကြ

တစ်ခုလုံး ရေပြင်ကြီး ဖြစ်သွားမယ့် မိုးကြီးပဲရွာရွာ။ 'ဟော့ဒီ ကမ္ဘာမြေကြီး တစ်ခုလုံး မီးတောက်မီးလျှံတွေနဲ့ ပြည့်နှက်သွားစေမယ့် မီးပင်လယ်ကြီးပဲ တားတား မောင့်ဆီ ရောက်အောင် လာခဲ့မှာပါမောင်။

လျှော့ယီးယီးမျက်ခွံများ အသာစေ့ပိတ်ရင်း ခေါင်းကို ခပ်ဖြည်းဖြည်း ရမ်းခါသည်။ ထိုအချိန်တွင် ရင်ခွင်ထဲက သတို့သမီးရုပ်ထုကို သူ၏ကျွမ်းကျင် နေသော လက်ချောင်းများက အပြီးသတ်အချောကိုင်နေပြီ ဖြစ်သည်။

တစ်မတ်သွား မှင်ချောင်းလေး၏ စနစ်တကျ ရွေ့လျားမှုအောက်တွင် အတွန့်ကလေးတွေ ပို၍တွန့်လာသည်။ အကော့ကလေးတွေ ပို၍ ကော့လာသည်။ အမို့ အဟိုက် အဖု အထစ်။

"ပန်းပုထုတဲ့ အရူးကြီး"

အရူးအဘိုးကြီး အရူးအဘိုးကြီး ဖိုးအောင်မြတ်က ခပ်တိုးတိုး ထိုက်လံရွတ်နေမိသည်။ ကလေးတွေတင်မဟုတ်။ ပတ်ဝန်းကျင်တစ်ခုလုံးက သူ့ကို ကင်ပွန်းတပ်ထားသော စကား။ ဒါပေမယ့် ထိုအတွက် ဖိုးအောင်မြတ်မှာ ဘယ်တုန်းကမှ ခံစားမှု မရှိခဲ့ပါ။ အဆိုပါပညတ်အတွက် သူ ဘယ်တုန်း ကမှ စိတ်မဆိုးခဲ့ဘူးကြောင်း ကျိန်တွယ်ဝံ့သည်။ 'ပုထုဇနော–ဥမ္မတကော' တရားတော်ကို ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေဖြင့် သူ သက်ဝင်ယုံကြည် လေသည်။

ပူဖောင်းတွဲကြီးကို ဆွဲမလိုက်၏။ တစ်လုံးနှစ်လုံးသုံးလုံး အတော်များပါကလား။ ချိတ်လျက်ပါလာသော စာတမ်းကလေးတစ်ခုက မြို့လယ်သိမ်းဖွင့်ပွဲမှ ကျလာခြင်းဖြစ်ကြောင်း ပြောပြနေသည်။

ထူးဆန်းလှချည့်။ ကြဲကြဲဖန်ဖန် သူ့အိမ်ရှေ့ကိုမှ ရွေး၍ကျလာသော ပူဖောင်းတွဲကြီး။

ထိုအခိုက်အတန့်ကလေးမှာပင် ကြက်သီးမွေးညင်းများ ထလောက်အောင် သူသည် ဘုရားသခင်ကို ကျေးဇူးတင်သွားလေသည်။ ယနေ့အဖို့ သူ့အတွက် အပြည့်အစုံဆုံးဖြစ်အောင် ကြံဖန်ဖြည့်စွက်ပေးလိုက် သော ဘုရားသခင်ရဲ့ အကောင်းဆုံး လက်ဆောင်။

ပူဖောင်းတွဲကြီး ဖရိုဖရဲနှင့် အိမ်ထဲခပ်သုတ်သုတ်ပြန်ဝင်သည်။

ထိုအချိန်မှစ၍ ခြေလှမ်းတွေက ကြမ်းပြင်နှင့်မထိတော့။ မိုးစိုနေတာလည်း ဂရုမစိုက်။ ဆိုလည် စားပွဲကလေးပေါ်မှ အပြီးသတ်ထားသော သတို့သမီး ရုပ်ထုဆီ တစ်ချက်လှမ်းကြည့်သည်။

လောလောဆယ် အသက်ခုနစ်ဆယ်ရွယ် အဘိုးကြီးဟု ကျိန်တွယ် ပြောလျှင်ပင် သူ့ကို ယုံကြည်မည့်သူမရှိနိုင်တော့။ လှုပ်ရှားမှုတွေက နုပျို သွက်လက်နေသည်။ မျက်နှာပေါ်က တောက်ပမှုတွေကို ဘယ်လိုမှ ဖုံးကွယ် ထား၍ မရနိုင်။ စိတ်ပိုင်းဆိုင်ရာအားဖြင့် သူသည် အနှစ်လေးဆယ်ခန့် ပြန်ငယ်သွားခဲ့ပြီ။

လွန်ခဲ့သော အနှစ်လေးဆယ်ကို သူပြန်ရောက်နေသည်။ ခေတ္တစဲလိုက် သောမိုးက ချက်ချင်းပြန်ရွာလာသည်။ စောစောကထက်ပို၍ သည်းလာ သည်။ လေပါ ပါလာသည်။ မှောင်လာသော အိမ်ခန်းကလေးမှာ တစ်ချက် တစ်ချက် ပြက်လိုက်သော လျှပ်ရောင် ဝင်လာသည်။ အခန်းထဲမှာ အရိပ်တွေ ယိမ်းထိုးနေသည်။

ညစ်ထပ်ထပ်ပုဆိုးစုတ် တစ်ထည်ဖြင့် သေချာစွာ အုပ်ဆိုင်း ထားသော ခပ်ငယ်ငယ်သေတ္တာတစ်လုံး။ သူ့အစီအစဉ်တွင် ဒုတိယ အရေးကြီးသော နေရာမှ ပါဝင်ရမည့် ပစ္စည်းများက အဆိုပါသေတ္တာထဲတွင် ရှိနေသည်။

ပုဆိုးကို ခွာသည်။ ဖုန်တွေ ခါထုတ်သည်။ အထပ်ထပ်တက် နေသော ဖုန်တွေက အသုံးမပြုသည်မှာ ကြာပြီဖြစ်ကြောင်း ဖော်ပြနေသည်။ ပူနွေးတုန်ရင်နေသော လက်ချောင်းများဖြင့် သေတ္တာကို ဖွင့်သည်။ ပတ္တာ သံချေးကိုက်ထားသဖြင့် တော်တော်နှင့်ဖွင့်မရ။ ခက်ခက်ခဲခဲ ဖွင့်ယူ သေတ္တာပွင့်သွား၏။

ဖော်ပြဖို့ ခက်ခဲသော ခံစားမှုများနှင့်အတူ သူ့စိတ်တွေ အကြီးအကျယ် လှုပ်ရှားနေသည်။

ညက ရွာသောမိုး အတော်များသည်။ အချိန်အခါမဟုတ် ရွာသော ထိုမိုးအကြောင်းလူတွေ ပြောစမှတ်ပြုရအောင်ပင် များသည်။ နားကွဲလုမတတ် စူးရှသော မိုးကြိုးတစ်ချက် ထစ်ခဲ့သည်။ မနက်မိုးလင်းသည့် အခါမှ အဆိုပါ မိုးကြိုးသည် အဘိုးကြီး ဖိုးအောင်မြတ် အိမ်နောက်ဘက်ရှိ စိန်ပန်းပင်ကြီး

ထစ်ကြောင်း သိကြရသည်။ ယခုထိ မီးခိုးစွဲနေဆဲ ရှိသည်။

ထိုစိန်ပန်းပင်ကြီးသည် လွန်ခဲ့သော အနှစ်လေးဆယ် ခန့်ကလည်း မိုးကြိုးတစ်ခါ အထစ်ခံခဲ့ရဖူးကြောင်း အမျိုးသမီးတစ်ဦး ဆုံးပါးသွားခဲ့ရကြောင်း ရှေ့နောက်မီသော အချို့ပုဂ္ဂိုလ်များက ပြောပြကြသည်။

အတော်နေမြင့်သည်အထိ အဘိုးကြီး အရိပ်အယောင် မတွေ့ရသဖြင့် ခြံတံခါးဖျက်၍ အိမ်ထဲဝင်ကြသည်။ မည်သူမျှ မျှော်လင့်မထားသော အိမ်ပေါ်ရှိ မြင်ကွင်းကြောင့် အားလုံးအံ့အားသင့်ကြ ရသည်။

ရောင်စုံပူဖောင်းတွေ ဟိုတစ်လုံးသည်တစ်လုံး နေရာအနှံ့ချိတ်ဆွဲထားပြီး အဘိုးကြီးကတော့ ခေါက်ချိုး မောင်အခင်းကလေး တစ်ခုပေါ်တွင် သက်တောင့်သက်သာ လဲလျောင်းလျက် ရှိသည်။ သူ့နံဘေးမှာ သစ်လွင်တောက်ပသော အဝတ်ပုံနှစ်ပုံတွေ့ရသည်။

အသေအချာကြည့်ကြသည့်အခါ တစ်ခါမှ အသုံးပြုဖူး ဟန် မတူသော သတို့သားနှင့်သတို့သမီးဝတ်စုံ အသစ်ချပ် ချွတ်များဖြစ်နေသည်။

ပြီးတော့ အဘိုးကြီးနှင့် ကပ်လျက်တွင် အလွန် အသက်ဝင် ပြေပြစ်သော အမျိုးသမီး ပန်းပုရုပ်ထုတစ်ခုက လဲလျောင်းနေသည်။

ထို့ထက် ပို၍ထူးခြားသည်ကား အသက်ဝိညာဉ် ကင်းမဲ့နေပြီ ဖြစ်သော အဘိုးကြီး၏ မျက်နှာပေါ်တွင် သူနှင့်ဆက်ဆံဖူးသူတို့၏ ကာလတစ်လျှောက် တစ်ကြိမ် တစ်ခါမျှ တွေ့မြင်ခဲ့ဖူးခြင်း မရှိသော ဘဝင်ကျ ကျေနပ်မှု အပြုံး တစ်ခုကို ပီပီသသ တွေ့မြင်နေရခြင်းပင် ဖြစ်လေသည်။

ဌေးကျော်

စည်း

[၁]

နံနက်ခင်းသည် ငြိမ်းအေးသာယာမှုအတိ ရှိနေသည်။

စိုးစိုးစီစီအော်မြည်နေသည့် ငှက်ကလေးများ၏ အသံ၊ သစ်ရွက်ရိုက်သံနှင့်အတူ လေနုအေးများသည် ဝေ့ဝဲ၍ တိုက်ခတ်နေသည်။

ကျက်သရေ မင်္ဂလာ အပေါင်းနှင့်ခညောင်းပြည့်စုံသည့် နံနက်ခင်းပါတည်း။

သို့သော် . . .

မြနှင်းနုသည် လှပသော ကျက်သရေရှိသော မင်္ဂလာနံနက်ခင်း၏ အရသာကို ခံစားရခြင်း အလျှင်းမရှိ။

အေးမြသည့် လေနုအေးများသည် ပူလောင်နေသည် ထင့်။

သာယာသည့် ငှက်ကျေးသာရကာများ၏ အသံ၊ သစ်ရွက်ရိုက်သံသည် ကမ္ဘာဖျက် သတ္တဝါတစ်ကောင်အော်မြည်နေသည့်အလား ကြောက်ခမန်းလိလိ ပွက်လောရိုက်၊ ဆူညံနေသည်ဟု ထင်မိသည်။

အဘယ်ကြောင့်ဆိုသော် မြနှင်းနု ရင်သည် ပူလောင်နေသော ကြောင့်ပါတည်း။

[၂]

မကြားလိုသည့် အကြောင်းကိုကြားလိုက်ရသကဲ့သို့ မမြင်လိုသည့် မြင်ကွင်းကို မြင်လိုက်ရသည်။ ကြားစကမှ ယုံကြည်ခြင်းမရှိ။ ဦးသီလာ

ငေ့ကြည့်မိသည်။ စိတ်ထဲတွင်မူ 'ဖွဟဲ့၊ လွဲပါစေ' ဟု ဆုတောင်းမိသည်။ ထို့အတူ 'ဟုတ်မှ ဟုတ်ရဲ့လား ဖေဖေရယ်' နီလာ အိပ်မောကျနေတာလားမှ မသိတာ' ဟု သံသယ စကားကို ဆိုမိသည်။

နီလာသည် အိစက်ညက်ညောသည့် ဖဲမွေ့ယာပေါ်တွင် မနိုးသော အိပ်မက်ခြင်းဖြင့် အပ်စက်နေပြီ။ ဒါပေမယ့် နီလာ့ ပုံသဏ္ဍာန်က သေနေသည်နှင့် မတူချေ။ မြနှင်းနုသည် နီလာကို အသေအချာ အကဲခတ်ကြည့်၊ ကြည့်ရင်း တုန်တုန် လှုပ်လှုပ် ခံစားလိုက်ရသည်။

ဟုတ်သည်။

တုန်လှုပ်စရာပေပဲ။

ကြည့်ပါဦး၊ နီလာ့ ဘယ်ဘက်လက်ဖဝါးပေါ်တွင် ဖွေးဖွေးဖြူနေသည့် စံပယ်ပန်းခက်ကြီး။

ထိုအခါ မြနှင်းနု ဆောက်တည်မရနိုင်အောင် ခံစားလိုက်ရသည်။ မြနှင်းနုသည် ဆိုဖာလက်ရမ်းကို တင်းကြပ်စွာ ဆုတ်ကိုင်ယင်း 'အို ဘုရား ဘုရား' ဟု ညည်းလိုက်သည်။ နီလာကို မမြင်ရက်သကဲ့သို့ မျက်လုံးကို မှိတ်လိုက်သည်။ ဒါပေမယ့် မျက်ဝန်းထဲတွင် အရိပ်သဏ္ဍာန်တစ်ခုကို မြင်နေမိသည်။

နီလာ လား။

မဟုတ်ပါ။

ဘယ်သူလဲ၊ ဘယ်သူလဲ။

သူလေ၊ သီသီထွေးရယ်ပေါ့။

[၃]

သီသီထွေးသည် ယခုအခါတွင် လောကတွင် မရှိတော့။

လွန်ခဲ့သော ရက်'နှစ်ဆယ်'ခန့်က သေဆုံးသွားသည်ပဲ။ သီသီထွေး သေဆုံးပုံနှင့် နီလာသေဆုံးပုံသည် မတူ။ အတူတူပင် ဖြစ်သည်။

ပြီးတော့ . . . .

သေဆုံးသူ နှစ်ဦးစလုံးသည် ကိုကို့နှင့် ပတ်သက်သူချည်း။ ဒီတော့

ကိုကို မယောဂကင်းမှ ကင်းပါစေဟု သံသယ ဝင်မိပြန်သည်။

ထိုအခါ မြနှင်းနုသည် မလွဲမသွေ အတိတ်ကို သတိရမိပြန်သည်။

ဩော်- ပျော်စရာကောင်းသလို လွမ်းမောစရာ ကောင်းပါဘိ။

အမှန်တော့ သီသီထွေးသည် အပြစ်မဲ့သူ။ အပြစ်ရှိသူသည် ကိုကိုသာဖြစ်ကြောင်း နှောင်းမှသိသည်။ ကိုကိုက အလှမက်သူ၊ အပျော်ကျူး တတ်သူ ဟုတ်လား။

ကြည့်လေ။

မြနှင်းနု အသွင်အပြင်နှင့် သီသီထွေးအခြေအနေ အသွင်အလျာက ကွာသည်ပဲ၊ သီသီထွေးကို ဆုတောင်းကောင်းသူ ဆိုရမည်ထင်ရဲ့၊ ရုပ်၊ အသံ၊ ခန္ဓာကိုယ် ဖွဲ့စည်းမှု ဘာမှပြောစရာမရှိ၊ ခေတ်စကားနှင့် ပြောရလျှင် "ဖလား"။ "ကျ"လောက်သည့် ရုပ်၊ "ကျ"လောက်သည့် ခန္ဓာကိုယ် အချိုးအဆစ်။

အရင်ကဆိုလျှင်တော့ ကိုကိုသည် မြနှင်းနုမှ မြနှင်းနုပင်။

'တကယ်ပြောတာ မိန်းကလေး၊ မင်းကို ခေတ်သစ် ပဥ္စပါဝီလို့တောင် ပြောချင်ပြီ။ ကိုကိုစွဲနေပြီကွာ၊ မင်းနဲ့ မတွေ့ရရင် ကိုကို မနေနိုင်တော့ဘူး။

ကိုကိုဆိုဖူးသည်။ ထိုစဉ်က ကြည်နူးလိုက်သည့် ဖြစ်ခြင်း။

ဘာပဲဖြစ်ဖြစ်။ မြနှင်းနု ကိုကို့ကို ယုံသည်။ ကိုကို့စကားကို ကျောက်ထက်ပေထက် အက္ခရာ ပမာထင်ခဲ့သည်။ သို့သော် မကြာလှသည့် ကာလမှာပင် ကိုကို့ စကားသည် နွေဦးလေဆန်နေကြောင်း နားလည်ရသည်။ ပြောရလျှင်-

သီသီထွေး မြနှင်းနုတို့အိမ်ခန်းဘေးသို့ ပြောင်းလာကတည်းက ဖြစ်သည်။

မြနှင်းနုသည် သီသီထွေးကို မြင်စက ခင်မင်မိသည်။ အားကျမိသည်။ တောင့်သည်။ ဖြောင့်သည်။ အပြောချိုသည့် သီသီထွေး။

သို့စဉ်လျက် ကိုကိုနှင့် စပ်လျဉ်းပတ်သက်လာသည့်အခါ မနာလိုတိုရှည် ဖြစ်ရသည်။

ကိုကိုကပင် ပိုသည်လား။ သီသီထွေးကပင် အခရာ၊ အတာ ကောင်းသည်လား မသိ၊ သီသီထွေးနားက မခွာတော့၊ မြနှင်းနုဆိုတာ ဒီကမ္ဘာတွင် ရှိသည်ဟု ထင်မှ ထင်သေးပါစ။ ဖုတ်လေသည့် ငပိ ရှိသည်ဟု မှတ်ပါစ။

ယခုမှ ယောကျ်ားဆိုတာ ဒီလိုပါပဲလားဟု မြနှင်းနု တွေးတတ်ပြီ။ ယောကျ်ားသည် အချော့ကို ကြိုက်သည်လား။ အချောကို ကြိုက်သည်လား မသိ၊ မြနှင်းနုသိသည်က သီသီထွေးကို မုန်းသည်။

သီသီထွေးက ပုံမှန်ရှိသည်။ မြနှင်းနုကို ညီမလေးလို ချစ်ရှာသည်။ မြနှင်းနု မျက်နှာညိုးရင် မနေတတ်။

'ညီမ ဘာဖြစ်လို့လဲ ဟင်၊ ညီမနေမကောင်းဘူးလား'

'ကောင်းတယ်'

မြနှင်းနု ဟန်မဆောင်တတ်ချေ။

ရာသီဥတုသည် ပုံမှန်အနေအထားမရှိ၊ နေပူရာမှ မိုးညို့လာသည် ထင်၏။ မြနှင်းနု အဝေးကို ကြည့်ရင်း။

'အမ ကိုကို့ကို ချစ်လား'

'ဩော်–ချစ်တာပေါ့ ညီမရယ်'

'ဘာရယ် ချစ်တယ် ဟုတ်လား။ နို့ ကိုကိုကရော ချစ်တယ်တဲ့လား'

သီသီထွေး ခေါင်းညိတ်ပြသည်။ နောက်မှ . . . .

'ပြောတာပေါ့။ မမနဲ့ အတူမခွဲနိုင်ဖူးတဲ့၊ ဖြစ်နိုင်ရင် စက္ကန့်မလပ် တွေ့နေချင်တယ်တဲ့၊ ဒီညတောင် မမကို ချိန်းထားသေးတယ်၊ ရုပ်ရှင် ကြည့်မယ်ပြီးတော့'

သီသီထွေးက စကားကို ဖြတ်ပြီး ရှက်စနိုးပြုံးသည်။ မြနှင်းနု ကျောမနပ် ကြည့်မိသည်။ အိမ်ထဲသို့ ဝင်ခဲ့သည်။ သီသီထွေးကို နှုတ် မဆက်မိ၊ သီသီထွေး ငိုင်ကျန်ခဲ့သည်။

မြနှင်းနု အခန်းထဲအရောက် အပြင်မှ သီသီထွေးနှင့် မေမေ့အသံကို ကြားသည်။

‘ညီမလေး ဘာဖြစ်နေလဲ အမေပု’

‘အလကားပါ ရှူးနေတာပါ တဲ့’

အမေ့ ဖြေပုံက မကျေနပ်စရာကောင်းသည်။

ဒါပေမယ့် မှန်တော့မှန်သည်။

မြနှင်းနု ရှူးနေပါသည်။ အချစ်ရှူးပေါ့လို့။

[၄]

ပိုသည်ဟု ဆိုချင်ဆိုပါတော့။

ညက မြနှင်းနု အိပ်မရ။

နေလည်း ကွယ်ပျောက်စ အချိန်တွင် သီသီထွေးကို ကိုကို့ မာဇဒါဖင်မလီယာ ကားကလေးနှင့် လာခေါ်သွားသည်ကို တွေ့သည်။

မြနှင်းနု ဝရန်တာ လက်ရမ်းကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ငေးကြည့်နေမိသည်။ စိတ်ထဲမှာ မကျေနပ်သလို၊ မတွေးပေမယ့်၊ ဒီအချိန် ရှုပ်ရှင်ရုံရောက်နေမှာ၊ ဒီအချိန်ဆို စသည်ဖြင့်။

မိုးလင်းခါနီးမှ အိပ်ပျော်သွားသည်။

သို့သော် . . . .

ခဏလေးနှင့် ပြန်နိုးသည်။ နှင်းမကွဲသေး။ အအေးက ကဲနေဆဲ မြနှင်းနု ဝရန်တာသို့ ထွက်ခဲ့သည်။

ကိုကိုရယ်၊ ကသုတ်ကရက် ပြေးဆင်းသွားသည့် ကိုကို့ကိ တွေ့ရသည်။ စိတ်ထဲမှာ ထူးဆန်းနေသည်။ ကားမလာဘူးလား၊ ကို အခြေအနေသည်အတိုင်းအတာ တစ်စုံတရာအထိ ထူးဆန်းနေသည် ထင်

သီချင်စိတ်သည် ဖြောင်းဆန်နေသည်။ မီးဖိုခန်းမှ ထွက်လာသည့် အမေနှင့် ဆုံရသည့်အခါ . . . .

‘သီသီတို့ ဘယ်အချိန်ပြန်ရောက်ကြသလဲဟင်’

‘မနက်လေးနာရီ လောက်က ကားသံကြားတယ်၊ ဘာဖြစ်လို့လဲ’

‘ဘာမှ မဖြစ်ပါဘူး’

ဒီလိုဆို ကိုကို တစ်ပတ်ကျော့ ပြန်လာတာနေမှာဟု တွေးမိသည်

ကိုကိုကလဲ ပိုသည်ထင်၏။ ကောင်မကလဲ ဘယ်လောက် အညုအစ္ဆဲ ပိုခဲ့သည် မသိ။

မြနှင်းနု မနာလိုတိုရှည် ဖြစ်မိသည်။

ထိုအခိုက် သီသီထွေးအခန်းဖက်မှ ဝေဝေ အပြေးတစ်ပိုင်း မြနှင်းနု အခန်းဖက် ကူးလာသည်။ ဝေဝေသည် မြနှင်းနု၏ အိမ်ဖော်။ တစ်စုံတရာ ထူးခြားသည်ဟု ထင်မိသည်။ ဝေဝေ မျက်နှာသည် စိုးထိတ်နေသည့် သဏ္ဍာန်မှ ကင်းပါ၏။

မြနှင်းနု မကြွဲပြား။

ဒီနေ့က မြနှင်းနု ပထမဆုံး ရဲစခန်းကို ရောက်ဖူးသည်။

ပြည်သူ့ရဲ၏ အစစ်အဆေးကို ပထမဆုံး ခံခဲ့ရသည့် နေ့။

မြနှင်းနု သိသလောက် ဖြေခဲ့သည်။

သို့သော်. . . .

မနက် ဝေလီဝေလင်း ကိုကို ကသုတ်ကရက် သီသီထွေး အိမ်ပေါ်မှ ပြေးဆင်းသွားသည့် အကြောင်းကိုမူ ဘာကြောင့် ထိမ်ချန်မိသည် မသိ။

ကိုကို့ကို သနား၍ ဖြစ်မည်ထင်၏။ ရဲစခန်းတွင် ဆုံတွေ့ရသည့် ကိုကို့မျက်နှာသည် သွေးမရှိသလို ဖြူဖျော့နေသည် ထင်၏။

ကိုကို့၏ ပျက်ယွင်းနေသည့် အမူအရာ၊ ကိုကို့၏ ညှိုးငယ်ဟန်၊ တစ်စုံတရာကို အသနားခံဟန်ပေါက်သည့်အကြည့်၊ မြနှင်းနု မမေ့နိုင်ပေ။

ရဲစခန်းက အထွက်တွင် ကိုကို့ကို စောင့်မိသည်။ ဆုံသောအခါ ကိုကိုက ပြုံးမိသည်။ လျော့ရဲရဲ အပြုံး။

‘ကိုကို မြနှင်းနုကို လိုက်ပို့နိုင်ပါတယ်နော်’

‘ရပါတယ် မြနှင်းနု’

မြနှင်းနုကားပေါ်အရောက်တွင် ကားစထွက်သည်။

‘ကိုကို သိပ်ကြောက်နေမှာပဲနော်’

‘ဒါဟာ လူသတ်မှု မြနှင်းနု’

‘အင်းလေ၊ မြနှင်းနု အသိသားပဲ၊ လူသတ်မှုမှာ မျက်မြင်သက်သေ

အင့် . . . နံရိုးတွေ ကျိုးလုမတတ်ခံစားလိုက်ရပြီး ကျုပ်တစ်ကိုယ်လုံး လွင့်ထွက်သွားတယ်။ အဲ . . . သည်တစ်ခါတော့ မဆိုးဘူး။ သည်ကောင်လည်း ကျုပ်လိုပဲ ခံလိုက်ရတာကို မြင်လိုက်ရတယ်။

နောက်တစ်ကြိမ်သည်ကောင်ပျောက်သွားလို့ မသင်္ကာတာနဲ့ ပတ်ဝန်းကျင်အရပ် ဆယ်မျက်နှာကို သေသေချာချာလိုက်ရှာတော့ အားပါးပါး ကိုယ်တော်ချောက အထက်စီးကနေ အုပ်မိုးပြီး စောင့်နေတာကို။ တော် ပါသေးရဲ့။ အချိန်မီ တွေ့လိုက်ရပေလို့။ ဒါနဲ့ ကျုပ်လည်းဖြတ်ခနဲခုန်ပြီး ခေါင်းနဲ့တိုက်လိုက်တယ်။ တစ်ပြိုင်နက်တည်း ဆိုသလိုမှာပဲ သည်ကောင်က လည်း ကျုပ်လိုပဲ ကျုပ်ခေါင်းပေါ် ဒိုင်ဗင်ထိုးချတယ်လေ။

ခေါင်းနှစ်ခုစလုံး ဥသျှစ်သီးချင်း ကိုင်ထုခွဲသလို ကွဲရောမှတ်တာဗျို့။

အလဲ့ . . သည်တစ်ခါ ဘာမှမဖြစ်ဘူးဗျ။ ကံသီလို့ လွဲချော်သွား တယ်ထင်ပါရဲ့။ သည်လိုနဲ့ ခဏခဏ တွေ့တွေ့ပြီး ရန်ဖြစ်နေလိုက်ကြတာ တဖြည်းဖြည်းနဲ့ ကျုပ်လည်း အကူးအခတ် အသတ်အပုတ်တွေ ကျွမ်းကျင် သွက်လက်လာရော။

နောက်မှသိရတာက ကျုပ်နဲ့ တိုက်နေတာ တခြားတစ်ကောင် ဘယ်မှာ ဟုတ်လို့လဲ။ ကျုပ်ကို မွေးတဲ့ ပိုင်ရှင်လူသားကကြည့်မှန် တစ်ချပ်ကို ကျုပ်ရှေ့ချလိုက် ကျုပ်ကပြေးဝင်တော့ ဆတ်ခနဲ ဆွဲဖယ်လိုက်။ ဖန်ပုလင်း နံရံနဲ့ ကျုပ်ပါးစပ်နဲ့ ဝင်ဆောင့်လိုက်၊ ကျုပ်အီသွားလိုက်။ မှန်ချပ်ကို ကျုပ် နောက်ဘက်ရွှေ့လိုက် ကျုပ်က တစ်ပတ်လှည့်ပြီး ထပ်ဆော်လိုက် ကျုပ်အီ သွားလိုက်။

လားလား . . . မှန်ချပ်က အရပ်မျက်နှာအနှံ့ရွှေ့လေ ကျုပ်က လိုက်တိုက်လေနဲ့ တစ်ချိန်လုံး အရူးဖြစ်နေခဲ့တာကိုး။

ဒါကို ကျုပ်သိတဲ့ အချိန်က စပြီးကျုပ်လုံးဝ မတိုက်တော့ဘူး။

အတွေ့အကြုံအရ တိုက်ခိုက်မှုပညာ အနည်းအကျဉ်း ရလိုက်တာ တော့ အမြတ်ပေါ့လေ။ ဒါပေမယ့် မှန်ချပ်မှာ ကိုယ့်အရိပ်မြင်ရုံနဲ့ ကျုပ် ထွက်မတိုက်တော့ဘူး။ အကင်းပါးသွားပြီကိုး။ ဘာရမလဲ သာဝရယ်။ ငါက မင်းလောက်တော့ ပါးပါးသေးတယ်ကွယ်။

သိပ်အရေးကြီးသတဲ့ ကိုကို၊ မနက်က ဝေလီဝေလင်း ကိုကို ပြေးဆင်း သွားတာကို မြနှင်းနု တွေ့လိုက်ပါတယ်လို့သာ မြနှင်းနု ပြောလိုက်ရင်။

စကားဖြတ်ပြီး ကိုကို့ကို ကြည့်မိသည်။ ကိုကိုမျက်နှာသည် ကျောက်ဖြူသားနှယ် ဖွေးသွားသည်ထင်၏။

'ဟင်း၊ ဟင်း၊ ကိုကို သိပ်စိုးရိမ်သွားသလား'

'မင်း၊ မင်း ငါ့ကို ချိမ်းခြောက်နေတာလားဟင်၊ မင်း၊ မင်း၊ ဘာလိုချင်လဲ မြနှင်းနု၊ ငွေလား'

'ငွေ' မြနှင်းနု ရင်ထဲ စစ်ကနဲနာသွားသည်။ ငွေရှင်၊ ကြေးရှင်ပီပီ ငွေနှင့် တိုင်းတာမှန်း နားလည်သည်။ မြနှင်းနု နာကျဉ်းစွာ ပြုံးမိသည်။

'မြနှင်းနု ငွေမလိုချင်ပါဘူး၊ အခြေအနေအရ မြနှင်းနု ဘဝပျက်နေပေမယ့် ငွေကို မမက်မောဘူး ကိုကို'

'ဪ –ဒါဖြင့် မင်းလိုချင်တာက ဘာများလဲကွ'

'မြနှင်းနု လိုချင်တာ ကိုကိုပေးနိုင်မလား'

'ဖြစ်နိုင်တာ ဆိုရင်တော့ ဝန်မလေးပါဘူး'

'ဒါဖြင့် မြနှင်းနု လိုချင်တာ တခုကို ပြောမယ်ကိုကို၊ တခြားတော့ မဟုတ်ဘူး၊ မြနှင်းနု ကိုကိုနဲ့ နှစ်ပတ်လောက် လိုက်နေချင်တယ်'

'ဘာ'

ကိုကို တုန်လှုပ်သွားသည်ကို တွေ့သည်။ သို့သော် ကိုကို ဟန်ဆောင်ကောင်းပါသည်။

'ဟုတ်တယ် ကိုကို၊ ဒါဟာ မြနှင်းနုရဲ့ လိုလားချက်ပဲ၊ တစ်ခုတော့ ကိုကိုနားလည်စေချင်တယ်၊ ဒါက တခြားတော့ မဟုတ်ဘူး ကိုကို၊ မြနှင်းနု ကိုကိုအိမ်မှာ လိုက်နေချင်တာ ဘာကြောင့်မှ မဟုတ်ဘူး၊ မြနှင်းနု မသေခင် အထက်တန်းလွှာ အကြောင်းကို နားလည်ချင်တယ်၊ ဒါကြောင့်ပါ ကိုကို'

'မင်းရူးနေသလား မြနှင်းနု၊ မင်းကို အိမ်ပေါ်ခေါ်ထားရင် ပတ်ဝန်းကျင်က ငါ့ကို ဘယ်လိုမြင်မလဲ၊ အဖေကရော ငါ့ကို ဘယ်လိုမြင်မလဲ၊ ယုံကော ယုံမလား'

'ယုံအောင် နေကြည့်ပေါ့ကိုကို၊ ဒီလောကက မဆန်းပြားပါဘူး။ မြနှင်းနု ကိုကို့ကို ကူညီခဲ့တာနဲ့ စာရင် ဘာမှ မပြောပလောက်ပါဘူး။

ကိုကို သက်ပြင်းရှိုက်သည်။

'အေးလေ၊ ငါတစ်ရက် နှစ်ရက် စဉ်းစားပါရစေ။

'ကောင်းပါပြီ ကိုကို'

* * *

[၅]

ကိုကို သဘောတူပြီ။ ကိုကိုက အနေအထိုင် ဆင်ခြင်ဖို့ အကြောင်းနှင့် လိုအပ်သည့် အကြောင်းတစ်ချက် နှစ်ချက်ကို ပြောပြပြီး မြနှင်းနုကို ခေါ်သွားသည်။

ကိုကို့တိုက်သည် ခမ်းနားလွန်းသည်။ အင်းလျားကန် နံဘေးတွင် ရှိသည်မို့ ပို၍လှပ။ ပို၍ ပဏာရသည်ထင်ပ။

ကိုကို ဖခင်အမည်သည် ဦးသီဟဖြစ်သည်။ ဝဝဖိုင့်ဖိုင့်နှင့် အသားဖြူသည်။ ဥပဓိရုပ် ကောင်းပြီး မျက်နှာချိုသည်။ ကြင်နာတတ်ပုံရသည်။ ကိုကိုက မြနှင်းနုအား မိခင်ဆုံးပါး၍ စိတ်သောက ရောက်နေသူတဦးအဖြစ် မိတ်ဆက်ပေးသည်။

'ဖေဖေ စိတ်မကောင်းပါဘူးကွယ်။ သမီးလို့ပဲ ခေါ်မယ်နော်၊ ဖေဖေ့အိမ်မှာ ဘာမှ အားမနာနဲ့၊ ကိုယ့်အိမ်လို သဘောထား။ လွတ်လွတ်လပ်လပ်နေနိုင်တယ်'

'ကျေးဇူးပါပဲ ဖေဖေ'

မြနှင်းနုသည် အတွေ့အကြုံနည်းသူမဟုတ်။ ထို့ကြောင့် ဦးသီလနှင့် ပုလဲနံသင့်အောင် ပေါင်းဖက်နိုင်ခဲ့သည်။

တစ်နေ့ . . .

ဦးသီဟသည် ဓါတ်ပုံတစ်ပုံကို ပြ၏။ ခန့်ညားလှပသည့် မိန်းမတစ်ဦးပုံဖြစ်သည်။ ကိုကို့ရုပ်နှင့် ဆင်သယောင် ရှိသည်။

'ဒီပုံဟာ သားရဲ့ မိခင် ဒေါ်စံပယ်ရဲ့ ပုံပဲ သမီး၊ အင်မတန်သစ္စာကြီးတဲ့ သူပါပဲကွယ်၊ ဖေဖေဟာ ငယ်ငယ်က မွေခဲ့၊ ရှုပ်ခဲ့ဖူးတယ်

သမီး။ ဒါကြောင့် ဖေဖေနဲ့ မစံပယ်ဟာ သားကိုယ်ဝန် ရှိချိန်မှာ ကွဲသွားကြတယ်၊ မစံပယ်ဟာ အချစ်ကြီးသလောက် အမျက်ကြီးလွန်းတယ်ကွယ်၊ သစ္စာကြီးသူပီပီ ဒီဖေဖေကို သေတဲ့အထိ ခွင့်မလွှတ်ခဲ့ဘူး။ သားကို တွေ့ချင်ပေမယ့် တွေ့ခွင့်မရခဲ့ဘူး။ သူသေပြီးမှ သားကို ဖေဖေပြန်တွေ့ရတာ၊ သားအသက် နှစ်ဆယ်ရှိနေပြီ။ အနှစ်နှစ်ဆယ်လုံးလုံး ကွဲကွာနေခဲ့တဲ့ သားမို့ ဖေဖေသိပ်ချစ်တယ်၊ သားငြိုငြင်မှာကို ဖေဖေစိုးရိမ်တယ်၊ သားဟာ ဖေဖေဘဝပဲ သမီး'

မြေထုမြင့်မိုရ်မက ကြီးမားသည့် မေတ္တာဟု မြနှင်းနု နားလည်လိုက်သည်။ အဖေကို တမ်းတမိသည်။ အဖေ့ကိုကား မြနှင်းနု ဖြူသည်။ မဲသည် မသိလိုက်၊ မမြင်ဖူးခဲ့။

'ကိုကိုကလဲ ဖေဖေ့ကို ချစ်ပါတယ်'

'ချစ်ရမယ်လေ၊ မေတ္တာဆိုတာ အရောင်အနံ့ မရှိပေမယ့် အသွားအပြန်ရှိသတဲ့ သမီး'

နောက်၊ မြနှင်းနု ပန်းခြံထဲ ဆင်းခဲ့သည်။

အိမ်ကြီးက ကြီးမားသလောက် ခြံကြီးက ကျယ်ဝန်းပါသည်။ နှင်းဆီ၊ ဒါန၊ သောကပန်းများ ဝေဆာနေသကဲ့သို့ ခြံကြီး၏ မြောက်ဘက်စွန်းရှိ စံပယ်ခြံကြီးက အံ့သြယူရလောက်အောင် အပုံ့အပြော ကျယ်ပါသည်။

စံပယ်တို့ ပွင့်နေသည်။

စံပယ်ရနံ့တို့က သင်းပျံ့နေသည်။ မြနှင်းနု စံပယ်ခြံ ထဲတွင်ရှိခိုက်။ ကိုကို ပြန်လာသည်။ သို့သော် ကိုကိုတစ်ယောက်ထဲကား မဟုတ်၊ ကိုကိုနှင့်အတူ ချောမောလှပသည့် အထက်တန်းစား မိန်းမတစ်ယောက်ပါလာသည်။ အချိုးအဆစ်ပြေပြစ်ပေသည်။ ခရမ်းပွင့်လုံချည် အင်္ကျီဆင်တူကို ဝတ်ထားသည်။

ကိုကိုက အပြုံးနှင့် . . .

'မြနှင်းနုရေ ဒါက ကိုကိုနဲ့ မကြာခင် လက်ထပ်မယ့် ကိုကိုဇနီးလောင်း နီလာတဲ့၊ နီလာ ဒါကတော့ ကိုကိုညီမလေးလို ခင်တဲ့ မြနှင်းနုတဲ့'

ကိုကိုက မိတ်ဆက်ပေးသည်။

မြနှင်းနုက လှိုက်လှိုက်လှဲလှဲ ရှိသလောက် နီလာဟန်က လိုလား မှုကင်းနေသည့်နှယ်။

'ဒီက ညီမမှာ တခြားအသိအကျွမ်း မရှိဘူးလား'

နီလာသည် ဘယ်လိုမိန်းမစားနည်း။ အူတိုလွန်းသည်ထင်၏။ မြနှင်းနုရင်ထဲ နင့်သွားသည်။ မြနှင်းနု မျက်နှာ ရဲကနဲဖြစ်သွားသည်။ နီလာကို ကြည့်လိုက်သည်။ ကိုကိုက အကင်းပါးပါဘိ။

'မြနှင်းနုနဲ့ ရန်ကုန်က အင်မတန် အစပ်အဟပ်ကွာသကွဲ့၊ ရန်ကုန်ရောက်တာ ဒါပထမဆုံး အကြိမ်ပဲ၊ မိန်းကလေးဆိုတော့ တည်းခိုခန်း မှာ တည်းလို့လဲ မကောင်းဘူးလေ'

စကားကို ဖြတ်ကာ မြနှင်းနုကို ကြည့်သည်။

'ကဲ မြနှင်းနု ကိုကိုတို့ စကားပြောလိုက်ဦးမယ်၊ မြနှင်းနု ဖဲ့ကို စေ့လိုက်မိည်။ စံပယ်ခက်တစ်ခက်ကို ချိုးလိုက်သည်။ ပြီး ဘယ်ဘက် လက်ဝါးပေါ်တင်ကာ–

'ရော့ ကိုကို၊ ကိုကို့ ဇနီးလောင်းကို ပေးလိုက်ပါ၊ သူလဲ ကိုကို ချစ်သူဆိုတော့ စံပယ်ပန်းကို ကြိုက်မှာပေါ့'

ကိုကို မျက်နှာပျက်သွားသည်။ သို့သော် . . .

'ကျေးဇူး၊ မြနှင်းနု'

* * *

ကိုကို မြနှင်းနု လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။ မြနှင်းနု ကိုကို့မျက်နှာကို ကြည့်လိုက်၏။ ကိုကို မျက်နှာတွင် ညှိုးရိပ် သန်းနေသည်။ မင်းငါ့ကို ဘာလို့ ချိန်းခြောက်နေလဲ မြနှင်းနု၊ ငါ မင်းဆန္ဒကို ဖြည့်ဆည်းပေးခဲ့တယ် မဟုတ်လား ဟုဆိုသည်။

မြနှင်းနု ပြုံးမိသည်။

'မြနှင်းနု ကိုကို့ကို မချိန်းခြောက်ခဲ့ပါဘူး၊ ကိုကို့ လိပ်ပြာက ကိုကို့ကို လှန့်နေတာပါ။ ဒါထက် ကိုကို အချစ်ကလေးကရော ဘယ်လိုလဲ'

ကိုကိုသက်ပြင်းကို ဖူးကနဲ မှုတ်ထုတ်သည်။

'မပြောချင်ပါဘူး မြနှင်းနု၊ နီလာဟာ အင်မတန် သဘောနု

တယ်လေ၊ ကိုကိုက ရှင်းပြပေမယ့် ယုံဟန်မရှိဘူး။ အမြန်ဆုံး လက်ထပ်ဖို့ ပဲပြောနေတယ်၊ ခုတော့ သူ့ဆန္ဒကို လိုက်လျောလိုက်ရပြီ မြနှင်းနု'

'အြော် . . . ကိုကို သူ့ကို လက်ထပ်တော့မယ်ပေါ့ ဟုတ်လား ကိုကို'

'ဟုတ်တယ် မြနှင်းနု၊ ကိုကိုနဲ့ သူရွှေအပါတ်ထဲမှာ လက်ထပ်ကြမယ်၊ မင်္ဂလာ ကိစ္စ စီမံဖို့အတွက် သဘက်ခါ သူတို့ ဒီကို ပြောင်းလာကြလိမ့်မယ်လေ'

'ဖေဖေကရော သဘောတူသတဲ့လား'

ကိုကိုက လေးကန်စွာ ခေါင်းညိတ်ပြသည်။

ထိုညက မြနှင်းနု ဦးသီဟနှင့် ဆုံရသေးသည်။

'သားတော့ မကြာခင် လက်ထပ်တော့မယ် သမီး'

'ဖေဖေလဲ သဘောတူတယ် မဟုတ်လား'

ဦးသီဟက လေးကန်စွာ သက်ပြင်းရှိုက်သည်။

'မတူလို့လဲ မဖြစ်ဘူးလေ၊ ဖေဖေက သားငြိုငြင်မှာကို စိုးသကိုး၊ ဒါကြောင့်လဲ မင်္ဂလာကိစ္စ ဆွေးနွေးတိုင်ပင်ဖို့အတွက် ဒီအိမ်ကို ပြောင်းလာဖို့ ဖေဖေ ခွင့်ပြုလိုက်တယ် သမီး'

မြနှင်းနု ငိုင်နေသည်။

ထိုညက မြနှင်းနု အိပ်မရခဲ့ပေ။

[၆]

ဒီနေ့က မြနှင်းနု ကိုကို့ အိမ်သို့ ရောက်ပြီး (၁၀)ရက်မြောက် နေ့ ဖြစ်သည်။

ယခုဆိုလျှင် ကိုကို့ ဖနီးလောင်း နီလာသည်လည်း အိမ်ကြီး ပေါ်သို့ရောက်နေပေပြီ။

ကိုကိုနှင့်နီလာသည် တစ်ဦးကိုတစ်ဦး တော်တော်ကလေး ချစ်ကြသည်။ အပေးအယူမျှတသည်။ ရှေ့သွားနောက်လိုက်ညီသည်။ ညနေစောင်းတွင် ကိုကိုနှင့် နီလာ ပန်းခြံတွင်းသို့ ဆင်းစမြဲ။ နီလာကို

ကိုကို စံပယ်ခက်တွေ အခက်လိုက် ပန်ပေးတတ်သည်။ စံပယ်ကြိုက်သည့် ကိုကိုရယ်။

ညက ကိုကိုနှင့် ဆုံရသည်။

'ဟင် ကိုကို'

'ဟုတ်တယ် မြနှင်းနု၊ ကိုကို မင်းနဲ့ တွေ့ချင်လို့'

'ဘာလဲ ကိုကို၊ ပြောလေ'

'ဒီနေ့ဆို ဆယ်ရက်ရှိပြီ မြနှင်းနု'

မြနှင်းနုက သဘောပေါက်ဟန် ပြုံးလိုက်သည်။

"ကိုကိုက မြနှင်းနု တွယ်ကပ်နေမှာ စိုးလို့လား၊ စိတ်ချပါ ကိုကိုရယ်၊ မြနှင်းနုဟာ ဘဝပျက်နေတဲ့ မိန်းကလေးပေမယ့် ကတိမပျက်တတ်ပါဘူး"

'ကျေးဇူးပါပဲ မြနှင်းနု'

ကိုကို ပြန်အလှည့်တွင် 'ကိုကို'

'ဟင် မြနှင်းနု'

'ကိုကို စံပယ်ပန်းကို ချစ်တယ်နော်'

"မင်း၊ မင်း ဘာကို ရည်ရွယ်ပြီး မေးတာလဲ မြနှင်းနု'

ကိုကို့ အမူအယာပျက်သွားသည်။

'မြနှင်းနု သိချင်လို့ပါ ကိုကိုရယ်'

* * *

ခုတော့ . . . . နီလာ သေလေပြီ။

နီလာ သေဆုံးပုံသည် အံ့သြစရာကောင်း၏။ မယုံကြည်[illegible]စရာလဲ ကောင်းသည်။

ဆရာဝန်စစ်ချက်အရ နီလာသေဆုံးရသည်မှာ အိပ်ဆေးကြောင့် [illegible]သည်။ နီလာ့ ဘယ်ဖက်လက်ဝါးပေါ်တွင် လှပသော စံပယ်တစ်ခက်။

နီလာ သေဆုံးပုံနှင့် သီသီထွေးသေဆုံးပုံသည် ဘာမျှ မထူး။ [illegible]ညီနေသည်။ သေဆုံးပုံက အစ၊ စံပယ်ခက် လက်ပေါ်ရှိနေသည့် [illegible]အနေအထိ ဖြစ်သည်။

ပြီးတော့ သေဆုံးသူနှစ်ဦးနှင့် ပတ်သက်နေသူကလဲ တစ်ယောက်တည်း။ ယင်းသေမှု သေခင်းတွင် ကိုကိုသည် ကင်းမှ ကင်းပါစ။

ပြည်သူ့ရဲကမူ ကိုကို့ကို ယုံကြည်ဟန်မရှိ။

'ကျုပ်မသတ်ဘူး၊ ကျုပ် ဘယ်သူ့ကိုမှ မသတ်ဘူး'

ကိုကိုငြင်းသည်။

သို့သော် . . .

အချည်းအနှီးပင်။

'အမှန်တရားဆိုတာ ဖုံးကွယ်လို့မရဘူးကိုကို၊ တရားရုံးက အမှားအမှန်ကို ခွဲခြမ်းစိတ်ဖြာ ပေးပါလိမ့်မည်။ အခုတော့ ကျွန်တော်တို့ တာဝန်အရ ဆက်လက်ဆောင်ရွက်ရပါစေ ကိုကို'

ကိုကို ဘာပြော ရမည်နည်း။ ကျောက်ရုပ် တစ်ရုပ်နှယ် ငြိမ်သက်စွာ ငေးမောနေမိသည်။

ပြည်သူ့ရဲသည် ကိုကို့ကို လက်ထိပ်ခတ်လိုက်ပြီ။

ကိုကိုအံကို တင်းတင်းစေ့လိုက်သည်။

'ကျွန်တော် မသတ်ဘူး၊ မသတ်ဘူး'

ကိုကို အရူးတစ်ယောက်နှယ် အော်လိုက်သည်။

[၇]

မြနှင်းနု ရင်ထဲ ဟာသွားသည်။

အသည်းနှလုံး တမြှုတမကြီးကို ဆွဲထုတ် ယူလိုက်သကဲ့သို့ ခံစားလိုက်ရသည်။

ကိုကိုသည် မရှိတော့ . . . . ။

ကိုကိုသည် နီလာသတ်မှု၊ သီသီထွေးသတ်မှုအတွက် ပြည်သူ့ရဲက ခေါ်သွားပြီ။ ကိုကို မရှိတော့မှ ကိုကို့ကို ချစ်သည့်စိတ်၊ ကိုကို့ကို မြတ်နိုးသည့်စိတ်နှင့် ပတ်သက်၍ မြနှင်းနု နားလည်ရသည်။

မြနှင်းနုရင်ထဲ ကျပ်လာသည်။ မျက်ရည်ဆည်သည် ကျိုးပေါက်သွားသည်ထင်၊ ငိုမိသည်။

မြနှင်းနု ရှိုက်၍ရှိုက်၍ ငိုမိသည်။ ဝမ်းနည်းမှု၊ ကြေကွဲမှုသည် တားမရ။

ထိုအခိုက် စားပွဲကို လက်သီးနှင့် ထုလိုက်သံကို ကြားလိုက်ရ၏။

မြနှင်းနု ရင်ထဲ ထိတ်သွားသည်။ ဖျပ်ကနဲ လှည့်ကြည့်လိုက်သည်။

ဦးသီဟ၊ ဦးသီဟရယ်ပေါ့’

ဦးသီဟ မျက်နှာသည် တစ္ဆေသရဲတစ်ကောင်နှယ် ဖြစ်နေသည် ထင်၏။ မျက်ဝန်းအစုံက တွတ်တွတ်ရဲနေသည်။

မြနှင်းနု ရင်မဆိုင်ရဲသလို မျက်နှာလွှဲလိုက်သည်။

မျက်နှာကို မမြင်ရသော်လည်း အသံကိုမူ ကြားနေရဆဲ။

‘ဒီမှာ မြနှင်းနု၊ ငိုမနေစမ်းနဲ့။ ငိုသံကို မကြားချင်ဘူး၊ ငါသိပ် စိတ်ညစ်နေတယ် မြနှင်းနု၊ ငါသိပ်စိတ်ညစ်နေတယ်ကွ သိလား’

မြနှင်းနု့ နားလည်ပါတယ်၊ ကိုယ်ချင်းစာမိပါတယ်၊ မြနှင်းနုပင် ဤမျှလောက် ခံစားနေရသည်ဆိုလျှင် ကိုကို့ကို ချစ်ရှာသည့် ကိုကိုဖခင်သည် ပို၍ ခံစားရလိမ့်မည်ပင်။

မြနှင်းနုသည် ညှိုးငယ်စွာ ကြည့်လိုက်သည်။

‘မြနှင်းနု နားလည်ပါတယ် ဖေဖေ၊ ဖေဖေ့ ရင်ထဲမှာ ဘယ်လို ခံစားရမယ်ဆိုတာ မြနှင်းနု နားလည်ပါတယ်။ ဒီလိုပဲ ကိုကိုနဲ့ ပတ်သက်လို့ မြနှင်းနု ဘယ်လိုခံစားရတယ်ဆိုတာ ဖေဖေ့ သိစေချင်ပါတယ်’

ဦးသီဟသည် ဘာမှ မပြောချေ။ အဝေးကို ငေးမျှော်ကြည့်နေသည်။

မြနှင်းနုက–

‘ဖေဖေရယ်၊ ကိုကို့အတွက် ကြိုးစားပါဦး၊ ကိုကိုဟာ လူသတ်သမား မဟုတ်ဘူး။ ကိုကို လူသတ်သမား မဟုတ်ဘူးလို့ မြနှင်းနု ထင်တယ်’

‘ဟုတ်တယ်၊ သားဟာ လူမသတ်ဘူး။ ဖေဖေသိတာပေါ့။ ဒါထက် နေပါဦး မြနှင်းနု၊ မင်းက ဘာကြောင့် ဒီလောက် ဖြစ်နေရတာလဲ’

‘မြနှင်းနု ရိုဝစွာ ဦးသီဟကို ကြည့်လိုက်သည်။

‘မြနှင်းနု မရှက်ပါဘူး ဖေဖေ၊ မြ–မြနှင်းနု ကိုကို့ကို ချစ်နေမိပြီ’

ဦးသီဟ ပြုံးလိုက်သည် ထင်၏။

'ဟုတ်လား၊ သားကို ချစ်တယ်လား၊ အင်းပေါ့လေ၊ သားကလဲ ချစ်စရာ ကောင်းသကိုး၊ ဟု ငြီးသလို ပြောသည် ပြီးမှ–

'ကဲ . . . . သမီး၊ စိတ်အေးအေး ထားနော်၊ ဖေဖေ ကြံပါတယ်၊ ဖေဖေသား လူမသတ်ဘူးဆိုတာ ဖေဖေသိပါတယ်။ အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရပါဖူးကွယ်'

ဟုပြောသည်။

ပြီး. . . . ဦးသီဟသည် မြနှင်းနုကို ကျောခိုင်းကာ ထွက်ခွာသွားသည်။ ဦးသီဟ ရေခဲသေတ္တာနားသို့ ရောက်တော့ မြနှင်းနု ခပ်ငိုင်ငိုင် ထိုင်နေသည်။

ဦးသီဟသည် လိမ္မော်ရည်နှင့် ဖန်ခွက်ကိုယူသည်။ အထုပ်တစ်ထုပ်ကို ဖြေပြီး ဖန်ခွက်ထဲသို့ ထည့်လိုက်သည်။

ပြီး . . . မြနှင်းနုဆီသို့ ပြန်လာသည် လိမ္မော်ရည်ကို ဖန်ခွက်တွင်းသို့ လောင်းထည့်ပြီး–

'ကဲ သမီး၊ သောက်လိုက်ဦး၊ နားနားနေနေနေပါ၊ ဖေဖေ တစ်ယောက်လုံး ရှိပါသေးတယ်'

မြနှင်းနု လိမ္မော်ရည်သောက်နေဆဲ၊ ဦးသီဟလက်ထဲတွင် လှပသည့် စံပယ်တစ်ခက်၊ မြနှင်းနုက အိပ်နေပြီ။ ဦးသီဟ မြနှင်းနု လက်ထဲသို့ စံပယ်ပန်းခက်ကို ထည့်လိုက်သည်။

'ဟင်း ဟင်း ကောင်မတွေ ငါချစ်တဲ့ သားကို ငါ့ရင်ထဲက ဆွဲထုတ်ဖို့ပဲ ကြိုးစားနေကြတယ်၊ ငါ့သား ဘယ်သူ့ကိုမှ မယူရဘူး။ ငါ့သားကို ဘယ်သူမှ မချစ်ရဘူး'

ဦးသီဟ တတွတ်တွတ်ပြောရင်း ဆိုဖာပေါ်တွင် ခပ်မော့မော့ အိပ်ပျော်နေသည့် မြနှင်းနု လည်ပင်းပေါ်သို့ ခေါင်းအုံး အသေးကလေးကို တင်လိုက်သည်။

'ဟင်းဟင်း ငါ့သားကို ချစ်တဲ့ ကောင်မတွေ တမလွန်က ငါ့သားကို စောင့်နေကြ စောင့်နေကြ'

ပြောပြောဆိုဆို လှုပ်ရှားမှု တစ်ခုကို ပြုလိုက်သည်။ သို့သော် လှုပ်ရှားမှု သည်အဆုံးမတိုင်ခဲ့၊ တစ်စုံ တစ်ယောက်က ဆောင့်တွန်းလိုက်သလို ခံစားရသည်။ ဦးသီဟ လဲပြိုသွားသည်။

'ဘာမှ လှုပ်လှုပ်ရှားရှား မလုပ်နဲ့ ဦးသီဟ၊ အခြေအနေ အားလုံးကို ကျွန်တော်တို့ သိနေပြီ။ အေးအေးဆေးဆေး အဖမ်းခံပါတော့'

ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ဦးသီဟပြိုးလိုက်သည်။ ထိုအခိုက် ကိုကို ဝင်လာသည်။

'ဖေဖေ'

'သား'

သားအဖနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ထွေးဖက်လိုက်သည်။

"ဖေဖေရယ်၊ ဘယ်လို ဖြစ်တာလဲ'

'ဟင်း၊ ဟုင်း ဖေဖေ ဘာမှ မဖြစ်ပါဘူး။ ဖေဖေသားကို ချစ်တယ်၊ သားကို ဘယ်သူမှ မချစ်ရဘူး၊ ဖေဖေသားကို မခွဲနိုင်ဘူး၊ နီလာရော၊ သီသီထွေးရော ဖေဖေဆီက သားကိုလုဖို့ ကြိုးစားကြတယ်။ မပေးဘူး၊ ဘယ်သူ့ကိုမှ မပေးဘူး၊ ဟင်း ခု လုနိုင်သေးလား၊ ဟင်း ဒီမှာလဲ တစ်ယောက် ရှိသေးတယ်။ မြနှင်းနုလေ၊ သူကလဲ သားကိုချစ်တယ်တဲ့၊ မချစ်ရဘူး သတ်မယ်၊ သူ့ကို သတ်မယ်၊ ဟား. . . . ဟား. . . . ဟား'

ရီသံကို ကြားရသည်။

အဖေ့ရီသံသည် မှူမမှန်။ အချစ်လွန်သော အချစ်စည်းကို ကျော်ခဲ့သည့် ဦးသီဟ။

ခုတော့. . . . 'ဖေဖေရယ်'

ကိုကို ငမောပန်းစွာ သက်ပြင်းရှိုက်လိုက်ပါသည်။

အောင်မြတ်ဦး

အိမ်း ဒါပေမယ့် ပရိယာယ် မာယာကြွယ်တဲ့ လူတွေရဲ့ ဉာဏ်နီဉာဏ်နက်နဲ့ ယှဉ်တော့ ကျုပ်ရှုံးရပြန်တာပဲ။

ကျုပ်နေတဲ့ ဂလူးကို့ပုလင်းကို မပြီးတခြား ငါးအထီး တစ်ကောင်နေတဲ့ လေးထောင့် မှန်ပုံးလေးထဲကို ပုလင်းလည်ပင်းမြုပ်ရုံ ထည့်ထားလိုက်ပြန်ရော။ သည်တော့ ကျုပ်ကဖန်ပုလင်းထဲမှာ၊ ကျုပ်နဲ့ ပုံပန်းသဏ္ဌာန်လုံးဝမတူတဲ့ ရန်သူ ငါးတစ်ကောင်က မှန်ပုံးထဲမှာ . . ။ ဖန်အကာအလယ်မှာ တို့နှစ်ယောက် တစ်ယောက် တစ်ဘက်ခြားနေတာကို မသိတဲ့ ကျုပ်တို့နှစ်ကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် အသေအလဲ ဆော်လိုက်ကြတာ၊ သူ့ကိုယ်မနိုင်၊ ကိုယ့်သူမထိနဲ့ သူမသာ ကိုယ်မသာ။ ကြာရင် နှစ်ကောင်စလုံး သေဖြစ်မယ့်ကိန်းပဲ။ သည်တော့လည်း ကျုပ်ဉာဏ် ထုတ်ရပြန်ရော။

မျိုးမတူ ရုပ်မတူတဲ့ ရန်သူငါးနဲ့ ထိမှထိပါလေရဲ့လားလို့ အသာအယာ ရှေ့တိုးပြီး မရဲတရဲ စနည်းနာရတယ်။ သတိလည်း ထားရသေးတယ်။ မတော် ဟိုကောင်က ပါးစပ်ဦးပြီး လှမ်းကိုက်လိုက်မှဖြင့်။

ဖန်ပုလင်းနံရံကို နှုတ်သီးနဲ့ ညင်ညင်သာသာထိမိတာနဲ့ ကျုပ်ခပ်အေးအေးပဲ နောက်ကြောင်းပြန်လှည့်ပြီး ငြိမ်ငြိမ်နားနေလိုက်သလို ဟိုဘက်ကကောင်လည်း ကျုပ်လိုဘဲ အထာပေါက်သွား ထင်ပါရဲ့။

ရော . . ကျုပ်တို့ငြိမ်ငြိမ်နေတာကို ကိုရွှေလူသားက မရှုဆိတ်နိုင်ဘူး ထင်ပါရဲ့။ ကျုပ်ကို ပုလင်းထဲကနေ ခြင်ထောင်ဇာပါးနဲ့ လုပ်ထားတဲ့ ကော်ဖီစစ်လို ရေစစ် ဆန်ကာလို ဟာလေးထဲထည့်၊ ပြီးတော့ ဟိုကောင်ရှိတဲ့ မှန်ပုံးထဲ အသာနှစ်စိမ်လိုက်ရော။ ကျုပ်က ကူးထွက်သွားပြီး ဟိုကောင်နဲ့ မျက်နှာချင်းဆိုင်သွားတွေ့။

ကျုပ်ကတော့ စောစောကလိုပဲ မှတ်ပြီး ခပ်အေးအေးပဲ နေတာ. . .

အမေလေး. . . ကံသီပေလို့ပေါ့ဗျာ။ ဟိုကောင်ကဦးအောင်ဖြောင့် လက်သီးနဲ့ လှမ်းထောက်သလို တစ်ရှိန်ထိုး ဝင်လာတာ ကျုပ်ပခုံးပေါ်က ဝီခနဲ ကျော်ထွက်သွားမှ ဘုရားဘုရားတကယ် ဆော်နေတာပါလားလို့သိရပြီး. . . ကျုပ် အလူးအလဲခံစစ်ဘဝကနေ တိုက်စစ်ဘဝရောက်အောင်

ပျောက်ဖျက်မရသော သဲလွန်စ

[၁]

မိုးပြေးကလေး ရွာနေသည်။

မိုးသည် မိုးသည်းမဟုတ်ပါ။ မိုးဖွဲကလေးသာ ဖြစ်၏။ မိုးရွာပုံကလည်း ဆန်းလှ၏။ နေရောင်ကြားမှ ရွာလာခြင်းသာဖြစ်သည်။ သို့သော် ဆောင်းတွင်းမိုးဖြစ်သောကြောင့် လေပါပြီး အေးလှသည်။

ကျွန်တော် စီးကရက်တစ်လိပ်ကို ထုတ်လိုက်သည်။ ယွန်းဆွန်းဓါတ်ငွေ့မီးခြစ်နှင့် မီးတို့လိုက်သည်။

ကျွန်တော့် စီးကရက်ကို ပါးစပ်မှာကိုက်ပြီး ဝေ့ကနဲ ကြည့်လိုက်သည်။ ခင်မောင်သော်သည် မျက်မှောင်ကြုံ့ကာ စားပွဲကို လက်နှင့် ခေါက်နေသည်။ သူ တစ်စုံတစ်ခုကို စဉ်းစားနေပုံရသည်။

"ဟေ့ ဘာတွေများ ဒီလောက် အတွေးနက်နဲနေလဲ"

ဟု ကျွန်တော် မေးလိုက်သည်။ ခင်မောင်သော် ဝေ့ကနဲ ကြည့်သည်။ မဖြေသေး ကုလားထိုင်ကို ကျောဖြင့်မှီလိုက်ပြီးမှ–

"မောရမြိုင် လူသတ်မှုနဲ့ ပတ်သက်ပြီး မကျေနပ်လို့ပါ၊ ဒီအမှုမပေါ်လို့ ကျွန်တော်လဲ ရှက်လှပါပြီ"

ကျွန်တော် ပြုံးလိုက်သည်။ ခင်မောင်သော်ပြောပြသဖြင့် ကျွန်တော် မောရမြိုင် လူသတ်မှုအကြောင်းကို သိသင့်သလောက် သိပါ သည်။ စင်စစ် မောရမြိုင်လူသတ်မှုသည် လွယ်မယောင်နှင့်ခက်၊ တိမ် မယောင်နှင့်နက်သော လူသတ်မှုဟု သိသည်။ ဤကဲ့သို့ပင် မောရမြိုင် လူသတ်မှုမှ အသတ်ခံရ

သူသည် သာမန်လူမဟုတ်၊ မင်းပေါက် စိုးပေါက် စီးပွားရေးသမားတစ်ဦး ဖြစ်သည်။ သူ့အမည်က ကိုတင်လှထွန်း. . . . ။

ကျွန်တော်သည် မောရမြိုင်လူသတ်မှုနှင့် ပတ်သက်သည့် လျှို့ဝှက်ဖိုင်တွဲကို ဖတ်ပြီး လေ့လာပြီ။ အမှတ်ရနေသေး၏။ ဦးတင်လှထွန်း အသတ်ခံရသည့်နေ့က မိုးနေ့။ မိုးဖွဲဖွဲရွာနေသောနေ့။ သည်အမှုအား တိုင်ကြားသူ တရားလိုသည် ဦးတင်လှထွန်း၏ ညီ ဦးတင်မြထွန်း။

[၂]

မိုးဖွဲဖွဲရွာနေစေကာမူ မိုးစက်ပွင်များကြားမှ နေရောင်ဖြတ်နေသည်။ အပူအအေး အားပြိုင်နေသော နေ့လည်းဖြစ်သည်။ အချိန်က နံနက်ပိုင်း ၉း၃၀ မိနစ်။

စခန်းတွင်း တာဝန်များ လွှဲပြောင်းပြီးချိန်ဖြစ်သည်။ နံနက်ပိုင်းဖြစ်သောကြောင့် စခန်းတွင် ငြိမ်သက်အေးဆေးနေသည်။ သည်နေ့က တာဝန်မှူးသည် ဒုရဲအုပ်ခင်မောင်သော်။ သူသည် တာဝန်မှူးရုံးခန်းတွင် ငြိမ်သက်စွာ ထိုင်နေသည်။ မနေ့က တာဝန်မှူး တာဝန်ကျသူ၏ တစ်နေ့တာ မှတ်တမ်းအား ဖတ်ရှုလေ့လာနေမိသည်။ ထိုစဉ် တိတ်ဆိတ်မှုအား ဖြိုခွင်းလိုက်သည့် တယ်လီဖုန်း ခေါင်းလောင်းသံကြောင့် ခင်မောင်သော် တစ်ချက်ပြုံးလိုက်သည်။ တယ်လီဖုန်း ပုခက်တွင်းမှ စကားပြောခွက်ကို ဆွဲယူလိုက်သည်။

“အမိန့်ရှိပါခင်ဗျာ”

သူပြောသည်။ ပြီးတော့ တစ်ဖက်မှ စကားသွားကို နားထောင်လိုက်သည်။ တစ်ဖက် စကားသည် သာမန်စကားမဟုတ်ပါ။ တိုင်ချက်ဖွင့်နေခြင်းပါ။ ခင်မောင်သော် အလေးအနက်ထား နားထောင်သည်။ တစ်ဖက်မှ စကားဆုံးသောအခါ သူသက်ပြင်း ရှိုက်လိုက်သည်။ စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်သည်။ သူ့ဆုတောင်း မပြည့်တော့ပြီ။ သူ ကုလားထိုင်အား ကျောဖြင့် မှီလိုက်ပြီး။

“ကောင်းပါပြီခင်ဗျား။ ကျွန်တော် အခုပဲ လာခဲ့ပါ့မယ်”

ဟု ပြောလိုက်ပြီး စကားပြောခွက်ကို ပခက်ပေါ်သို့ ပြန်တင်လိုက်သည်။ ပြီးတော့ ထလိုက်ပြီး။

"ဆရာ မိုးသီးရေ ရဲသားငါးယောက်နဲ့ ကားစီစဉ်ပါ။ ကျွန်တော်တို့ မောရမြိုင်ကို သွားရမယ်"

ဟုပြောသည်။

ဒုရဲအုပ် ခင်မောင်သော်၏ စိတ်တွင် မကြည်မလင်ဖြစ်နေသည်။ ယခုကား မနက်စောစော၊ လူသတ်မှုနှင့် ဈေးဦးဖောက်လိုက်လေပြီ။ နောက်ဘာဖြစ်ဦးမည်မသိ။ ပြီးတော့ မောရမြိုင်သို့ ထွက်ခဲ့သည်။ မော်ရမြိုင်သို့ ရောက်တော့ နံနက် ၁၀း၀၀နာရီ တိတိ။

တရားလိုအဖြစ် တိုင်ကြားသူ ဦးတင်မြထွန်းက မောရမြိုင်အဝင်ဝမှ အသင့်ကြိုနေသည်။ ဦးတင်မြထွန်းသည် တတ္တုရှန်အဖြူနှင့် ကိုးသုံးလုံး ကျူထရံကွက်အပြာကို ဝတ်ထားသည်။ ဦးတင်မြထွန်းသည် သေဆုံးသူနှင့် အမွှာညီအစ်ကိုဖြစ်ပြီး ရုပ်ဆင်သည်။ သို့သော် ရုပ်အနည်းငယ်နုသည်။

ဦးတင်မြထွန်းက ဟန်ဆောင်အပြုံးနှင့် နှုတ်ဆက်သော်လည်း မျက်နှာ ညှိုးနေသည်။

အချင်းဖြစ်ပွားရာသို့ လာခဲ့သည်။ ဦးတင်လှထွန်းသည် သွေးအိုင်ထဲတွင် လဲကျသေဆုံးနေဆဲပင်။ ဒုရဲအုပ် ခင်မောင်သော် အသေအချာ ကြည့်လိုက်သည်။ လူသတ်သမားသည် နားထင်မှ တေ့ပစ်လိုက်ခြင်းဖြစ်သည်။ ခင်မောင်သော် ထလိုက်သည်။ မှုခင်း ဓါတ်ပုံရိုက်သည်။ ဦးတင်မြထွန်းက ရပ်လျက်။ ခင်မောင်သော် ဝေ့ကနဲ ကြည့်ကာ။

'ကျွန်တော့်ကို အခင်းဖြစ်ပွားပုံနဲ့ ပတ်သက်လို့ သိသလောက် ပြောပြပါလား'

ဒုရဲအုပ် ခင်မောင်သော်က မေတ္တာရပ်ခံလိုက်သည်။

'စိတ်ချပါ ဆရာ၊ ကျွန်တော် သိသလောက် ပြောပါ့မယ်'

ဟုပြောသည်။ ထို့နောက် ဦးတင်လှထွန်းနှင့် ဦးတင်မြထွန်းသည်အတူ မနေကြကြောင်း သို့သော် မနက်တိုင်း တွေ့ကြကြောင်း။

သည်နေ့ ဦးတင်လှထွန်းအိမ်သို့ ရောက်လျှင် တံခါးပွင့်နေပြီး ဤသို့ သေနေသည်ကို တွေ့ရကြောင်း ပြောပြသည်။

‘ဦးတင်လှထွန်းနဲ့အတူ ဘယ်သူနေလဲ’

‘အစ်ကိုနဲ့ အတူနေတာက ဒေါ်ဒေါ်မြပါ’

ခင်မောင်က မျက်မှောင်ကြုံ့လိုက်ကာ. . . .

‘ဒေါ်ဒေါ်မြဆိုတာက. . . . ’

ဟု မေးလိုက်လျှင် အသက် ၅၀ ခန့်ရှိ အဖွားကြီးတစ်ဦး ရှေ့တိုးလာပြီး ‘ကျွန်မ’ပါ ဟုပြောသည်။

ဒုရဲအုပ် ခင်မောင်သော်က. . . .

‘ဒေါ်ဒေါ်သိသလောက် ပြောပြစမ်းပါ’

ဟုပြောသည်။

‘ကျွန်မ ဘာမှမသိပါဘူး။ ကျွန်မ ဈေးသွားတော့ မောင်တင်လှထွန်း အိပ်နေပါတယ်။ ပြန်လာတော့ မောင်တင်လှထွန်း ခုလိုဖြစ်နေကြောင်း မောင်တင်မြထွန်း ပြောလို့ သိရပါတယ်’

ဒုရဲအုပ် ခင်မောင်သော်က ဦးတင်မြထွန်းကို ငဲ့ကြည့်ကာ. . .

‘ဦးတင်မြထွန်းတွေ့တော့ တံခါးပွင့်နေသလား’

‘ဟုတ်ပါတယ်၊ ပွင့်နေပါတယ်’

သက်ပြင်းချလိုက်သည်။ ထို့နောက် ဦးတင်လှထွန်း၏ ရုပ်အလောင်းအား ဆေးစစ်ချက်ယူရန်အတွက် ဆေးရုံပို့ရန် စီစဉ်သည်။ ဦးတင်လှထွန်း၏ ရုပ်အလောင်းအား ဆေးရုံပို့ရန် စီစဉ်နေကြစဉ် အချင်းဖြစ်ပွားရာနှင့် အနီးအနားသို့ ခင်မောင်သော် လိုက်လံကြည့်ရှုသည်။

အချင်းဖြစ်ပွားရာနှင့် မနီးမဝေးရှိ စန္ဒယားခုံတွင် မိန်းမအသုံးအဆောင်ပစ္စည်းနှစ်ခု တွေ့သည်။ ပြင်သစ်ပြည်လုပ် မိချောင်းသားရေနှင့် ပြုလုပ်ထားသည့် ဆလင်းဘက်တစ်လုံးနှင့် လက်ကိုင်ပုဝါတစ်ထည် ဖြစ်သည်။ လက်ကိုင်ပုဝါသည် အပြာရောင်ဖြစ်ပြီး ထောင့်စွန်းတွင် (တီ–တီ) ဟု ပိုးချည်နှင့် ထိုးထားသည်။ တန်ဖိုးရှိသည့် ပစ္စည်း ပျောက်ဆုံးခြင်းမရှိ။

‘ဒါဘယ်သူ့ ပစ္စည်းလဲ’

ဒုရဲအုပ် ခင်မောင်သော်က မေးခွန်းထုတ်လိုက်သည်။ ဒေါ်ဒေါ်မြက အသေအချာကြည့်ကာ. . .

'ဒါ တင်တင်ပစ္စည်းတွေပါ'

ဟု ပြောသည်။

'တင်တင် ဆိုတာက. . .'

ဒေါ်ဒေါ်မြက. . .

'မောင်တင်လှထွန်းနဲ့ ပတ်သက်တဲ့ မိန်းကလေးပါ'

ဒုရဲအုပ် ခင်မောင်သော် ပြုံးလိုက်သည်။ ထို့နောက် ပစ္စည်းများကို သက်သေခံအဖြစ် သိမ်းခဲ့သည်။

[၃]

တင်တင်သည် အလွန်တရာခေတ်ဆန်သူဖြစ်သည်။ တင်တင်၏ အသက်လေးဆယ်ပတ်ဝန်းကျင်ရှိပြီ ဖြစ်သော်လည်း နှစ်ဆယ်ကျော်လောက်ဟု ထင်ရလောက်အောင် နုနယ်သည်။

ဒုရဲအုပ် ခင်မောင်သော်က ပစ္စည်းများကို ပြပြီး။

'ဒီပစ္စည်းတွေက ဒေါ်တင်တင်ရဲ့ ပစ္စည်းတွေပါနော်'

တင်တင်က ချက်ချင်းမဖြေသော်လည်း အနည်းငယ် တုန်လှုပ်သွားကြောင်း အကဲခတ်ရသည်။ ပြီးမှ တုန်တုန်ယင်ယင်ဖြင့်–

'ဟုတ်. . . ဟုတ်ပါတယ်' ဟုပြောသည်။

ဒုရဲအုပ် ခင်မောင်သော်က ပြုံးလိုက်ပြီး. . .

'ဒီပစ္စည်းတွေက ဘယ်လိုလုပ်ပြီး ဦးတင်လှထွန်းအိမ် ရောက်နေတာလဲ'

'ကျွန်မ မေ့ကျန်ခဲ့တာပါ'

'ကသောကမျော ပြန်လာခဲ့ရလို့ ကျန်ခဲ့တာကော မဖြစ်နိုင်ဘူးလား'

'ရှင်. . .'

တင်တင့်မျက်နှာပေါ်တွင် ချောက်ခြားမှုအသွင်များ ရိပ်ကနဲ

သာ၏။ ချက်ခြင်း ဟန်ဆည်လိုက်သည်။ ခင်မောင်သော်က. . .

'ဒေါ်တင်တင်နဲ့ ဦးတင်လှထွန်းက ဘယ်လိုပတ်သက်ကြလဲ'

မေးသည်။ အဖြေရ ခက်ဟန် ငြိမ်သွားသည်။

'တင်တင်နဲ့ ဦးတင်လှထွန်းဟာ သာမန်အဆင့်ထက် ပိုနေကြသလား'

တင်တင်မဖြေ။

ဒုရဲအုပ် ခင်မောင်သော် ပြုံးလိုက်သည်။

'မှန်မှန်ပြောပါ ဒေါ်တင်တင် ကျွန်တော်တို့ သိသင့်သလောက် သိနေပြီဆိုတာ ဒေါ်တင်ဟင် မမေ့ပါနဲ့'

ဒေါ်တင်တင်က သက်ပြင်းချလိုက်ပြီ။

'အမှန်ကို ဝန်ခံရယင် ကျွန်မတို့ဟာ ချစ်သူဆိုတဲ့ အဆင့်ထက် ကျော်နေပါပြီ'

'ဒေါ်တင်တင်နဲ့ ဦးတင်လှထွန်းကြားမှာ ပြဿနာတွေ ဘာတွေ ရှိခဲ့ဖူးသလား။ ဥပမာ ပြောရင် ဒေါ်တင်တင်က လက်ထပ်ဖို့ပြောမယ်။ ဦးတင်လှထွန်းက ငြင်းပယ်မယ်ဆိုပါတော့'

'အမှန်အတိုင်း ပြောရယင် ရှိခဲ့ပါတယ်'

ဒုရဲအုပ် ခင်မောင်သော်က အဓိပ္ပါယ်အပြည့်ရှိသော အပြုံးနှင့်အတူ။

'ဒေါ်တင်တင်နဲ့ ဦးတင်လှထွန်း။ တမြန်နေ့က ပြဿနာဖြစ်ခဲ့တာ ဟုတ်လား။ ပြဿနာဖြစ်လို့ စိတ်ဆိုးပြန်ခဲ့တယ် မဟုတ်လား'

တင်တင်သည် စကားမပြောတတ်သူ တစ်ယောက်နှယ် အံ့သြစွာ ကြည့်၏။ ခင်မောင်သော်က. . . .

'ဒေါ်တင်တင်အနေနဲ့ ဦးတင်လှထွန်းကို အတော်နာကျည်းခဲ့ တယ် ဟုတ်လား'

မေးယင်းကြည့်လိုက်သည်။

'တင်တင် ကိုတင်လှထွန်းကို မသတ်ဘူး။ မသတ်ဘူး'

လျှင်မြန်စွာ တင်တင်က ငြင်းဆိုသည်။

ခင်မောင်သော်က ပြုံးလိုက်သည်။

'ကျွန်တော်တို့က တင်တင်ကို လူသတ်တရားခံအဖြစ် မစွပ်စွဲ သေးပါဘူး'

ခင်မောင်သော်က အေးဆေးစွာ ပြောလိုက်သည်။

စနေနေ့ နေ့လည်ပိုင်းတွင် ဒုရဲအုပ် ခင်မောင်သော်အား လူသတ်မှုနှင့် ပတ်သက်ဆက်နွယ် နိုင်သည့် သတင်းတစ်ခုပေးသည်။ သတင်းပေး သူက ဦးတင်မြထွန်းဖြစ်သည်။

ဦးတင်မြထွန်း လေ့လာချက်အရ သေဆုံးသူ ဦးတင်လှထွန်းတွင် မျက်နှာ မကြည့်ချင်လောက်အောင် မုန်းတီးသည့် ရန်သူတစ်ယောက် ရှိခြင်း သူ့အမည်သည် 'ကျော်ဇေယျ' ဖြစ်ကြောင်း ကျော်ဇေယျသည် တင်တင် မောင်ဖြစ်ကြောင်း ဖြစ်သည်။

ကျော်ဇေယျနှင့် ဦးတင်လှထွန်းတို့ ပြဿနာဖြစ်ရခြင်းသည် အချက် နှစ်ချက် အခြေခံဖြစ်သည်။

တစ်ချက်သည် စီးပွားရေးကြောင့်ဖြစ်ပြီး တစ်ချက်သည် တင်တင် နှင့် ပတ်သက်နေကြောင်း သိရသည်။

ထို့နေ့ည ဆယ့်နှစ်နာရီက ဒုရဲအုပ်ခင်မောင်သော်နှင့် အဖွဲ့သည် ကျော်ဇေယျအား ဖမ်းဆီးပြီး ကျော်ဇေယျအိမ်တွင်း ရှာဖွေခဲ့ရာ ပွဲ၌ ၃၀ ဘို့ ဝက်တလီ အမျိုးအစား ခြောက်လုံးပြူးတစ်လက် သိမ်းဆည်းရခဲ့သည်။

ကျော်ဇေယျအား စစ်ဆေးရာ လွန်ခဲ့သော ဖလခန့်က ဦးတင်လ ထွန်းနှင့် ကျော်ဇေယျ ပြဿနာ ဖြစ်ခဲ့ကြောင်း အစစ်ခံသည်။

ထို့အပြင် ဦးတင်လှထွန်းက အစ်မဖြစ်သူ တင်တင်အား ကြော ယုံကြိသဖြင့် နာကျည်း ကြောင်းပါ အစစ်ခံသည်။

'ခု ဦးတင်လှထွန်းသေပြီလေ'

ကျော်ဇေယျက ပြုံးလိုက်ပြီး –

'ဒါကျုပ်အတွက် ဝမ်းသာစရာပေါ့။ သို့မဟုတ်ရင် ကျုပ်ကိုယ်တိုင် ပစ်သတ်မိမှာ'

ခင်မောင်သော်က ပြုံးကာ –

'ခုတော့ ခင်ဗျားကိုယ်စား တင်တင်က သတ်လိုက်ပြီလေ'

ဟုပြောသည်။

ဆတ်ကနဲ ကျော်ဖေယျက ကြည့်လိုက်သည်။

'ဘာ မမက ပြောလား၊ ဖြောင့်ချက် ပေးလား၊ မဖြစ်နိုင်ဘူး။ မမ မသတ်ဘူး'

'ဒါဆို မင်းက လူသတ်သမားကို သိလား'

ပြတ်သားစွာ ကြည့်လိုက်သည်။

'သိတယ်၊ မမ သတ်တာ မဟုတ်လူး၊ လူယုတ်မာ တင်လှထွန်းကို သတ်တာ ကျုပ်နဲ့ ကျုပ်ကိုယ်တိုင် ဟောဒီသေနတ်နဲ့ ပစ်တာ'

ခင်မောင်သော် ပြုံးလိုက်သည်။

အမှုက ရှုပ်ထွေးသထက် ရှုပ်ထွေးလာသည်။

ကျော်ဖေယျက တင်လှထွန်းအား သတ်သည်ဟု ဖြောင့်ချက်ပေးသည်။

ဤကဲ့သို့ပင် တင်တင်ကလည်း တင်လှထွန်းကို သတ်သည်ဟု ဖြောင့်ချက်ပေးသည်။

ခင်မောင်သော်က ကျော်ဖေယျကို လွှတ်လိုက်ပြီး တင်တင်ကို မေးလိုက်သည်။ ခင်မောင်သော်က ခိုင်လုံသည့် အကြောင်းလည်း ရှိသည်။ ကျော်ဖေယျက သူ၏ပွိုင့် ၃၀ ဘို့ ဝက်တလီ အမျိုးအစား ခြောက်လုံးပြူးနှင့် ပစ်သတ်သည် ဆိုသော်လည်း ဆေးစာအရ ဦးတင်လှထွန်းအား သတ်သည့် သေနတ်အမျိုးအစားသည် ပွိုင့် ၂၂ ဘာရက်တာ ပစ္စတို ဟု ဆိုရသောကြောင့် ဖြစ်သည်။

'ဒီအတိုင်းဆို အမှုက ပြီးသလောက်ရှိနေပြီ'

ကျွန်တော်က ပြောလိုက်သည်။

ခင်မောင်သော်က–

'မပြီးသေးဘူး အစ်ကို၊ ကျွန်တော်တို့က တင်တင်ကို တရားခံလို့ အခိုင်အမာ ထင်ထားပေမယ့် သတ်သူဟာ တင်တင်မဟုတ်ဘူးလို့ ဦးတင်မြ ညွန့်က အခိုင်အမာ ပြောတယ်' ဟုပြောသည်။

ကျွန်တော် ပြုံးလိုက်သည်။ ခေတ္တစဉ်းစားပြီး. . . .

'အင်း၊ ဘာလိုလိုနဲ့ အမှုအကြောင်းကို အသေအချာ လေ့လာမှ တရားခံဘယ်သူဆိုတာ အဖြေပေါ်လာပါတယ်'

'ဘယ်သူဖြစ်မလဲ အစ်ကို'

'ဘယ်သူဆိုတာ မကြာခင် သိရမှာပေါ့ ခင်မောင်သော်၊ ဦးတင်လှထွန်းကို သတ်တာဟာ တင်တင်လဲ မဟုတ်ဘူး၊ ကျော်ဇေယျလဲ မဟုတ်ဘူး၊ တခြားတစ်ယောက်ပဲ'

'ဒါဖြင့် ဘယ်သူလဲ အစ်ကို'

'တနင်္ဂနွေနေ့မှာ တရားခံကို မိစေရမယ် ခင်မောင်သော်'

ကျွန်တော် ပြုံးလိုက်သည်။

တနင်္ဂနွေနေ့ . . .

အချိန်က နံနက်ခင်း။

မိုးကလေး ဖွဲဖွဲရွာနေသည်။ ကျွန်တော် စခန်းသို့ မရောက်မီ ခင်မောင်သော်က ကြိုတင် ရောက်ရှိနေသည်။ ကျွန်တော့်ကို စောင့်နေသည်။ ကျွန်တော် စခန်းတွင်းသို့ ဝင်လာလျှင် . . .

'လာ အစ်ကို၊ ကျွန်တော် အစ်ကိုကို စောင့်နေတာ'

သူက ပြောသည်။

'တယ် ဝီရိယ ကောင်းပါလား'

'ဒီနေ့က အရေးကြီးသော နေ့လေ'

ကျွန်တော် ပြုံးလိုက်သည်။

'ဘာလဲ၊ မင်းက တရားခံကို သိချင်နေပြီလား'

ဘယ်လိုပြောပါလိမ့် အစ်ကိုရာ၊ ဒီအရေး ကိစ္စဟာ ကျွန်တော့်အတွက် အရေးကြီးတဲ့ ကိစ္စပဲ'

ကျွန်တော်ကပြုံး၍—

'တရားခံကို ဖမ်းဖို့အတွက် ဦးတင်မြထွန်းနဲ့လဲ တိုင်ပင်သင့်တယ်ကွ' ဟုပြောသည်။

'ဒါဆို ဝင်ခေါ်မလား'

'ဒီကိုပဲ ခေါ်လိုက်ပါ၊ ပြီးတော့မှ တရားခံကို ဖမ်းတာပေါ့'

ခင်မောင်သော်က သွက်လက်စွာဖြင့် စီစဉ်လိုက်သည်။

‘ဘယ်လို ပြောပါလိမ့်ဗျာ၊ ကျုပ်အစ်ကိုကို ရက်ရက်စက်စက် သတ်သွားသူကို အမြန်မိစေချင်တာပေါ့’

ကျွန်တော်ပြုံးလိုက်သည်။

‘မိယင် ခင်ဗျား ဘာလုပ်မလဲ’

ဦးတင်မြထွန်းက ဆတ်ကနဲ ကြည့်သည်။ အေးစက်စက်ပြုံးကာ

‘ဥပဒေသာ မရှိဘူးဆိုရင်လား။ ဟင်း’ ဟုပြောသည်။

ကျွန်တော် ပြုံး၍ ခေါင်းညိတ်လိုက်သည်။ ပြီးမှ

‘တရားခံကို ခင်ဗျားသိပါတယ်’

‘ဗျာ. . .’

‘မဗျာနဲ့ ဦးတင်မြထွန်း။ တရားခံကို ခင်ဗျားသိတယ်၊ ခင်ဗျား ကိုယ်တိုင် ဖော်လိုက်စေချင်တယ်လေ’

‘ခင်ဗျာ၊ ဘာတွေပြောနေတာလဲ၊ ကျုပ်သာသိယင် ဖော်ပြီးတာ ကြာပြီ’

‘ဟုတ်လား။ ကျုပ်ကတော့ ခင်ဗျား မဖော်ဘူးဆိုတာ သိနေတယ် ဘာဖြစ်လို့လဲ ဆိုယင် တရားခံဟာ ခင်ဗျားကိုယ်တိုင် ဖြစ်နေလို့ပဲ’

‘ဘာ’

ဦးတင်မြထွန်း ဆတ်ကနဲ ထလိုက်သည်။ ကျွန်တော် ကြိုတင် စီစဉ်ထားသူ ဖြစ်သောကြောင့် သေနတ်နှင့် ထိုးချိန်လိုက်သည်။

‘လှုပ်ရှားမယ် မကြံနဲ့နော်’

ဟု ပြောယင်း ခင်မောင်သော်ကို ကြည့်ကာ

‘ခင်မောင်သော် ဦးတင်မြထွန်းကို လက်ထိတ်ခတ်လိုက်’

ဟုပြောလိုက်သည်။

ခင်မောင်သော်က ဦးတင်မြထွန်းအား လက်ထိပ်ခတ်လိုက်၏။

[၅]

ဦးတင်မြထွန်း ဒေါသဖြစ်နေသည်။ ကျွန်တော်က ပြုံး၍. . .

စစ်ပြင်ရတော့တယ်။

ဒါပေမယ့် တကယ်တော့ မတိုက်ဖြစ်လိုက်ပါဘူး။ ကျုပ်ခံရမယ် ထင်ရင် ကော်ဖီစစ်တဲ့ ဆန်ကာလို ဟာလေးထဲမှာ ကျုပ်တစ်ကိုယ်လုံး စွေ့ခနဲနေအောင် မြောက်ပါသွားလိုက်။ ကျုပ်က တီးမယ်ပြင်ရင်လည်း ဟိုကောင် ပါသွားလိုက်နဲ့ မောတာသာ အဖတ်တင်တာပါပဲဗျာ။

သည်လိုနဲ့ ကျုပ်လည်း တိုက်ရည်ခိုက်ရည် ရင့်ကျက်လာအောင် လေ့ကျင့်ပြီးသားဖြစ်ခဲ့ ရပါလေရော။

တစ်နေ့တော့ ကျုပ်ရဲ့ပိုင်ရှင်လူသားကို တခြားလူသားတစ်ဦးက လာတွေ့ပါလေရော။ သူ့မှာလည်း လေးဘက်လေးတန် မှန်အကာပုံးနဲ့ ကျုပ်လို ငါးတစ်ကောင်ထည့်ပြီး အဆင်သင့် ပါလာတယ်လေ။အကျဉ်းချုပ် ပြောရရင် သူပိုင်တဲ့ ငါးနဲ့ ကျုပ်နဲ့ လောင်းကြေးထပ်ပြီး တိုက်ခိုင်းမလို့တဲ့။

တော်တော် ယုတ်တဲ့ လူတွေဗျာ။ တကယ်ဆို သတ္တိရှိရင် မင်းနဲ့ ငါနဲ့ ထိုးမယ်။ နိုင်တဲ့လူက လောင်းကြေးကို အကုန်ယူကြေးလို့ စိန်ခေါ်ပြီး ချပါလား။ ဒါမှ မဟုတ်လည်း ခေါ်မရောမ ခေတ်ကလို လူလူချင်းဖြစ်ဖြစ် လူနဲ့ခြင်္သေ့ဖြစ်ဖြစ် ချပါလား။ စပိန်လူမျိုးတွေလို လူနဲ့ကျွဲရိုင်းသတ်တာမျိုး ချပါလား။ ခုတော့ သည်လိုမဟုတ်ပေါင်။ နွားချင်းဇွေ့ခိုင်း၊ ကျွဲချင်းခတ်ခိုင်း၊ ကြက်ချင်း ခွပ်ခိုင်း အဲသလို ခိုင်းလို့မှ အားမရဘဲ ပေါက်ပေါက်ရှာရှာ အလှမွေးတဲ့ ရွှေငါးတွေထဲကမှ တိုက်ငါးရယ်လို့ မျိုးခွဲပြီး ငါးချင်းတိုက်ခိုင်း သတဲ့ဗျာ. . . ကဲ။

ကျုပ်သခင်ကလည်း မငြင်းဘူးဗျ။ ကျုပ်ရဲ့ တိုက်ရည်ခိုက်ရည်ကို စိတ်ချ ယုံကြည်လောက်အောင် လေ့ကျင့်ပြီးသားမို့ တစ်ဘက်လူရဲ့စိန်ခေါ် မှုကို အလွယ်တကူပဲ လက်ခံလိုက်တယ်။ သူတို့အချင်းချင်း ပြောဆိုနေကြ တာက. . .

'ကောင်းပြီလေ. . . ဒါပေမယ့် ရေကတော့ ကျုပ်ငါးရှိတဲ့ မှန်ပုံးထဲက ရေအတိုင်းပဲနော်'

'ဒါဆိုရင် ခင်ဗျားက စိတ်ကြိုက်ရေရွေးမှတော့ လောင်းကြေးအပြင် ခင်ဗျားက နှစ်ဆယ်ရာခိုင်နှုန်း ထပ်ဆောင်းဗျာ'

'ဒီမှာ ဦးဟင်မြထွန်း။ ခင်ဗျား ငြင်းဖို့ မကြိုးစားပါနဲ့တော့ ခင်ဗျား တရားခံဆိုတာ ကျုပ်သိနေပြီလေ'

ဦးတင်မြထွန်းက...

'ဒီမှာ ကိုဇော်ဇော် မနိုင်လုံဘဲနှင့် စွပ်စွဲယင် ခင်ဗျား ဒုက္ခရောက်နိုင်တယ် ဆိုတာ မစဉ်းစားမိဘူးလား'

ဟုပြောသည်။ ကျွန်တော်က ပြုံးလျက်...

ကျွန်တော်တို့ ပြည်သူ့ရဲတွေဟာ တရားခံကို ဘယ်တော့မှ မသေချာဘဲ မဖမ်းဘူး ဦးတင်မြထွန်း ကျွန်တော်တို့မှာ ခိုင်လုံတဲ့ သက်သေပြချက်တွေ ရှိတယ်၊ ခင်ဗျားက ဘူးကွယ်နေမှတော့ ကျုပ်ကပဲ ဖော်ရတာပေါ့ဗျာ'

တစ်ချက်ကြည့်သည်။ ပြီးမှ....

'ဒီမှာ ဦးတင်မြထွန်း၊ ခင်ဗျားဟာ သဲလွန်စကို ဖျောက်ပေမယ့် မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတဲ့အတိုင်း သဲလွန်စက ကျန်ခဲ့တယ်လေ။ တကယ်တော့ အမှုရဲ့ အဓိက သဲလွန်စဟာ သော့တစ်ချောင်းနဲ့ ဦးတင်လှထွန်း ကိုယ်ပေါ်က သေနတ်ဒဏ်ရာပဲလေ၊ ပြောယင် ဒီအိမ်မှာ တံခါးသော့ကို နှစ်ချောင်းထားတယ်။ တစ်ချောင်းက ဒေါ်ဒေါ်မြဆီမှာ ရှိပြီး၊ တစ်ချောင်းက သေသူ ဦးတင်လှထွန်း ဆီမှာ ရှိတယ်။ ဦးတင်လှထွန်းဟာ ဒေါ်ဒေါ်မြပြန် မလာမချင်း သော့ဖွင့်လေ့မရှိဘူး။ အထူးသဖြင့် ကျော်ဇေယျနဲ့ ပြဿနာဖြစ်ပြီးတဲ့ နောက်ပိုင်းပေါ့'

ကျွန်တော်က မောသွားသလို စကားရပ်လိုက်သည်။ ပြီးမှ...

'အဲဒီနေ့က ခင်ဗျားလာတော့ သော့ခတ်ထားတယ်။ ခင်ဗျားလာတာမို့ ဦးတင်လှထွန်းက သော့ဖွင့်ပေးတယ်။ ဒါကတစ်ကြောင်း၊ ဒုတိယအချက်က ဦးတင်လှထွန်းရဲ့ သေနတ်ဒဏ်ရာ၊ ဦးတင်လှထွန်းကို သက်တာကနားထင်ကို တေ့ဖြုတ်တာ၊ ဒီဒဏ်ရာ ကြည့်ကတည်းက တရားခံဟာ သေသူနဲ့ အရင်းနှီးဆုံးသူ ဖြစ်နေတယ်ဆိုတာ ညွှန်ပြနေတယ်။

ကျွန်တော် ပြုံးလိုက်သည်။

'ဘာပြောချင်သေးလဲ ဦးတင်မြထွန်း၊ ခင်ဗျားလာပြီး ခင်ဗျားအနေနဲ့

ကြိုတင်စီစဉ်ထားတဲ့အတိုင်း အစ်ကိုနဲ့စကားပြောယင်း သေနတ်နဲ့ထောက်တယ်။ ပြီးတော့ အပြင်ပြန်ထွက်တယ်။ မသိဟန်ဆောင်နေတယ်။ မဟုတ်ဘူးလား ဦးတင်မြထွန်း ခင်ဗျားဘာပြောချင်သေးလဲ ငြင်းချင်သေးလား။ တကယ်တော့ ခင်ဗျားအစ်ကို ခင်ဗျားသတ်တာဟာ အမွေလိုချင်လို့ မဟုတ်လား”

ဦးတင်မြထွန်း ဘာမှမပြော ငိုလေတော့သည်။ ပြီးမှ...

‘ဟုတ်ပါတယ်။ ကျွန်တော် မငြင်းတော့ပါဘူး။ အစ်ကိုသေယင် အားလုံး တစ်ယောက်ထဲရမှာမို့၊ လောဘစိတ်နဲ့ သတ်မိတာပါ။ ကျွန်တော် မှားပါတယ်။ ကျွန်တော့်ကို ကြိုးစင်သာပို့လိုက်ပါတော့ဗျာ။ လောဘဇောထက်တဲ့ ကျွန်တော် သေသွားဖို့ပဲ ကောင်းပါတယ်’

ခုတော့ ဖြောင့်ချက်ပေးပြီ။

လနှင့်ချီကာ ပျောက်ဆုံးနေသည့် တရားခံအား မိချေပြီ။ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ။ ရာဇဝတ်ဘေးပြေးမလွတ် သည့်စကားသည် မှန်လေစွ၊ ဥပဒေကို လက်တစ်လုံးကြားလှည့်ကာ ကွက်ပျောက်ရိုက်ထားသည့် တရားခံဦးတင်မြထွန်းက ဥပဒေကျော့ကွင်းတွင် ကွက်ကနဲ မိသွားပြီ။

ဒုရဲအုပ် ခင်မောင်သော်က ကျေးဇူးကြည့်ဖြင့် ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်က ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တရားခံတစ်ဦးအား ပိုင်နိုင်စွာ ဖမ်းလိုက်နိုင်သဖြင့် ဥပဒေဘက်တော်သား ပီသစွာ ကျေနပ်ပြုံးပြုံးလိုက်မိပါသည်။

အောင်မြတ်ဦး

စက္ကူပန်းနဲ့ မျက်ကန်း

လက်ထပ်ပွဲအစ မင်္ဂလာပ်ဝယ်၊
ကြွလာသောင်းပြောင်း လူအပေါင်းတွက်၊
မိတ်ဆက်ပေးကမ်း စက္ကူပန်းကို၊
မျက်ကန်းနမ်းရှုံ့ ကြည့်သတည်း။

အထက်ပါကဗျာကလေးကို ကျွန်ုပ်အသက်ဆယ့်ရှစ်နှစ်သား အရွယ်ဆယ်တန်းကျောင်းသားဘဝ၌ ရေးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က တိုင်းရင်းမေမဂ္ဂဇင်း၌ ပါလာသောထိုကဗျာလေးကို အထပ်ထပ်အခါခါဖတ်ရင်း ကျွန်ုပ်မှာ သဘောကျပီတိဝေခဲ့သည်။ ပြီးတဖန် မျက်စိမမြင်သော လူတစ်ယောက်က မင်္ဂလာဆောင်တစ်ခုမှ ကမ်းသောစက္ကူပန်းကို တကယ့်ပန်းအစစ်အမှတ်ဖြင့် နမ်းရှုံ့ခဲ့သည်။ မျက်စိအမြင်နှင့်တူသော အသိတရားခေါင်းပါးသဖြင့် အတုကိုအစစ်ထင်ခဲ့သည်ဟူသော သဘောတရားမျှသာ ကျွန်ုပ်ခေါင်းထဲ၌ စွဲ၍နေခဲ့သည်။

ထို့နောက်ကျွန်ုပ်သည် ဘဝအခြေအနေ အကြောင်းကြောင်းတို့ကြောင့်ဝါသနာပါသော ကဗျာကိုဆက်၍မရေးဖြစ်ခဲ့ပေ။သို့သော်ရံဖန်ရံခါဆိုသလို ကျွန်ုပ်ရေးခဲ့သော ကဗျာကလေးကိုသတိတရရှိခဲ့ပါသည်။ ညအချိန်တစ်ယောက်တည်း အိပ်ရာထဲ၌ရှိစဉ် နှုတ်မှပင်ရွတ်ဆိုနေမိသည်။

သို့သော် ထိုကဗျာသည် ကျွန်ုပ်ဘဝအတွက် ပုဗ္ဗနိမိတ်၊ ရှေ့ပြေးနိမိတ် ဖြစ်မှန်းကို စိုးစဉ်းမျှမသိခဲ့ပေ။ ကဗျာတစ်ပုဒ်သည် လူကစ်ယောက်အတွက် ဘာကြောင့်ရှေ့ပြေးနိမိတ် ဖြစ်ရမည်နည်း။ ကျွန်ုပ်တို့နေထိုင်ရာသည်

တ်ထွန်းသည့် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းဖြစ်သည်မှာမှန်သည်။ သို့သော် လူတစ်ယောက်အတွက် ပုဗ္ဗနိမိတ်ကို အိပ်မက်မှလည်းကောင်း၊ ထပ်ကာ တလဲလဲကြုံသော အကြားအမြင်တို့မှလည်းကောင်း၊ ထို့ပြင် ထူးဆန်းစွာ ကြုံတွေ့ရသော အဖြစ်အပျက်တို့မှလည်းကောင်း ရရှိတတ်ပါသည်။

ကဗျာတစ်ပုဒ်မှ အတိတ်နိမိတ်တို့ဖြစ်ပေါ်ရရှိသည်ဟု ကျွန်ုပ် တစ်ခါမှမကြားဖူးပါ။

ထိုကဗျာကို ကျွန်ုပ်ရေးသားပြီး လေးနှစ်ကြာသောအခါ ကျွန်ုပ်သည် တက္ကသိုလ်မှ ဘွဲ့ရပါသည်။ ဘွဲ့ရတစ်ယောက်ဖြစ်လာသော ကျွန်ုပ်သည် ကျွန်ုပ်၏ဖခင်ရှေ့၌ လက်မထောင်ကာ 'အဖေ ကျွန်တော် ရာထူးကြီးကြီးနဲ့လုပ်မယ်' ဟုပြောမိပါသည်။ ထိုအခါ ဖခင်သည် ကျွန်ုပ်အား လှောင်ပြောင်ဟန်အပြုံးဖြင့် ကြည့်ကာ

'ကြီးပွားလမ်းမရှိတဲ့ အလုပ်ကို မလုပ်ရဘူး။ ငါအသက်ကြီးပြီ။ အနားယူတော့မယ်။ ခုလက်ရှိငါလုပ်နေတဲ့ လုပ်ငန်းကိုပဲ မင်းဆက်လုပ်ရမယ်' ဟု တစ်ချက်လွှတ် အမိန့်ချပါသည်။ ဖခင်၏အလုပ်မှာ မြေလတ်ပိုင်းရှိ ပြည်မြို့မှအထက်မြန်မာပြည် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြို့များသို့ မော်တော်ခုတ်မောင်းပြေးဆွဲခြင်းအလုပ်ဖြစ်ပါသည်။

ကျွန်ုပ်သည် တစ်ဦးတည်းသောသားဖြစ်ပြီး ငယ်စဉ်ကပင်မိတဆိုးဘဝရောက်ခဲ့သည်။ မိခင်ကွယ်လွန်ချိန်က ဖခင်မှာအရွယ်ကောင်းသေးသော်လည်း ကျွန်ုပ်ကိုငဲ့၍ နောက်အိမ်ထောင် မပြုခဲ့ပါ။ ထို့ကြောင့် ယခုအခါ ကျွန်ုပ်သည်ကျွန်ုပ်အပေါ်ထားခဲ့သော ဖခင်၏မေတ္တာစေတနာတို့ကိုထောက်ထားကာ မော်တော်လုပ်ငန်းကို လုပ်ကိုင်ရန် သဘောတူလိုက်တော့သည်။

ကျွန်ုပ်တို့မှာ ပြည်မြို့ကမ်းနားရပ်၌ အိမ်ကြီးရခိုင်ကြီးနှင့် နေကြသည်။ ဖခင်၏တပည့်တပန်း များအပြင် ဆွေမျိုးများလည်း သိုက်သိုက်ဝန်းဝန်းရှိသည်။ ဖခင်၏အလုပ်ကိုလက်ခံလိုက်ချိန်မှာ ကျွန်ုပ်ဘွဲ့ရပြီး ငါးနှစ်အကြာ ကျွန်ုပ်အသက်နှစ်ဆယ့်ခုနစ်နှစ် အရွယ်တွင်ဖြစ်သည်။

'ဒီအလုပ်က မော်တော်တစ်စီးနဲ့ မြစ်ရိုးတစ်လျှောက် သွားရ

တဲ့အလုပ်၊ မြို့တွေရွာတွေအနှံ့ ရောက်ရတဲ့အလုပ်၊ လူပေါင်းစုံနဲ့တွေ့ဆုံပေါင်းသင်းရတဲ့အလုပ်၊ ဒီတော့ အဖေမင်းကိုမှာချင်တာက ဘယ်နေရာရောက်ရောက်မိန်းမကိစ္စနဲ့ပတ်သက်ပြီး ကင်းလွတ်အောင်နေပါ။ မိန်းမကိစ္စရှုပ်ရှုပ်ပွေပွေ မကြားချင်ဘူး။ ဒီလိုတာလို့ပြောရသလဲဆိုတော့ နောင်တစ်နှစ်နှစ်နှစ်လောက်အကြာ မင်းလုပ်ငန်းကျွမ်းကျွမ်းကျင်ကျင် ဖြစ်လာရင် အဖေမင်းကို အိမ်ထောင်ချပေးမလို့။ မင်းအတွက်အိမ်ထောင်ဖက်ကိုလည်း ခုကတည်းက အဖေ ရာထားစီစဉ်ပြီးပြီ’

သို့သော်ဖခင်ပြောစကားကို ကျွန်ုပ်သည်ပေါ့ပေါ့တန်တန်ပင် ခေါင်းညိတ်လိုက်ပါသည်။ ပေါ့ပေါ့တန်တန်ဆို သည်မှာမှန်တာပြောရလျှင်ယခုအချိန်အထိ ကျွန်ုပ်စိတ်ထဲ၌ အချစ်စိတ် ဒါမှမဟုတ်အိမ်ထောင်ပြုချင်စိတ် မရှိသေးပါ။ တစ်ခါတလေမျှပင် ထိုကိစ္စမျိုးမတွေးမိပါ။ ထိုကြောင့် ထိုကိစ္စကိုကျွန်ုပ်က ပေါ့ပေါ့တန်တန်ပင်ထားလိုက်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ သို့သော် ဖခင်က နှစ်နှစ်ပြည့်လျှင် ကျွန်ုပ်၏ အိမ်ထောင်ဖက်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ချောကြောင်း၊ လှကြောင်းအပြင် လိမ္မာရေးခြားရှိကြောင်းပါမကျန် ဆက်၍ပြောနေပါသည်။

သို့သော်ထိုစဉ်က ကျွန်ုပ်သည်ဘယ်မိန်းမကိုမှမိန်းမဟုမထင်သေးပါ။ ခံစားချက်တစ်ခုခု ပေးတတ်သော သတ္တဝါတစ်ကောင်ဟုမထင်သေးပါ၊ ထို့ကြောင့်ကျွန်ုပ်၏ရင်သည် ဘာပယောဂမှ မရှိပဲ အစဉ်သဖြင့် ရှင်းလင်းလန်းဆတ်နေပါသည်။

ကျွန်ုပ် စီမံကွပ်ကဲမောင်းနှင်ရသော မော်တော်၏နာမည်မှာ ဇော်ဟိတ်ဖြစ်သည်။ ထိုနာမည်မှာ ကျွန်ုပ်ဖခင်ကပေးထားသောကျွန်ုပ်နာမည်လည်းဖြစ်သည်။ ထို့ကြောင့်‘ဇော်ဟိတ်ကို ဇော်ဟိတ်ကခိုင်းပြီးကြီးပွားအောင်လုပ်ပေါ့ကွာ’ဟု ပြည်မြို့မှမော်တော်စထွက်စဉ် ဖခင်ကမှာသည်။

ပြီးတော့ကျွန်ုပ်၏မော်တော်မှာ ခရီးသည်တင် မော်တော် မဟုတ်ပေ။ ကုန်ပစ္စည်းတင်သော မော်တော်ဖြစ်သည်။ ထို့ကြောင့် အောက်အရပ်မှ ကုန်သည်တို့ပို့လိုက်သော ကုန်ပစ္စည်းများကို အထက်အရပ်သို့ တင်ဆောင်လာကာ ဆိုင်ရာဆိုင်ရာ မြို့ရွာအသီးသီးသို့ ချပေးရသည်။

တစ်ဖန်အညာအရပ်မှ ကုန်များကိုလည်း ထို့သို့ပင်အောက်အရပ်သို့တင်ဆောင်သယ်ယူလာရသည်။ဤသို့ဖြင့် ကျွန်ုပ်၏ဘဝသည်ဧရာဝတီမြစ်ရိုးတစ်လျှောက်စုန်ကာဆန်ကာဖြင့် အချိန်များ ကုန်ခဲ့ရသည်။

ခရီးသည်တင် မော်တော်မဟုတ်သဖြင့် သူစိမ်းများနှင့်မတွေ့ဆုံမဆက်ဆံရခြင်း၊ကျွန်ုပ်၏မော်တော်လုပ်သားတို့မှာ လည်းသူ့အလုပ်နှင့်သူရှိနေကြခြင်းတို့ကြောင့် ကျွန်ုပ်သည် အချိန်များစွာပင် မော်တော်ပေါ်၌ တစ်ယောက်တည်း ငုံးတိတိဖြစ်နေသည်။ ကြာတော့ ကျွန်ုပ်သည်ပျင်းရိ ငြီးငွေ့သည့်ဒဏ်ကို မခံမရပ်နိုင်အောင်ပင် ဖြစ်လာတော့သည်။

ဝန်ခံရလျှင် ယိုအချိန်မှစ၍ ကျွန်ုပ်အရက်သောက်တတ်လာခြင်းဖြစ်သည်။ အဖော်မရှိသော ကျွန်ုပ်အဖို့ စိတ်ဖြေရာဆိုသလို မော်တော်ဦးပိုင်းတွင် ပက်လက်ကုလားထိုင်တစ်လုံးချကာ ထိုင်သည်။ အရက်တစ်ငုံနှစ်ငုံသောက်လိုက်ပြီး ဆေးလိပ်တစ်ဖွာ နှစ်ဖွာ ဖွာသည်။ ကျယ်ပြန့်သောမြစ်ရေပြင်ကြီးကို ငေးကြည့်သည်။ ကျွန်ုပ်၏ကိုယ်ပေါ်သို့ မြစ်ပြင်မှ လေများတဖြူးဖြူးတိုက်ခတ်လာသောအခါ ကျွန်ုပ်သည် အများပြောသော ဆက်ရက်မင်း စည်းစိမ်ကို သွား၍ သတိရမိတော့သည်။

"အစ်ကို များမယ်နော် ...." ဟု စက်ခန်းလက်ထောက်သာတင့်က ပြောကာ ကျွန်ုပ်အနားလာထိုင်သည်။ ကျွန်ုပ်က ပြုံးရင်း

"များပါဘူးကွာ။ ဒါနဲ့ ဘာပြောစရာ ရှိသလဲ"

"စက်ဆရာက ပြောတယ်။ စက်က ဆီသိပ်မလိုက်ဘူး။ ပြီးတော့ဘာဆိုလဲ ချို့ယွင်းနေတယ်.... တဲ့။

"ဟုတ်လား။ ဒါဖြင့် တို့မင်းလှမှာ ကုန်ချစရာ ရှိသေးတယ်လေ။အဲဒီမှာ ကုန်ချရင်း နားနေတုန်း ပြင်ပေါ့"

ထို့နောက် သာတင့်သည် ကျွန်ုပ်အနားမှ မော်တော်ဝမ်းထဲရှိစက်ခန်းဆီသို့ လျှောက်သွားသည်။ ကျွန်ုပ်သည် မော်တော်လုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုနေသည်မှာ တစ်နှစ်ကျော် နှစ်နှစ်နီးပါး ရှိပြီဖြစ်သော်လည်း မော်တော်စက်ကိစ္စကို သိပ်နားမလည်သေးပေ။ စက်ဆရာကိုကျော်သောင်းကိုသာ အားကိုးရသည်။ ကိုကျော်သောင်းမှာ စက်မောင်း

ရော စက်ပြင်ပါကျွမ်းကျင်သူ ဖြစ်သည်။ ပြီးတော့ မင်းလှ၌လည်း စက်ပြင်ရာတွင် လိုအပ်သော အပိုပစ္စည်းများကို အလွယ်တကူဝယ်၍ ရနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်က စိတ်မပူပေ။ ထို့နောက် ကျွန်ုပ်သည် လက်မှနာရီကို ကြည့်လိုက်သည်။ နံနက်ရှစ်နာရီရှိပြီ။ နောက်ထပ် နာရီဝက်ကြာလျှင် မင်းလ သို့ ရောက်တော့မည်။

ထို့ကြောင့် ကျွန်ုပ်သည် စိတ်အေးလက်အေးပင် အရက်ဆက် သောက်နေမိသည်။ ကျွန်ုပ်ကိုယ်ကျွန်ုပ် သိသည်။ သောက်ကောင်းကောင်း ဖြင့် သောက်နေသဖြင့် မော်တော်က မင်းလှဆိပ်ကမ်းသို့ ဆိုက်ကပ်သော အချိန်၌ ကျွန်ုပ်သည် လူမှန်းမသိအောင် မဟုတ်သော်လည်း တော်တော် ရေချိန်ရနေပြီ။ စိတ်လက်ပေါ့ပါးကာ အမူးရှင်နေသည်။

စက်ဆရာ ကိုကျော်သောင်းက စက်မှာ နှစ်နာရီ သုံးနာရီကြာ ပြင်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်စက်ပစ္စည်းများ ဝယ်ရမည်ဖြစ်ကြောင်း ပြောကာ ဝယ်ရမည့် ပစ္စည်းစာရင်းကိုပြရင်း ကျွန်ုပ်ထံ၌ ငွေတောင်းသည်။ ကျွန်ုပ်က ငွေထုတ်ပေးလိုက်သည်။

ချကုန်ပစ္စည်းမှာ မများသောကြောင့် နာရီဝက်အတွင်း၌ပ ကုန်ချပြီးသွားသည်။ ကျွန်ုပ်မှာ ရီဝေဝေခံစားချက်နှင့် ဆက်လက်ရွှင်ပျနေ ဖြစ်သည်။ ထိုစဉ် လူတစ်ယောက်သည် 'ကိုဇော်ဟိတ် ကိုဇော်ဟိတ်' ခေါ်ကာ မော်တော်ကုန်းပေါင်ပေါ်မှတစ်ဆင့် မော်တော်ပေါ်သို့ တက်လ သည်။ ကျွန်ုပ်သည် ပက်လက်ကုလားထိုင်မှထ၍ မော်တော်တွင်း ဝင်လာကာ

"ဟာ... ကိုမျိုးမြင့်"ဟု နှုတ်ဆက်လိုက်သည်။

ကိုမျိုးမြင့်က...

'ကမ်းနားဘက်လျှောက်လာရင်း ဇော်ဟိတ်ဆိုတဲ့ မော်တေ နာမည်ကိုတွေ့လို့ ခင်ဗျားဆီ ဝင်လာတာ"

ကိုမျိုးမြင့်သည် မင်းလှမြို့မှ ကုန်သည် တစ်ဦးဖြစ်သည်။ သူ ကုန်ပစ္စည်းများကို ကျွန်ုပ်၏ မော်တော်ဖြင့် တင်ပို့ရာမှ သူနှင့်ကျွန်ုပ် ခင်မင်ရင်းနှီးနေကြခြင်းဖြစ်သည်။ ကျွန်ုပ်က...

"ဒါဖြင့် ထိုင်ဦးဗျာ"

ဟုဆိုကာ မော်တော်ပေါ်မှ ထိုင်ခုံတစ်ခုကို ညွှန်ပြသည်။ ပြီးနောက် "တစ်ခုခု စားပါလားဗျာ။ ကျွန်တော် စီစဉ်လိုက်မယ်"

"နေပါစေ ကိုဇော်ဟိတ်၊ အခုပဲ မင်္ဂလာဆောင်မှာ အုန်းနို့ခေါက်ဆွဲ သွားစားမလို့"

"ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားလည်း အချိန်ရရင် လိုက်ခဲ့ပါလားဗျာ၊ မင်္ဂလာဆောင် မသွားခင် ကျွန်တော်တို့ ဒါလေးလည်း ဝင်လုပ်ကြတာပေါ့"

ဂိုမျိုးမြင့်က ပါးစပ်ကိုလက်ဖြင့်တေ့ကာ အရက်သောက်ဟန်လုပ်ပြသည်။ ကိုမျိုးမြင့်သည်လည်း ကျွန်ုပ်ကဲ့သို့ အရက်သောက်ထားကြောင်း သူနှင့် စကားနည်းနည်းပြောကြည့်မှ သိရသည်။ သူသည် အရက်ထွေထွေဖြင့် ကျွန်ုပ်ကို သူနှင့် မင်္ဂလာဆောင်သို့ လိုက်ခဲ့ရန် အတင်းခေါ်နေသည်။ ကျွန်ုပ်က သိကျွမ်းသူလည်း မဟုတ်သည့်ပြင် ဖိတ်ကြားထားခြင်းလည်း မခံရသဖြင့် မလိုက်ပါရစေနဲ့ဟု အတန်တန်ငြင်းသည်။

သို့သော် ကျွန်ုပ်က မည်သို့ပင် ငြင်းငြင်း ကိုမျိုးမြင့်က ဇွတ်အတင်းခေါ်နေသည်။ မော်တော်ပြင်ရန်ရှိသဖြင့် အချိန်တော့ရသည်ဟု ကျွန်ုပ်တွေးမိသည်။ သို့သော် ကျွန်ုပ်စိတ်ထဲ၌ လိုက်ရန် မလိုက်ရန် ချီတုံချတုံဖြစ်နေသည်။

"မင်္ဂလာဆောင်သွားဖို့က အဓိက မဟုတ်ပါဘူး ကိုဇော်ဟိတ်ရာ။ အပျင်းပြေ လမ်းလျှောက်ရင်း ပြီးတော့ ခင်ဗျားနဲ့ သောက်ရင်း စားရင်း စကားပြောချင်လို့ပါ"

နောက်ဆုံး၌ ကျွန်ုပ်က သဘောတူခေါင်းညိတ်လိုက်ရသည်။ ကျွန်ုပ်တို့သည် သဘော်ဆိပ်မှအတက် ဆိုင်တစ်ဆိုင်တွင် ဝင်၍ ထိုင်ကြသည်။ အမှန်မှာ ထိုသို့ အရက်အတူသောက်ချင်လျှင် ကျွန်ုပ်၏ မော်တော်ပေါ်၌ပင် အေးဆေးစွာသောက်၍ ရသည်။ ယခုလို အပြင်ထွက်၍ တကူးတက သောက်နေစရာမလို။ ထိုအချက်ကို ကျွန်ုပ်တို့ နှစ်ယောက်စလုံးသည် မူးနေသဖြင့် သတိမရကြချေ။

အရက်ဆိုင်တွင် သောက်ရင်း စားရင်းနှင့် စကားပြောချိန်မှာ တစ်နာရီခန့်ပင် ကြာသွားသည်။ ကျွန်ုပ်တို့ မင်္ဂလာဆောင်သို့ ရောက်ချိန်၌ ညှော်ပရိသတ်ပင် မရှိသလောက် ကျဲနေသည်။ ပြီးတော့ ကျွန်ုပ်၏ အခြေအနေသည်လည်း တစ်ကိုယ်လုံးလေထဲ၌ ဝဲပျံနေသလို အမူးရှိန်တက်နေသည်။ အာဝဇ္ဇန်းလည်း တော်တော်ရွှင်နေသည်။

ကိုမျိုးမြင့်သည် တစ်နေရာ၌ လက်ဖွဲ့ငွေကြေးများ ပေးပြီးသောအခါ ကျွန်ုပ်နှင့်အတူ လာထိုင်သည်။ လူတစ်ယောက်က အုန်းနို့ခေါက်ဆွဲများ လာချပေးသည်။ ထိုစဉ် သတို့သားနှင့် သတို့သမီးတို့သည် ကျွန်ုပ်တို့ထိုင်ခုံဆီသို့ လျှောက်လာသည်။ ကိုမျိုးမြင့်က ထိုင်ရာမှ မတ်တပ်ရပ်လိုက်သည်။

“ဒါ... ဒါ သတို့သားနဲ့ သတို့သမီးဗျ။ သတို့သားနာမည်က ဦးဘဆင် သတို့သမီးနာမည်က မမာလာတဲ့”

ကျွန်ုပ်ကို ကိုမျိုးမြင့်က မူးမူးနှင့်မိတ်ဆက်ပေးသည်။ ကျွန်ုပ်ကလည်း “ကျွန်တော့်နာမည်ဇော်ဟိတ်ပါ၊ မော်တော်ပိုင်ရှင်ပါ။ မော်တော်နာမည်ကလည်း ဇော်ဟိတ်ပဲခင်ဗျာ။ ခုမော်တော်ပျက်လို့ ကမ်းမှာရပ်ပြီး ပြင်နေပါတယ်။ ဟဲ... ဟဲ မော်တော်ကို လာလည်ကြပါအုံးဗျ”

ဟု ပါးစပ်ထဲလေတိုးရာ ရောက်တတ်ရာရာတို့ကို ပြောလိုက်သည်။ ထိုအခါ သတို့သမီးသည် ကျွန်ုပ်တို့ကို အနည်းငယ် ပြုံးရုံမျှ ပြုံးကြည့်ရင်း–

“မာလာတို့ မင်္ဂလာဆောင်ကို လာရောက်အားပေးတာ ကျေးဇူးတင်ပါတယ်”

“ဟုတ်ကဲ့ ကျုပ်ကလည်း ဝမ်းသာပါတယ်”

သတို့သားကပါ ဝင်၍ပြောသည်။ ထို့ကြောင့် ကျွန်ုပ်သည် မူးနေရင်းမှ မျက်လုံးကို အတင်းဖွင့်ကာ သတို့သားကို ကြည့်လိုက်သည်။ သတို့သားမှာ သတို့သမီးထက် အသက်အတော်ပင် ကြီးနေသည်။ အသက်ငါးဆယ်ကျော်ခန့်ရှိမည်။ ပြီးတော့ ဦးဘဆင်ဟူသော နာမည်နှင့်လိုက်အောင် ကိုယ်လုံးကိုယ်ထည်မှာ ဆင်တစ်ကောင်လို ကြီးမားခန့်ထည်သည်။ ကျွန်ုပ်

သည် ထိုသို့ ကြည့်ရအဆင်မပြေလှသော စုံတွဲကို မူးမူးနှင့် ငေးကြည့်ရင်း

‘‘ဟုတ်ကဲ့။ ကျွန်တော်လည်း အုန်းနို့ခေါက်ဆွဲစားလိုက်ပါအုံးမယ်’’

ကျွန်ုပ်က ထိုသို့ ပြောမိပြောရာ ပြောလိုက်သည်။ သတို့သားနှင့် သတို့သမီးသည် ကျွန်ုပ်တို့အပါးမှ ထွက်သွားသည်။ ကျွန်ုပ်နှင့် ကိုမျိုးမြင့်သည် မင်္ဂလာဆောင်၌ အချိန်ကြာမြင့်စွာ မနေကြပေ။ ကိုယ့်အကြောင်းကိုယ်သိသဖြင့် တအောင့်လောက်ပင်နေကာ ပြန်လာခဲ့ကြသည်။ ကျွန်ုပ်သည် မူးယစ်ရီဝေယင်းကပင် အသက် ၂၀ ကျော်ကျော်သာ ရှိဦးမည့် သတို့သမီးမာလာနှင့် အသက်ငါးဆယ်ကျော် ဦးဘဆင်တို့၏ မျက်နှာကို တရေးရေးမြင်ယောင်နေမိတော့သည်။

ကျွန်ုပ်မော်တော်သို့ ပြန်ရောက်သောအခါ မော်တော် စက်ပြင်၍ မပြီးသေးပေ။

မပြီးသည့်ပြင် ...

‘‘ဒီပုံအတိုင်းဆို ညနေစောင်းမှ ပြီးမယ်ထင်တယ်’’

ဟု ကိုကျော်သောင်းကပြောသဖြင့် ကျွန်ုပ်ကလည်း...

‘‘ဒီလိုဆိုလည်း ဒီမှာညအိပ်သင့် အိပ်ရတာပေါ့ဗျာ’’

ဟု ပြောကာ မော်တော်ဦးပိုင်းရှိ ကျွန်ုပ်၏ အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

ကျွန်ုပ်ထိုသို့ ပြောလိုက်ခြင်းမှာ မူးမူးနှင့် ပြောလိုက်ခြင်းမဟုတ်။ ကျွန်ုပ်၏ မော်တော်ရှေ့ စလိုက်မီးမှာ မော်တော်မောင်းနှင်၍ ရသော်လည်း မီးအားသိပ်မကောင်း။ ထင်းထင်းလင်းလင်းမမြင်ရ။ ပြီးတော့ ညအိပ်ချိန်တွင် မော်တော်လုပ်သားများကို အလုပ်မလုပ်စေလို အိပ်ချင်မူးတူးနှင့် အန္တရာယ်များနိုင်သည်။ ထို့ကြောင့် အချိန်မီ စက်ပြင်မပြီးလျှင် မင်းလှတွင် ညအိပ်မည်ဟုပြောလိုက်ခြင်းဖြစ်သည်။

ထို့နောက် ကျွန်ုပ်သည် နံနက်စာ မစားတော့ပဲ။ အိပ်ခန်းတွင်း၌ တချိုးတည်း အိပ်လိုက်တော့သည်။ ကျွန်ုပ်အိပ်ယာမှ နိုးသောအခါ ညနေ ခြောက်နာရီ ထိုးနေသည်။ စက်ကောင်းသွားပြီဟု သာတင့်က လာ၍ပြော

သည်။ သို့သော် အချိန်မရှိတော့ပေ။ မင်းလှတွင်ပင် ညအိပ်မည်ဟု ကျွန်ုပ်က ပြောလိုက်သည်။

မနက်က အသောက်များသဖြင့် ထုံးစံအတိုင်းပင် ကျွန်ုပ်၏ တစ်ခေါင်းလုံးမှာ တူဖြင့်ထုနေသလို တဒိန်းဒိန်းမြည်နေသည်။ ထို့ကြောင့် အမြန်ဖြေရန် သာတင့်ကို စီစဉ်ခိုင်းရသည်။ သာတင့်သည် ကျွန်ုပ်အတွက် မော်တော်ဦးတွင် ပက်လက်ကုလားထိုင်တစ်လုံး ခင်းကာ အရက်နှင့် ဖန်ခွက် များကို အလျှင်အမြန်ချပေးသည်။

ကျွန်ုပ်သည် အရက်ကို တစ်ခွက်ပြီးတစ်ခွက်သောက်၍ ဖြေရင်း အချိန်အတန်ကြာလျှင် ပြေ၍လာသည်။ ပြေရာမှ မူး၍လာသည်။ မူးရာမှ အရက်အရသာ တွေ့လာသည်။ စိတ်လက်ရွှင်ပြ လန်းဆတ်၍ လာသည်။ ရေချိန်ကိုက်ပြီ တော်လောက်ပြီဟု ကျွန်ုပ်စိတ်ဆုံးဖြတ်လိုက်သောအခါ ညရှစ်နာရီကျော်ပေပြီ။

"အစ်ကိုအစ်ကို ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့"

သာတင့်အနားသို့ ရောက်လာပြီးပြောသည်။

ကျွန်ုပ်က ....

"ဟာ ဒီနေ့ ဧည့်လာ မပျက်ပါလားကွ၊ အေးအေး ငါ့ဆီလွှတ်လိုက်"

သာတင့် ကျွန်ုပ်အနားမှ ပြန်သွားပြီးနောက် ခဏကြာသောအခါ ကျွန်ုပ်ထိုင်နေသော ပက်လက်ကုလားထိုင်နောက်မှ ခြေသံကြားရသည်။ ပြီးနောက် ကျွန်ုပ်၏ဘေးသို့ တစ်စုံတစ်ယောက်ရောက်လာသည်။ ကျွန်ုပ်သည် ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။ ကျွန်ုပ် နှုတ်မှ အာခနဲ အာမေဋိတ်သံ ထွက်သွားသည်။

"ရေနစ်သူ တွေ့ရာ ရရာနွယ် တစ်ပင် မြက်တစ်ပင်ကို ဆွဲသလို ကြိုးစားပြီး ဆွဲကြည့်တာပါ အစ်ကို။ ဆွဲလို့ မရလဲ ရေနစ်သေရုံပေါ့"

မနက်က ကျွန်ုပ် တွေ့ခဲ့ရသော သတို့သမီးမာလာ ဖြစ်သည်။ ခေါင်းပေါ်တွင် တဘက်တစ်ထည်ကို မျက်နှာအုပ်မိအောင် ခြုံထားသည်။ လက်မှ လက်ဆွဲအိတ်တစ်လုံး ဆွဲထားသည်။ ကျွန်ုပ် ဘာမှန်း မသိသေး။

သို့သော် ကျွန်ုပ်သည် အနီးမှ ခွေးခြေတစ်လုံးကို ညွှန်ကာ “ထိုင်ပါ မာလာ’ ဟု ပြောလိုက်ရသည်။ မာလာသည် ထိုင်ခုံပေါ်သို့ ဖြည်းလေးစွာ ထိုင်သည်။

‘မာလာ့ကိုတော့ မှတ်မိပါတယ်နော်။ တိုတိုနဲ့လိုရင်း ပြောရရင်တော့ မနက်က မင်္ဂလာဆောင်တဲ့ ဦးဘဆင်နဲ့ မပေါင်းသင်းချင်လို့ မာလာ ခုလို ထွက်ပြေးလာတာပဲ’

ကျွန်ုပ်အံ့ဩထိတ်လန့်သွားသည်။ မနက်ကမှ ပူပူနွေးနွေး မင်္ဂလာဆောင်ပြီးသော မိန်းကလေးတစ်ယောက်က လက်ထပ်သူ သတို့သားနှင့် ဘာ့ကြောင့်မပေါင်းသင်းချင်ရသလဲ။ ပြီးတော့ ဘာကြောင့် ကျွန်ုပ်ဆီ ထွက်ပြေးလာရသလဲ။ ကျွန်ုပ်နှင့် မည်သို့ ပတ်သက်နေလို့လဲ။ ကျွန်ုပ်သည် ဘာစကားမှ မပြောနိုင်သေးဘဲ မာလာ့ကို နားမလည်နိုင်သော မျက်လုံးများဖြင့်သာ ကြည့်နေမိသည်။

“မင်းလှမြို့ထဲမှာ ပုန်းနေရင် မာလာ့ကို ဦးဘဆင်တို့ ကျိန်းသေ တွေ့သွားမှာပဲ။ ဒီ့ထက်ဝေးတဲ့ နေရာပြေးဖို့လည်း အချိန်မရတော့ဘူး။ ဒါနဲ့ မာလာ အစ်ကို့ဆီပြေးလာတာပါ။ ဒီမော်တော်ပေါ်မှာ မာလာ လာပြီး ပုန်းနေတယ်လို့တော့ ဘယ်သူမှ ထင်မှာမဟုတ်ဘူးလေ။ ဒါကလည်း မာလာ ပြောသလို နွယ်တစ်ပင် မြက်တစ်ပင်ကို ကြိုးစားဆွဲကြည့်တာပါ။ ဆွဲကြည့်လို့မရလဲ မာလာ့ကုသိုလ်ပေါ့လေ”

မှန်တာပြောရလျှင် ကျွန်ုပ်အရက်မမူးတော့ပါ။ သို့သော် ကျွန်ုပ်၏ စိတ်ထဲမှ ခံစားချက်တို့သည် မရေမရာ ဇဝေဇဝါ ဖြစ်နေသည်။ ခင်မင်သိကျွမ်းသူလည်း မဟုတ်သည့်ပြင် တစ်ကြိမ်တစ်ခါတည်းသာ တစ်ခဏမျှ တွေ့ဖူးသော မိန်းကလေး တစ်ယောက်အပေါ် ဘာမှ အားနာနေဖို့မလိုဘဲ သူ့ဆန္ဒကို ချိုသာစွာ ပြောဆိုငြင်းဆန် လိုက်ရုံသာရှိသည်။ သို့သော် ဘာကြောင့်မှန်းမသိ ဘယ်လိုခံစားချက်ကြောင့်လဲ မသိ။ ထိုသို့ ငြင်းဆန်ရန် စကားတို့ကို ကျွန်ုပ်နှုတ်မှ ပြောမထွက်ပဲ ရှိနေသည်။

“မာလာ ဦးဘဆင်ကို မချစ်ဘူး။ လုံးလုံးကို မချစ်နိုင်လွန်းလို့ပါ အစ်ကိုရယ်”

မာလာ့အသံက ငိုသံပါလာသည်။ ကျွန်ုပ်သည် မာလာ့ကို နည်းနည်းတော့ သနားသလို ဖြစ်သွားသည်။ သို့သော် သူ့ကို လက်ခံရန် မသင့်ဟူသော စိတ်က ဆက်လက်ဖြစ်ပေါ်ကာ သူပြန်သွားရန် ဘယ်ပုံဘယ်နည်း ဖျောင်းဖျ ပြောဆိုရမည်ကို ကြံစည်တွေးတောနေမိသည်။

"အသက်က ငါးဆယ်ကျော် မုဆိုးဖို အဘိုးကြီး၊ ပြီးတော့ သားသမီးတွေကလည်း တစ်ပုံကြီး။ မာလာ့မိဘတွေက ဆင်းရဲလို့။ ပြီးတော့ သူ့ကို ပေးစရာ ကြွေးတွေကလည်း လည်ပင်းထိနေလို့ မျက်ရည်စက်လက်နဲ့ သမီးကို ထိုးအပ်လိုက်ရတာပါ။ မာလာလည်း အကြောင်းကြောင်းကို ငဲ့ပြီး အစကတော့ ခေါင်းညိတ်ခဲ့မိပေမဲ့ ခုလို အချစ်မပါတဲ့ အိမ်ထောင်ရေးကို တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရမယ်ဆိုတော့ မာလာလေ... မာလာ ဘယ်လိုမှ ရင်မဆိုင်ဝံ့ဘူး။ ရင်ဆိုင်နိုင်တဲ့အင်အားလည်း မရှိဘူး။ အဲဒီတော့ အစ်ကိုရယ် မာလာ့ဘဝကို တွေးကြည့်ပါဦး"

မာလာက တရှုံ့ရှုံ့ငိုလိုက်သည်။ ခေါင်းပေါ်မှ တဘက်ကို ဆွဲကာ ကျလာသော မျက်ရည်တို့ကို သုတ်နေသည်။ မော်တော်ဦးမှ မီးရောင်ဖြင့် မာလာ့မျက်နှာကို အကာအကွယ်မဲ့ မြင်လိုက်ရသည်။ မာလာ့မျက်နှာကလေးသည် ပကတိအပြစ်ကင်းစင်သော ကလေးတစ်ယောက်၏ သနားသဖွယ် မျက်နှာမျိုးဖြစ်သည်။ ထိုအခိုက် ကျွန်ုပ်၏ မျက်လုံးထဲတွင် ဦးဘဆင်၏ မျက်နှာက ရုတ်တရက်ပေါ်လာသည်။ ပြီးနောက် ဦးဘဆင်နှင့် မာလာ့ကို ဒွန်တွဲမြင်ယောင်ကာ နှိုင်းယှဉ်မိလျက်သား ဖြစ်သွားသည်။

မည်သို့ဖြစ်စေ အရွယ်ချင်းမမျှသဖြင့်လည်းကောင်း၊ ဘဝအခြေအနေခြင်းကွာခြားကာ နိုင့်ထက်စီးနင်း အလုပ်ခံရသဖြင့်လည်းကောင်း၊ ကျွန်ုပ်၏စိတ်သည် မာလာ့အပေါ်၌ များစွာကရုဏာသက်မိသွားသည်။ ပြီးတော့ မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းရမည့် ဒုက္ခကိုလည်း ကျွန်ုပ်ကိုယ်ချင်းစာ တွေးကြည့်လိုက်မိသည်။

"ဒါဖြင့်လည်း ကိုယ့်ချစ်သူနဲ့ လိုက်ပြေးသွားပါလား"

"ရှင်... "

"ဪ... ဦးဘဆင်နဲ့ လွတ်ရာကို မာလာ့ချစ်သူနဲ့ အတူ ထွက်ပြေးသွားဖို့ ပြောတာပါ"

"မာလာ့မှာ ချစ်သူမရှိပါဘူး အစ်ကို"

ထိုစကားသည် ကျွန်ုပ်အဖို့ နည်းနည်းဆန်းသွားသည်။ ဖြစ်ရိုး ဖြစ်စဉ်အတိုင်း မာလာသည် ချစ်သူရှိသဖြင့် မချစ်မနှစ်သက်သူထံမှ ထွက်ပြေးလာခြင်းဖြစ်သည်ဟု ကျွန်ုပ်ထင်သည်။ သို့သော် ထိုသို့ မဟုတ်။ မာလာက ဦးဘဆင်အပေါ်၌ မချစ်နိုင်ခြင်းမှာ ပယောဂကင်းကင်းနှင့် ချစ်နိုင်ခြင်းမှာ ပကတိခံစားချက်ပင် ဖြစ်သည်ဟု ကျွန်ုပ်သိလိုက်သည်။ သို့သော် ကျွန်ုပ်က...

"ဒါပေမဲ့ သူနဲ့မာလာ တရားဝင် လက်ထပ်ပြီးပြီ၊ မလွယ်ဘူးလေ"

မာလာက တစ်ချက်နှစ်ချက် ရှိုက်ရင်း အငိုရပ်လိုက်သည်။ ပြီးတော့ ကျွန်ုပ်ကို မကြည့်တော့ဘဲ မြင်ပြင်ကျယ်ကြီးဆီသို့ ငေးကြည့်နေ သည်။

"ဟုတ်ပါတယ်၊ တရားဝင် လက်ထပ်ပြီးပြီဆိုတော့ မလွယ်ပါဘူး။ ဒါပေမဲ့ မာလာမှ သူ့ကို မပေါင်းချင်ဘဲ။ သူနဲ့ ဝေးရာကို တတ်နိုင်သလောက် ပြေးကြည့်ရမှာပေါ့။ နောက်ဆုံးပြေးရင်းက ပြေးလို့ မလွတ်တဲ့ ဘဝရောက်တော့လည်း မတတ်နိုင်ဘူးလေ အစ်ကိုရယ်၊ မာလာ့ ကိုယ်မာလာ သတ်သေလိုက်ရုံပဲ ရှိတာပေါ့"

မာလာက ကျွန်ုပ်ကို မကြည့်။ ကျွန်ုပ်ကသာ မာလာ့ကို ကြည့်နေမိသည်။ ကျွန်ုပ်ရင်ထဲတွင် တစ်ခုခု လှုပ်ခတ်သွားသလို ခံစားရသည်။ မာလာ့ကိုယ်မာလာ သတ်သေလိုက်ရုံပဲ ရှိတာပေါ့ ဟူသော စကားသံသည် ကျွန်ုပ်နှလုံးသားကို တဖျပ်ဖျပ် ရိုက်ခတ်နေသည်။ သူတစ်ပါး အသက်ကို ကယ်ဆယ်လိုက်ချင်သော မုဒိတာစိတ်သည်လည်း ကျွန်ုပ်ထံ၌ တဖြည်းဖြည်း ဖြစ်ပေါ်လာသည်။

"မာလာက ဘယ်ကို ထွက်ပြေးမှာလဲ"

ကျွန်ုပ်နှုတ်မှ ထိုမေးခွန်းကို လွှတ်ခနဲ ထွက်သွားမိသည်။ မာလာက ကျွန်ုပ်ကို ပြန်ကြည့်သည်။

"ပြည်ကို သွားချင်တယ်အစ်ကို။ ပြည်မှာ မာလာ့သူငယ်ချင်း

တစ်ယောက်ရှိတယ်''

ကျွန်ုပ်က ဘာမှ ဆက်မပြောဘဲ တစ်စုံတစ်ရာကို တွေးနေသည်။ ထိုစဉ် မာလာသည် ကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြီးပင် အတန်ကြာ ကြည့် နေသည်။

''အစ်ကို့မော်တော်က စုန်မှာလား ဆန်မှာလားဟင်''

''စုန်မှာပါ''

''ဟာ... ဒါဖြင့်... ''

ဟုဆိုကာ မာလာသည် ကျွန်ုပ်ကို စူးစူးစိုက်စိုက် ပြန်ကြည့်ပြန်သည်။ ကျွန်ုပ်ထံ၌ ဘာမှတော့ ဆက်မပြောပေ။ ကျွန်ုပ်ထံ၌ စွန့်စားကယ်ဆယ်လိုစိတ်က တစ်ဟုန်ထိုး ဖြစ်ပေါ်နေသည်။ ကျားရဲ တစ်ကောင်၏ ပါးစပ်ဝသို့ ရောက်နေသော ယုန် တစ်ကောင်အား လွတ်မြောက်သွားစေလိုသော စိတ်မျိုးလည်း တစ်ဆက်တည်း ဖြစ်နေသည်။

ထိုစိတ်တို့ဖြစ်ရင်း ကျွန်ုပ်သည် မာလာ့ကို ကြည့်လိုက်မိပြန်သည်။ မာလာသည် ခုနကလိုပင် မြစ်ပြင်ဆီသို့ ငေးနေသည်။ သို့သော် တိုးဆိတ်စွာ ငိုရှိုက်နေသည်။ ပါးနှစ်ဖက်ပေါ်တွင် မျက်ရည်များ စီးကျလျက်ရှိသည်။ ကျွန်ုပ်သည် မာလာ့ကို လွန်မင်းစွာ သနားသွားမိသည်။ ထိုခဏ၌ ကျွန်ုပ် စိတ်ထဲမှ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည်။ ချက်ချင်းပင် 'သာတင့် သာတင့်'ဟု လှမ်း၍ ခေါ်လိုက်သည်။ သာတင့်သည် ကျွန်ုပ်ရှိရာသို့ အမြန်ပြေးလာသည်။

''စက်ဆရာ ကိုကျော်သောင်းကို ပြောလိုက်၊ ခုချက်ချင်း မော်တော်ထွက်မယ်လို့''

''ဗျာ... ''

သာတင့် အံ့အားသင့် ဖြစ်နေသေးသည်။ သို့သော် ချက်ချင်းပင် ကျွန်ုပ်အပါးမှ ပြန်ထွက်သွားသည်။ ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်စလုံး ငြိမ်သက်နေကြသည်။ ကျွန်ုပ်က ခေါင်းငုံ့ထားသည်။ ခဏအကြာတွင် ထိုင်လျက်က ကျွန်ုပ်၏ အပါးသို့ ခုံရွှေ့လိုက်သံကို ကြားရသည်။ ကျွန်ုပ် မော့ကြည့်လိုက်သောအခါ မာလာသည် ကျွန်ုပ်နှင့် နီးကပ်စွာ ထိုင်လျက်

ကျွန်ုပ်၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

“ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်”

ကျွန်ုပ်က မာလာ့ကို နှစ်လိုဖွယ် ပြုံးပြလိုက်သည်။

လက ရွှန်းစိုစွာ သာနေသည်။ ကြယ်တို့သည် အပြာရင့်ရောင် ကောင်းကင်ပြင်တွင် နေရာအနှံ့ ပြန့်ကျဲလျက်ရှိသည်။ လရောင် ကြယ်ရောင်တို့ကြောင့် ပတ်ဝန်းကျင်သည် စိမ်းဖန့်ဖန့်ညိုရိုရီ ဖြစ်နေသည်။ ခပ်ဝေးဝေး ကောင်းကင်တစ်နေရာ၌ ကင်းမြီးကောက်သင်္ချာန် ခုနစ်စဉ်ကြယ်တို့ကို လှမ်းမြင်ရသည်။ ညသန်းခေါင်ချိန်သို့ ရောက်လာပြီ။

ယခုအချိန်ထိ ကျွန်ုပ်နှင့် မာလာတို့မှာ စကားအမျှင်မပြတ်ကြသေး။ ကျွန်ုပ်သည် မာလာနှင့် စကားပြောနေရသဖြင့် ကျွန်ုပ်၏ သောက်လက်စ အရက်ပိုင်းကို မသိမ်းရသေးသည့်ပြင် ညနေစာပင် ယခုတိုင် မစားရသေးပေ။ သို့သော် ကျွန်ုပ်ဗိုက်မဆာပါ။

“ခု ဆင်ပေါင်ဝဲကို ကျော်လာပြီဆိုတော့ ပြည်ကိုရောက်ဖို့ တော်တော်လို သေးသလား အစ်ကို”

“အောင်လံနဲ့ သရက်ပြီးရင် ပြည်ရောက်ပါပြီ။ မနက်ကိုးနာရီ ဆယ်နာရီလောက်ရောက်မယ်”

မာလာသည် မြစ်ပြင်ကျယ်ကြီးကို အထူးအဆန်းသဖွယ် ကြည့်နေသည်။ ယခုအခါ မာလာ့မျက်နှာသည် သောကကင်းစင်ကာ ကြည်လင်ရွှင်ပျလျက် ရှိသည်။ စကားပြောရင်း ကျွန်ုပ်နှင့် အထိုက် အလျောက် ခင်နှီးလာသဖြင့် မာလာသည် သူ၏ ကိုယ်နှုတ်အမူအရာတို့ကို ထိန်းချုပ်ဟန်ဆောင်မထားတော့ဘဲ ပွင့်ပွင့်လင်းလင်းပင် ပြောဆိုနေသည်။

“ဒီဧရာဝတီမြစ်ကြီးကမှ မေခနဲ့ မေလိခ မြစ်နှစ်သွယ် ပေါင်းပြီး စီးဆင်းလာတယ်၊ ပြီးတော့ အဆုံးမှာ ပင်လယ်ထဲကို ရောက်သွားမယ် ဆိုတာ သိရသေးတယ်နော်။ ဒါပေမဲ့ မာလာ့ဘဝက ဘယ်နေရာက စမှန်း မသိသလို ဘယ်နေရာမှာ ဆုံးမယ်ဆိုတာလည်း မသိနိုင်ဘူးနော်အစ်ကို”

မာလာ မျက်နှာပြန်ညှိုးသွားသည်။ ထိုအချက်ကိုပင် ကျွန်ုပ် စဉ်းစားတွေးတောနေခြင်း ဖြစ်သည်၊ ယခုအတိုင်းဆိုလျှင် မာလာ့၏ အနာ

ဂတ်သည် များစွာရင်လေးစရာကောင်းလှသည်။ နောက်ဆုံး မာလာသည် ဦးဘဆင်၏ ဝေးရာသို့ ပြေးရင်းမှ လွတ်မြောက်သွားသည်ပဲ ထားဦး၊ တစ်ကောင်ကြွက် မိန်းကလေးတစ်ယောက်အနေဖြင့် ရှေ့ဆက်ဘယ်လို စခန်းသွားမည်နည်း။ မာလာက ကျွန်ုပ်ကို ဆတ်ခနဲ မော့ကြည့်သည်။

"ဒါပေမဲ့ သဘာဝတရားကြီးမှာတော့ အစအဆုံးဆိုတာ ရှိတယ်နော် အစ်ကို"

"အင်း. . . . "

"အခု အစ်ကိုနဲ့ တွေ့ရတာကို မာလာ့ဘဝအစ ဖြစ်ချင်လိုက်တာ"

ကျွန်ုပ်သည် မာလာ့ကို အလေးတကြီးကြည့်လိုက်မိသည်။ သူသည် ထုံးစံအတိုင်း မြစ်ပြင်သို့ ပြန်ငေးနေသည်။

"မာလာနဲ့ အစ်ကိုတွေ့ရတာ နာရီပိုင်းပဲ ရှိသေးတယ်နော်၊ ဒီနာရီပိုင်းလောက်ရှိတဲ့ မာလာ့ဘဝဟာ တမျိုးဖြစ်သွားတယ်၊ မာလာ ပြောချင်တဲ့ အဓိပ္ပါယ်က အခု အစ်ကိုနဲ့ ကြုံရတဲ့ မာလာ့ဘဝက အတိတ်က မာလာ့ဘဝနဲ့ မတူတော့ဘူး။ ချက်ခြင်း ပြုပြင်ပြောင်းလဲလိုက်သလို တော်တော်ခြားနား ကွဲပြားသွားတယ်။ အစ်ကို မာလာပြောတာ နားလည်ပါတယ်နော်။"

ကျွန်ုပ်သည် ငြိမ်သက်စွာ ရှိနေသေးသည်။

"ပြောရရင်တော့ အစ်ကိုရယ် အစ်ကို့ဆီကို စိတ်ရှူးပေါက်ပြီး ပြေးလာတုန်းက အစ်ကို ဒီလိုလက်ခံလိမ့်မယ်လို့ မာလာလုံးဝ မမျှော်လင့်ဘူး။ အစ်ကို့ကို တွေ့တွေ့ချင်း မာလာပြောသလို ရေနစ်သူ ဆွဲမိဆွဲရာ ဆွဲလိုက်တာပါ။ ဒါပေမဲ့ အစ်ကို့ရဲ့ စာနာစိတ်နဲ့ သနားစိတ်တွေကို မာလာ မမျှော်လင့်ဘဲ ရလိုက်တယ်။ မှန်တာပြောရရင် အဲဒီလို စာနာစိတ်မျိုးတွေကို မာလာ့ဘဝတလျှောက် ဘယ်သူ့ဆီကမှ မရခဲ့ဖူးဘူး"

ကျွန်ုပ်ရင်ထဲသို့ ခံစားချက်တစ်မျိုး ရောက်လာသည်။ သို့သော် ထိုခံစားချက် ချက်ချင်းမေ့လျော့ကာ ကျွန်ုပ်သည် မြစ်ပြင်ဆီသို့ ငေးနေသော မာလာ့မျက်နှာကလေးကို လှမ်းကြည့်လိုက်မိသည်။ သို့သော် ကျွန်ုပ်

မျက်လုံးထဲ၌ မာလာ့အလှကို မမြင်၊ မာလာ့ဘဝကိုသာ မြင်နေသည်။ မာလာသည် အနှောင်အဖွဲ့မှ ရုန်းထွက်ပျံသန်းလာသော်လည်း နားခိုရာ ကင်းမဲ့နေသော ငှက်ငယ်ကလေးပါလား။ လေဒဏ်၊ မိုးဒဏ်၊ မုန်တိုင်းဒဏ် တို့နှင့် မုချကြုံတွေ့ရတော့မှာပါလား။

"အစ်ကို မာလာ့ကို သနားတယ်။ ဒါပေမဲ့. . . "

ကျွန်ုပ်က ထိုစကားကို ဖွတ်ပင်ရပ်ပစ်လိုက်သည်။ မာလာသည် ဃဲ့ယဲ့မျှပြုံးကာ ကျွန်ုပ်ကို မျက်လုံးလှန်ကြည့်သည်။

"တော်ပါပြီ၊ အစ်ကို့ဆီက သနားစိတ်ကလေး တစ်ခု ရရင်ပဲ မာလာ့ဘဝ တော်တော်ပြည့်စုံသွားပါပြီ၊ အစ်ကိုရယ် လူဆိုတာ ဘဝကံကြောင့်ပဲဖြစ်ဖြစ်၊ အခြေအနေကြောင့်ပဲဖြစ်ဖြစ် ကိုယ်နဲ့ထိုက်တန်ရာကိုပဲ ရသင့်ပါတယ်။ ပြီးတော့ မာလာ့ဘဝမှာ မျှော်လင့်သမျှ ဆုံးရှုံးခဲ့ရတော့ ဘာကိုမှ မမျှော်လင့်ရဲတော့ပါဘူး၊ မျှော်လင့်တယ်ဆိုတာ ပင်ပန်းလွန်းလို့ အစ်ကိုရယ်"

"မာလာ"

"ရှင်. . . "

သို့သော် ကျွန်ုပ် ဘာစကားဆက်ပြောရမှန်းမသိ၊ ကျွန်ုပ် စိတ်တွေ နည်းနည်းလှုပ်ရှားလာသည်။ ကျွန်ုပ်သည် ကျွန်ုပ်ရှေ့မှ လက်ကျန်အရက်ကို ယူ၍ သောက်လိုက်ချင်သည်။ ကျွန်ုပ်၏ စိတ်သည် ချောင်ပိတ်မိနေသော သတ္တဝါတစ်ကောင်လို ထွက်ပေါက်ရှာနေသည်။ မာလာ့အပေါ်သနားစိတ်တို့ အဖွားဖွားဖြစ်ပေါ်နေသည်ကို ကျွန်ုပ်ဝန်ခံရသည်။ နောက် ညှာတာစိတ်၊ ကရုဏာစိတ်တို့ ရှိနေသည်ကိုလည်း ကိုယ့်ကိုယ်ကို သိသည်။ သို့သော် ကျွန်ုပ်ထံတွင် အခြားစိတ်တစ်မျိုး ကျန်သေးသည်။

"မာလာရယ် အစ်ကို ဘယ်လိုပြောရမလဲ၊ အစ်ကို့ရင်ထဲရှိတာ ဆွဲထဲက ပြောရဲတာတစ်ခုကတော့ အစ်ကိုလေ မာလာ့ကို သိပ် သနားတယ်"

မာလာ့သက်ပြင်းရှိုက်သံ ကြားလိုက်ရသည်။ ထို့နောက် ကျွန်ုပ်သည် မာလာ့မျက်နှာကို မကြည့်တော့ပဲ စားပွဲပေါ်မှ အရက်ကို ယူ၍

သောက်လိုက်မိသည်။

"ကျေနပ်ပါတယ် အစ်ကို၊ မာလာလည်း ဝမ်းသာပါတယ်"

ပြီး နောက် မာလာက ပြုံးသည်။ ထို့နောက် ကျွန်ုပ်က 'မာလာ' ဟု ထပ်ခေါ်လိုက်သည်။ ကျွန်ုပ်ရင်ထဲမှ ခံစားချက်အချို့သည် တလိပ်လိပ် တက်လာသည်။

"မာလာရယ်"

"ပြောပါအစ်ကို၊ ထိန်းချုပ်မျိုသိပ်မထားပါနဲ့၊ အစ်ကို့ ရင်ထဲမှာ ရှိတာတွေကို အကုန်ထုတ်ပြောလိုက်ပါ၊ မာလာ့ကို မညှာပါနဲ့။ မာလာနဲ့ ပတ်သက်ပြီး ဘာကိုမှ ငဲ့မနေပါနဲ့တော့"

ကျွန်ုပ်သည် ပက်လက်ကုလားထိုင် လက်တန်းပေါ်တွင် တင်ထားသော မာလာ၏လက်ကို ဆုပ်ကိုင်လိုက်မိသည်။ ပြီးနောက် မာလာ့ လက်ဖဝါးကလေးကို ဆုပ်နယ်နေလိုက်သည်။ မြစ်ပြင်မှ လေတိုက်ကြမ်းလာသည်။ ကောင်းကင်တွင် ကသုတ်ကရက် ပြေးလွှားနေသော တိမ်ညိုတစ်အုပ်ကို မြင်ရသည်။ ကျွန်ုပ်က ရင်ထဲမှ လှုပ်ရှားစိတ်ကို သက်ပြင်းရှိုက်၍ ထိန်းချုပ်လိုက်သည်။ ပြီးနောက် မာလာ့ကို အဓိပ္ပါယ်ပြည့်စုံသော အပြုံးဖြင့် ပြုံးပြလိုက်သည်။

"မာလာလည်း အစ်ကို့လိုပါပဲကွယ်"

ကျွန်ုပ်ရင်ထဲတွင် ပြည့်စုံခြင်းနှင့် အတူ အတိုင်းအဆမရှိ အေးမြသွားတော့သည်။

ကျွန်ုပ်၏ စိတ်ထဲ၌ စီမံကိန်းတွေချပြီး ဖြစ်သည်။ မည်သို့ ဖြစ်စေ မာလာနှင့် ပတ်သက်သော ပြဿနာမှန်သမျှကို ကျွန်ုပ်ရဲဝံ့စွာ ရင်ဆိုင်ဖြေရှင်းမည်။ ကျွန်ုပ်ဖခင် သဘောတူထားသော မိန်းကလေး ကိစ္စကိုလည်း မဖြစ်နိုင်တော့ပါဟု ဖခင်အား ပြတ်ပြတ်သားသားပြောမည်။ ကျွန်ုပ်သည် ထိုမိန်းကလေးနှင့် မည်သို့မျှ ပတ်သက်ယှက်နွယ်ခြင်း မရှိသေးသဖြင့် ထိုကိစ္စမှာ ဖြေရှင်း၍ လွယ်ကူမည်ထင်ပါသည်။

ထို့နောက် ကျွန်ုပ်ပျော်သွားသည်။ တစ်ကိုယ်လုံးအားအင် အပြည့်နှင့် ရွှင်လန်းလတ်ဆတ်နေ၏။

"ပြည်ရောက်ရင် အစ်ကိုတို့အိမ်ကို မာလာ တခါတည်း လိုက်ခဲ့သိလား၊ အဖေ့ကို အကျိုးအကြောင်း ပြောပြပြီး အစ်ကို မာလာ့ကို တစ်ပတ်အတွင်း လက်ထပ်မယ်"

ဟုပင် မာလာ့ကို ပြောမိသည်။ မာလာသည် ကျွန်ုပ်ပြောသည်ကို ငြိမ်သက်စွာ နားထောင်ရင်း စိုးရွံ့သော မျက်နှာနှင့် ရှိနေသည်။ သူ့အခြေအနေကြောင့် ထိုသို့ ဖြစ်နေသည်ဟု ထင်ပါသည်။ ကျွန်ုပ်ကမူ မာလာ၏ အားငယ်စိုးရွံ့နေသော မျက်နှာကလေးကို မြင်ရလေ၊ သနားစိတ် ချစ်စိတ်တို့ ပိုလာလေဖြစ်သည်။

"ရောဝတီမြစ်ကြီးကို ပြောလိုက်တော့မာလာ။ ခု မာလာ့ဘဝ အစတွေ့ပါပြီလို့"

ကျွန်ုပ်က တသွင်သွင်စီးနေသော ရောဝတီမြစ်ကို ကြည့်ကာ ပြောသည်။ မာလာသည် ကျွန်ုပ်ကို ဘာမှ ပြန်မပြော မာလာ့မျက်နှာသည် စိုးရွံ့ဟန်အပြင် တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေပုံလည်း ပေါ်သည်။

"မာလာ ဘာတွေစဉ်းစားနေတာလဲ၊ အစ်ကို့အချစ်ကိုလား။ အစ်ကို့ အချစ်ကို မယုံသေးလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ မာလာ့မျက်နှာက ရွှင်ရွှင်ပျပျမရှိတာလဲ"

"ဩော် . . . . အကြောင်းကြောင်းပေါ့ အစ်ကိုရယ်"

ကျွန်ုပ်၏ စိတ်ထဲတွင် မချင့်မရဲ ဖြစ်သွားသည်။ တွေ့သမျှ ရန်သူကို ပိုင်ဆိုင်ရဲသော သူရဲကောင်းစိတ်မျိုးလည်း ဖြစ်လာသည်။ ကျွန်ုပ်က မာလာ့ တစ်ကိုယ်လုံးကို ထွေးဖက်လိုက်သည်။ ကျွန်ုပ်သည် ပထမဆုံး အကြိမ်အဖြစ် မာလာ၏ ပါးကလေးကို နှစ်သက်မြတ်နိုးစွာ နမ်းရှုံ့လိုက် မိသည်။ ထိုအခါမှ မာလာက သဲ့သဲ့ရယ်သည်။

"စိတ်ချ။ အဲဒီ မာလာ့ရဲ့ အကြောင်းကြောင်းတွေကို အားလုံး ပိုင်ဆိုင်ပြီး အစ်ကို ဖြေရှင်းမယ်၊ အစ်ကို့ရင်ထဲမှာ မာလာက ပေးတဲ့ ချစ်သင်္ကေတတွေ တစ်ပုံကြီး"

မော်တော်သည် မြစ်လယ်ရေကြောင်းသို့ ပြောင်းကာ ခုတ်မောင်း

နေသည်။ ကမ္ဘမြို့မှ ကျော်လာပြီလို့ ကျွန်ုပ်သိသည်။ တစ်နာရီအတွင်း ပြည်မြို့ကို ရောက်တော့မည်။ ကျွန်ုပ်၏ မော်တော်လုပ်သားတို့သည် ကျွန်ုပ်၏ တစ်ဖြစ်လဲ ဘဝကို အံ့သြနေကြသည်။ သာတင့်၏ မျက်နှာသည် ကျွန်ုပ်နှင့် မာလာ့ကို ကြည့်ရင်း ပြုံးစိစိ စပ်ဖြဲဖြဲ ဖြစ်နေသည်။ မည်သို့ဖြစ်စေ ကျွန်ုပ်သည် အလိုပြည့်ခြင်းနှင့်အတူ အတိုင်းထက်အလွန် ပျော်နေပါသည်။

"အစ်ကို"

"ဘာလဲ မာလာ"

"အို... ဘာမှ မဟုတ်ပါဘူး"

မော်တော်ပေါ်တွင် ရပ်ရင်း မာလာသည် ကျွန်ုပ်၏ လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။ နောက်မှ ပြန်လွှတ်သည်။ မာလာ စိတ်လှုပ်ရှားနေသည်ထင်သဖြင့် ကျွန်ုပ်က သဘောကျစွာ ပြုံးလိုက်မိသည်။ မော်တော်သည် ပြည်ဆိပ်ခံဗောတွင် မရပ်ဘဲ စိန်ပန်းပင်မော်တော်ဆိပ်သို့ ရောက်ရန် ဦးတည်မောင်းနှင်လာသည်။ ဆိပ်ကမ်းပေါ်သို့ လှမ်းမြင်နေရပြီ။ ထိုခဏ၌ ကျွန်ုပ်သည် ရင်ထိတ်ခနဲ ဖြစ်သွားသည်။ မြစ်ကမ်းစပ်တွင် အဖေနှင့် မိန်းကလေးတစ်ယောက် မတ်တပ်ရပ်လျက်ရှိသည်။ မော်တော်ဆီ သို့ လှမ်းကြည့်နေကြသည်။

ကျွန်ုပ်သိလိုက်ပြီ။ သည်ပြဿနာကို ကျွန်ုပ်ဖြေရှင်းရတော့မည်။ ကျွန်ုပ်ဘေးမှ မာလာ့ကိုကြည့်လိုက်တော့ ဘာကြောင့်မှန်းမသိ။ မာလာသည် မျက်စိ မျက်နှာပျက်နေသည်။ မော်တော်လုပ်သားမြဖေ ထိုးပေးသော ကုန်းပေါင်းပေါ်မှ အဖေနှင့် မိန်းကလေးတို့သည် မော်တော်ပေါ်သို့ ရှေ့ဆင့်နောက်ဆင့် တက်လာကြသည်။ ကျွန်ုပ်က "အဖေ" ဟုခေါ်ကာ ပြုံး၍ နှုတ်ဆက်လိုက်သည်။

"သားဇော်ဟိတ် နေကောင်းတယ်နော်"

အဖေကလည်း ပြန်နှုတ်ဆက်သည်။ သို့သော် အဖေသည် ထိုသို့ နှုတ်ဆက်ရင်း ကျွန်ုပ်ဘေးမှ မာလာ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက် သည်။ ပြီးမှ 'လာသမီး' မော်တော်ထဲဝင်ဟုဆိုကာ ပါလာသူ မိန်းကလေးကို

လက်ဆွဲခေါ်လိုက်သည်။ ထိုစဉ် မော်တော်ကုန်းပေါင်ပေါ်သို့ နောက်ထပ် တက်လာသော လူတစ်စုကို ကျွန်ုပ်လှမ်းမြင်လိုက်ရသည်။ ထိုအထဲတွင် ရဲအမှုထမ်းတို့၏ နောက်တွင် ကိုယ်လုံးကိုယ်ထည် ခန့်ထည်သော ဦးဘဆင် ကို ကျွန်ုပ် အံ့သြထိတ်လန့်စွာ လှမ်းမြင်လိုက်ရသည်။

သတို့သမီးပိုင်ရှင် လိုက်လာပါပေါ့လား။ ထိုသို့ ကျွန်ုပ်တွေး နေစဉ် လူအားလုံး မော်တော်ပေါ်သို့ ရောက်လာကြသည်။

“ကဲ. . . . ခင်မျိုးရီကို လက်ထိတ်ခတ်လိုက်တော့”

ဒု–ရဲအုပ်အဆင့်ရှိသူက အမိန့်ပေးလိုက်သည်။ ရဲတပ်သား တစ်ယောက်သည် မာလာ့ကို လက်ထိတ်ခတ်လိုက်သည်။ ကျွန်ုပ်၏ ဖခင် နှင့် မိန်းကလေးတို့သည် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ ကျွန်ုပ်မှာ မူ အံ့သြထိတ်လန့်စွာရှိရင်း မာလာ့ကိုတစ်လှည့်၊ ဦးဘဆင်ကို တစ်လှည့် ကြည့်လိုက်မိသည်။ မင်္ဂလာဆောင်မှ ထွက်ပြေးလာသူ မိန်းကလေးကို ဘာကြောင့် လက်ထိတ်ခတ်ပါလိမ့်။

“ပြီးတော့ သူ့လက်ဆွဲအိတ်ကိုလည်း သိမ်းလိုက်”

ဟု ဒု–ရဲအုပ်က ထပ်ဆိုသဖြင့် မာလာ့လက်ထဲမှ လက်ဆွဲအိတ် ကို ရဲသားတစ်ယောက်က ဆွဲယူလိုက်သည်။

“ဘယ်လို ငြင်းချက်မှ ထုတ်မနေပါနဲ့တော့ ခင်မျိုးရီ၊ မင်း ယောက်ျား ပွေလီ ချစ်သိန်းကို ဖမ်းထားပြီးပြီ၊ ကဲ. . ဒီက မော်တော်ပိုင်ရှင် က ဘယ်သူလဲ”

“ကျွန်တော်ပါ”

“သူ့ကို ဘယ်လိုအကြောင်းနဲ့ တင်ခေါ်လာတာလဲ”

“ဒု–ရဲအုပ်က မာလာ့ကို လက်ညှိုးထိုးကာ ကျွန်ုပ်ကို မေးသည်။

“ကျွန်မ အရေးတကြီးကိစ္စရှိလို့ လိုက်ပါရစေလို့ သူ့ကိုတောင်းပန် ပြီး ဒီမော်တော်နဲ့ လိုက်လာတာပါ”

မာလာက ကျွန်ုပ်ဘာမှ မပြောခင် အစောတလျှင် ဝင်ပြောသည်။ ဒု–ရဲအုပ်က အားလုံးကို မျက်လုံးဝေ့၍ ကြည့်လိုက်သည်။

“တရားဝင်စစ်ချက်ကိုတော့ စခန်းကျမှ ယူပါ့မယ်၊ အားလုံး

နားလည်အောင် ပြောရရင်တော့ ပောဒီ ခင်မျိုးရီဆိုတဲ့ မိန်းကလေးဟာ ပိုက်ဆံရှိတဲ့ အသက်ကြီးကြီး မုဆိုးဖိုတွေ တခုလပ်တွေနဲ့ နောက်ဆုံး မပ ၁းလက်ရှိ အဘိုးကြီးတွေပါမကျန် အချစ်ထောင်ချောက်ဆင်ပြီး ဖမ်း နေသူပါ။ အဘိုးကြီးတွေကို တွေ့ရင် ရုပ်ရည်ကလေးပြ မာယာနှင့် မျှားပြီး သူ့ကို တမ်းတမ်းစွဲဖြစ်အောင်လုပ်တယ်။ နောက်ဆုံးတော့ အဘိုးကြီး တွေဟာ တမ်းတမ်းစွဲဖြစ်ပြီး ခုမင်းလှက ဦးဘဆင်က သူ့ကိုယူပြီး မင်္ဂလာ ဆောင်ကြတဲ့အထိ ရောက်သွားကြတယ်။ ခုခေတ် အပြောနဲ့ဆိုရင် ခိုက် သွားကြတယ်ပေါ့ဗျာ ဟဲ. . . ဟဲ''

ဒု–ရဲအုပ်က အရှုန်းဖောက်လိုက်သေးသည်။ ကျွန်ုပ်သည် အဓိပ္ပါယ် အားလုံးကို ပြည့်စုံအောင် နားမလည်သေး သို့သော် ကျွန်ုပ်၏ ရင်ထဲတွင် ကတုန်ကယင်ကြီး ဖြစ်လာသည်။

အဲဒီလို အဘိုးကြီးတွေနဲ့ အယုံသွင်းပေါင်းသင်းပြီး အခွင့်သာတဲ့ တနေ့မှာ အဘိုးကြီးတွေဆီက ရှိသမျှကို အကုန်အလစ်သုတ်ပြီး ပြေးတော့ တာပဲ။ ဒီအလုပ်ကို ကြိုးကိုင်နေတာက သူ့ယောကျ်ား ပွေလီချစ်သိန်းပဲ မင်းဘူးက သူဌေးကြီးတစ်ယောက်၊ ပြီးတော့ တောင်တွင်းကြီးက သစ်စက် ပိုင်ရှင် တစ်ယောက်၊ ပြီးတော့ ရှက်လို့ ရဲကို မတိုင်တဲ့ လူတွေလည်း ရှိသေးတယ်။ သူ့အမှုတွေနဲ့ ပါတ်သတ်ပြီး မြေလတ်ပိုင်းက ရဲစခန်းတွေ အားလုံးမှာ တိုင်ချက်တွေရှိတယ်။ စုံစမ်းစစ်ဆေးနေတယ်''

ကျွန်ုပ်၏ ဖခင်ဟာ ကျွန်ုပ်ကို စူးစူးရဲရဲကြီး လှမ်းကြည့်လိုက်သည်။ ကျွန်ုပ်နှင့် မာလာကော ကင်းရှင်းရဲ့လားဟူသော အဓိပ္ပါယ်နှင့်ဖြစ်သည်။ ကျွန်ုပ် ခေါင်းငုံ့ထားလိုက်သည်။

“ခုကိစ္စမှာ ဦးဘဆင်က မင်းလှရဲကိုတိုင်တော့ မင်းလှစခန်းက မြေလတ်ပိုင်းမှ ရှိသမျှ ရဲစခန်းတွေကို အကြောင်းကြားတယ်၊ ကျွန်တော် တို့က ဒါပွေလီ ချစ်သိန်းရဲ့ လက်ချက် ဆိုတာသိလို့ ပြည်မှာရောက်နေတဲ့ ချစ်သိန်းကို ရှာပြီး ဖမ်းတယ်။ စစ်ဆေးတယ်၊ နောက်တစ်ခုက မင်းလ ဆိပ်ကမ်းက အောက်ဘက်ကို နောက်ဆုံး ထွက်သွားတဲ့ မော်တော်ရဲ့ နာမည်က ဇော်ဟိတ်ဆိုတာ သိရတယ်။ ဒါကြောင့် မင်းလှက ရရာကား

ပြည်ကို ရောက်လာတဲ့ ဦးဘဆင်ကို ခေါ်ပြီး ဇော်ဟိတ်မော်တော် ရောက်အလာကို ကျွန်တော်တို့ စောင့်နေတာပဲ”

မာလာသည် ဦးဘဆင်ထံမှ စိန်တစ်ဆင်စာနှင့် ငွေသိန်းနှစ်ဆယ်ကျော် ယူငင်လာကြောင်းကို ဒု–ရဲအုပ်က ဆက်ရှင်းပြသည်။ ခုမှ ဇာတ်ရည်လည်၍ အားလုံးရှင်းလင်းသွားသည်။ ထိုအခါ ကျွန်ုပ်၏ ရင်ထဲတွင် စို့နင့်နင့်ကြီး ဖြစ်သွားသည်။ ယူကျုံးမရလည်း ဖြစ်သွားသည်။ သို့သော် ဤမျှနာကျည်းမုန်းတီးစရာကောင်းသော မာလာ့အပေါ်၌ ကျွန်ုပ်သည် နာကျည်းမုန်းတီးစိတ် မဖြစ်ပေါ်မိ။ ထိုပြင် သူသည်လို မိန်းကလေးမျိုး ဖြစ်နေရသည့်အပေါ်၌ နှမြောတသနေသလို သည်လိုမိန်းကလေးမျိုး မဖြစ်ခဲ့ရင် ကောင်းမည်ဟူသော အဓိပ္ပါယ်မဲ့သော စိတ္တဇအတွေးကိုပင် ဖြစ်ပေါ်မိ သေးသည်။

ကျွန်ုပ်နှင့် မော်တော်လုပ်သားတစ်ဦးကို သက်သေအဖြစ် ရဲစခန်းသို့ခေါ်သည်။ အဖေတို့လည်း ကျွန်ုပ်နှင့်အတူ လိုက်ပါလာကြသည်။ စခန်း၌ နာရီအနည်းငယ်ကြာအောင် စစ်ဆေးသည်။ စစ်ဆေးပြီး ကျွန်ုပ်ပြန်ရန်ထိုင်ခုံမှ ထလိုက်သောအခါ ရဲမေ တစ်ယောက်သည် မာလာ့လက်မောင်းကို ဆွဲကာခေါ်သည်။ ကျွန်ုပ်သည် နောက်ဆုံးအနေနှင့် မာလာ့ကို လှမ်းကြည့်လိုက်သည်။ မာလာကလည်း ကျွန်ုပ်ကို ကြည့်မိလျက်သား ဖြစ်နေသည်။ မာလာသည် “အစ်မ ... ခဏ” ဟု ရဲမေကို ခွင့်ပန်ကာ ကျွန်ုပ် ၏ထိုင်ခုံအနားသို့ လျှောက်လာသည်။

“အစ်ကို”

ကျွန်ုပ်ပြန်မထူး။

ထိုအခါ မာလာသည် တည်ကြည်လေးနက်သော အကြည့်တမျိုးဖြင့် ကျွန်ုပ်ကို အတန်ကြာကြာကြည့်သည်။

“အစ်ကို သိထားဖို့ မာလာ ပြောခဲ့ပါရစေ။ မာလာ တွေ့ဖူးခဲ့တဲ့ ယောကျ်ားတွေအားလုံးနဲ့ အစ်ကိုနဲ့ မတူပါဘူး။ အဲဒါ မာလာ မှန်တာပြောတာပါ။ အစ်ကို ယုံပါ”

ကျွန်ုပ်ချက်ချင်း ယုံလိုက်သည်။ ပြီးတော့ ဆတ်ကနဲ ခေါင်းညိတ်လိုက်မိသည်။ ကျွန်ုပ်သည် ကိုယ့်ကိုယ်လည်း များစွာအံ့ဩသွားသည်။

ဘာကြောင့် မာလာ့စကားကို အလွယ်တကူ ယုံလိုက်ရသနည်း။ ကျွန်ုပ် ယခုတိုင် တွေးလို့မရ။ သို့သော် ကျွန်ုပ်သည် ရံဖန်ရံခါ မာလာနှင့် ကျွန်ုပ် အကြောင်းကို တွေးမိတိုင်း ကျွန်ုပ်ငယ်စဉ်က ရေးခဲ့သော ကဗျာကလေး ကို အမှတ်ထင်ထင် သွား၍ သတိရသည်။

လက်ထပ်ပွဲအစ၊ မဏ္ဍာပ်ဝဝယ်
ကြွလာသောင်းပြောင်း။
လူအပေါင်းတွက်
မိတ်ဆက်ပေးကမ်း၊ စက္ကူပန်းကို
မျက်ကန်းနမ်းရှုံ့ ကြည့်သတည်း။

ထိုကျွန်ုပ်၏ ကဗျာထဲမှ မျက်ကန်းသည် မင်္ဂလာဆောင်မှ ကမ်းလိုက်သော စက္ကူပန်းကို ပန်းအစစ်အထင်ဖြင့် နမ်းရှုံ့ပြီးနောက် ပန်း အစစ်မဟုတ်ပဲ ရနံ့မရှိသော စက္ကူပန်းဖြစ်မှန်း ချက်ခြင်း သိသွားမည်ဟု ကျွန်ုပ်ဆက်တွေးမိပါသည်။

ထိုအခါ မျက်ကန်းသည် ရနံ့မရှိ တန်ဘိုးမဲ့သော စက္ကူပန်းကို မြတ်နိုးခုံမင်စိတ်မရှိပဲ တနေရာ၌ စွန့်ပစ်ခဲ့ပေမည်။ စင်စစ် ယခုအခါ၌ ကျွန်ုပ်သည်လည်း မျက်ကန်းတစ်ယောက်ပင် ဖြစ်သည်။ သို့သော် ကျွန်ုပ် မှာမူ ကိုယ်နမ်းခဲ့မိသောပန်းကို ယခုတိုင် စက္ကူပန်းဟု မထင်သေး။ အများ တကာက စက္ကူပန်းပါဟု ဝိုင်းဝန်းပြောဆိုနေကြသည့်တိုင် ကျွန်ုပ်ထံ၌ စက္ကူပန်း၏ ရနံ့တချို့ကို ရနေသေးသည်။ စိတ်ထဲက စွန့်မပစ်ရက်၊ စွန့်မပစ် နိုင်။ ပြီးတော့ ကျွန်ုပ်၏ ဘဝတလျှောက်လုံးတွင် မာလာဆိုသော ပန်းကလေး ကို တကယ့် ပန်းအစစ်တစ်ပွင့် ဖြစ်သွားပါစေဟု အကြိမ်ကြိမ် ဆုတောင်း နေမိတော့သည်။ အဘယ်ကြောင့်နည်း။

ရန်အောင်မြင့်

ငြိမ်းမာန်ပြင်းသည့် ချစ်ခြင်းမာယာ

အငြိုးကြီးခြင်း၊ ပရိယာယ်မာယာများခြင်း၊ သဝန်တိုခြင်း များသည် သဘာဝအားဖြင့် အားနည်းသော မိန်းမသားများ၏ နှလုံးအိမ်၌ သာ ဖွဲ့တည်တတ်ကြသည်ဟု ... ဆိုကြ၏။ သို့သော် အချို့အချို့သော ယောကျ်ားအနည်းငယ်တို့၌လည်း၊ ထိုသို့သော 'သိမ်ဖျင်းသည့် စိတ်ဓါတ်များ'လျှို့ဝှက်စွာ တည်ရှိနေတတ်ကြပါသည်။

ထိုသို့သော ... ယောကျ်ားများအနက် အလွန်ကြောက်စရာ ကောင်းသည့် ခေတ်ပညာတတ် ... ကျွန်တော့် သူငယ်ချင်းတစ်ဦး၏ ယောကျ်ားတစ်ယောက်၏ ဇာတ်လမ်းလေး တစ်ခုကို၊ မိန်းမသားတွေ ဆင်ခြင်ပြီး သင်ခန်းစာရယူနိုင်စေဖို့၊ တင်ပြလိုက်ရပါသည်။

[၁]

'ထိုင်း'နိုင်ငံမှ ကျွန်တော် ပြန်လာခဲ့ပြီး 'ရေး'နှင့် 'ကျိုက္ခမီ'တွင် သူငယ်ချင်းတစ်ဦးနှင့် ပုဇွန်ကျား မွေးမြူရေးလုပ်ငန်း လုပ်နေခဲ့သည်။

သည်နေ့တော့ ... ပိတောက်သွေးရနံ့လေးတွေ မပျက်ပြယ်သေးသော၊ နွေဦး၏ တစ်နေ့နံနက်ခင်း နွေးနွေးလေးဖြစ်ပါသည်။

မြစ်မင်းသံလွင် စိမ်းပြာပြာဆီ မျှော်ရည်ငေးလျှက်၊ ကျွန်တော် ကမ်းနားလမ်းအတိုင်း လျှောက်လာခဲ့သည်။ မော်လမြိုင်မှာ လာပြီး ကျွန်တော်

ဘာကျိုတ်ခေးနေသည်မှာ တစ်ပတ်ရှိပြီဖြစ်သည်။ သံလွင်မြစ်ကမ်းနဖူး 'မုတ္တမကွေ့'ပေါ်မှ၊ ကျွန်တော်၏ ဖခင်နှင့်မိခင်တို့ ချစ်မြတ်နိုးရာ ခေါင်းချခဲ့သော ကျေးလက်မြို့ငယ်လေးဆီ၊ အလွမ်းပြေ ကျွန်တော် ပြန်ဦးမည် စိတ်ကူးကာ ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

သဘော်ာမစီးမီ .... 'မန်းမြို့တော်'မှာ ပေါက်စီစားပြီး ကော်ဖီသောက်ဦးမည်။ အတွေးလေးနှင့်ကျွန်တော် . . . 'ရွှေမြိုင်တံတား'ဆီမှ တောင်ဘက်သို့ ဦးတည်လျှောက်လာခဲ့သည်။ အရှေ့သို့အရောက်၌ ကျွန်တော့် မျက်လုံးများက ရှေ့တူရူသို့ အမှတ်တမဲ့ အာရုံရောက်သွား၏။

ရုတ်တရက် 'ဂျပန်ဟိုတယ်'လေးရှေ့မှ သားအမိနှစ်ဦး လှမ်းထွက်လာသည်ကို မြင်လိုက်ရသည်။ အမျိုးသမီးက အပြာနုရောင် ဝမ်းဆက်နှင့် ငါးနှစ်အရွယ် ဂါဝန်ဖြူဖြူလေးနှင့် သူမ၏ သမီးငယ်လေး လက်ကို ဆွဲကာ၊ လမ်းဖြတ်ကူးလာသည်။

အမျိုးသမီးလမ်းလျှောက်လာပုံ 'ဟန်'လေးကြောင့် ကျွန်တော့် ရင်ထဲ ဖျတ်ကနဲ ခုန်သွားသည်။ သည်အမျိုးသမီးလမ်းလျှောက်လာပုံလေးက ... ကျွန်တော်နဲ့ အလွန်ရင်းနှီးခဲ့သည့် 'နိုင်ငံခြား ဘာသာသိပ္ပံ'တက်ခဲ့စဉ်က ... 'သူငယ်ချင်းမ'တစ်ဦးနှင့် တူလိုက်တာဟု ထင်မိသည်။

ကျွန်တော် ခြေလှမ်းသွက်သွက်လေး လှမ်းလာခဲ့သည်။

သားအမိနှစ်ဦးက ကျွန်တော့်ရှေ့ကမ်းနားလမ်း ပလက်ဖောင်းပေါ် လှမ်းတက်လာခဲ့သည်။ ဟုတ်ပါသည်။ ကျွန်တော့် သူငယ်ချင်းမ 'စောရှင်ဦး'ပါပဲ။

'ဟော့ ... စောရှင်ဦး၊ ဘွန်းရျူးမဒမ်. . . '

ကျွန်တော်က အမျိုးသမီးကို ရုတ်တရက် နောက်ကျောဘေးတစ်ခြမ်းစောင်း အနေအထားမှနေပြီး မြန်မာလို တစ်ဝက်၊ ပြင်သစ်လို တစ်ဝက်လှမ်းနှုတ်ဆက်လိုက်သည်။

အမျိုးသမီးက အလန့်တကြားလေး လှည့်ကြည့်ကာ မျက်လုံးတွေ ဝင်းလက်တောက်ပသွားလျှက်...

''ဟာ ကိုစိုး၊ ကြည့်စမ်း၊ ဘယ်တုန်းက မော်လမြိုင်ရောက်နေ

တာလဲ၊ တောင်ကြီးမှာဆို ....။ စာရေးဆရာကြီး တစ်ယောက်တည်းလား။ ဝမ်းသာလိုက်တာ စောကို မှတ်မိတယ်နော်”

စောရှင်ဦးက ဝမ်းသာစွာဖြင့် မေးခွန်းတွေ ဆက်တိုက် မေးသည်။ သူမက အလှတွေ တစ်စက်မှ မပျက်ယွင်းသေးသလို ... ကျောင်းတုန်းထဲခင်မင်မှု သံယောဇဉ် အလှတရားတွေလည်း မပျက်ပြယ်သေးပါလားဟု ‘သူငယ်ချင်းမ’ ကို စိတ်ထဲမှ ... ကျွန်တော် ချီးကျူးလိုက်မိသည်။

“ကိုယ်ဒီမှာ စာလာရေးနေတာ တစ်ပတ်လောက်ရှိပြီ။ ဒါနဲ့ စောရှင်ဦးကကော၊ မော်လမြိုင်လာလည်တာလား၊ တိုးရစ်စ်ဂိုက် လုပ်နေတယ်ဆို၊ ဒါ ... စောရှင်ဦးသမီးလေးလား ၊ ချစ်စရာလေး”

ကျွန်တော်က ဆံပင်ရှည်ရှည်လေးတွေနှင့် ဖြူဖွေးလှပသည့် သမီးငယ်လေး၏ ဦးခေါင်းကို ငုံ့ပြီး ဖွဖွလေးလက်နှင့် ပွတ်သပ်လိုက်သည်။ သမီးလေးက လက်ညှိုးလေးကိုက်ကာ မျက်လုံးပွင့်လက်လက်လေးနှင့် စိမ်းစိမ်းလေး မော့ကြည့်နေသည်။

“ဟုတ်တယ်၊ စော ... မန္တလေးက ကမ္ဘာလှည့် ခရီးသွား ကုမ္ပဏီတစ်ခုမှာ ... စကားပြန်ဝင်လုပ်နေတာ။ အခုတော့ ထွက်လိုက်ပြီ၊ မန္တလေးမှာ အထည်ဆိုင်၊ ဒေါ်လေးနဲ့ ဖွင့်မလို့။ ဟုတ်တယ် ဒါ ... စောသမီး ရှင်ဦးခင်ခင်တဲ့”

သမီးလေးက အရမ်းလှတာပဲနော်၊ စောရှင်ဦးထက်တောင် ပိုချောသေးတယ်။ သူ့အဖေက သိပ်ချစ်မှာပေါ့။ ဒါနဲ့ . . . သူ့အဖေကကော သက်တင်ဦး မပါဘူးလား။

စောရှင်ဦးက ကျွန်တော့်ကို ဖြတ်ခနဲ မော့ကြည့်ပြီး အပြုံးနုမှုံမှုံလေးနှင့် ခေါင်းရမ်းပြသည်။

“သမီးအဖေက ... သက်တင်ဦး မဟုတ်ဘူးကိုစိုး။ စောနဲ့ သက်တင်က... လက်မထပ်ဖြစ်ခဲ့ကြဘူးလေ။ စော လက်ထပ်ခဲ့တဲ့သူက ကိုနှင်းခင်ဦးတဲ့။ သူအခု မြန်မာပြည်မှာ မရှိတော့ဘူး။ စောနဲ့ သမီးကို ထားရစ်ခဲ့ပြီး၊ ပြည်ပ ထွက်သွားပြီ။ ရိုးရိုးထွက်သွားတာတောင် မဟုတ်ဘူး စာရေးဆရာကြီးကို ပွင့်ပွင့်လင်းလင်းပြောရရင် ... ယောကျ်ားတစ်ယောက်ရဲ့

“ငြိုးမာန်ပြင်းတဲ့ ချစ်ခြင်းမာယာ” နဲ့ စောကို ရက်စက် စိမ်းကား သွားခဲ့တာ။ ဒါပေမယ့် စော . . . . သူ့ကို ကျေနပ်ခွင့်လွှတ် ပါတယ်လေ။ ဘာကြောင့်လဲဆိုတော့ . . . . စောသမီးလေးကို စောနဲ့ မခွဲပဲ ထားရစ်ပေးခဲ့တာကိုပဲ၊ စောကျေကျေနပ်နပ် ကျေးဇူးတင်ပါတယ်” စောဦးရှင်သက်ပြင်း ငွေ့လေးချလျှက် ခေါင်းငုံ့ကာ သံလွင်မြစ်ဆီ ဆွေးနှင့်စွာ ငေးစိုက်ကြည့်နေသည်။

“ဆောရီး၊ စောရှင်ဦး၊ စိတ်မကောင်းပါဘူးကွာ။ ကိုယ်မေးမိတာခွင့်လွှတ်ပါ။ ကိုယ်က. . . . ”

“မဟုတ်ဘူး၊ စောနားလည်ပါတယ်၊ ကိုစိုး အချိန်ရမလား။ ကိုစိုးကို ဒီအကြောင်းတွေ ပြောပြချင်တယ်။ စာရေးဆရာကြီး ဝတ္ထု တစ်ပုဒ်ရသွားမယ်”

“ဟား . . . . ရပါတယ်။ ကိုယ်က ဘာအနှောင်အဖွဲ့မှ မရှိဘူး၊ ကဲ. . . . လာသမီး၊ ဦးဦးတို့ မန်းမြို့တော်မှာ ပေါက်စီစားပြီး ကော်ဖီသွား သောက် ကြရအောင်နော်။ သမီးပေါက်စီကြိုက်လား၊ ဦးဦးကျွေးမယ်လေ”

ကျွန်တော်က စော၏ သမီး ရှင်ဦးဦးခင် လေးကို ငုံ့ပြီး၊ လက်ဖက်ရည်ဆိုင်သွားဖို့ အတွက် စည်းရုံးဆွယ်လိုက်သည်။

သမီးက မျက်လုံးစိမ်းလဲ့လဲ့ကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ သူမ၏ အမေကို တစ်ချက်မော့ကြည့်လျှက်. . . . အသံနွဲ့လေးနှင့် ဆိုသည်။

“မေမေက သဘောတူ ခွင့်ပြုရင်တော့၊ ကျေးဇူးပဲ ဦးဦး၊ နော်။ မေမေ အခွင့်မပေးရင်တော့ ဝမ်းနည်းပါတယ်ပေါ့ ရှင်”

“ကြည့်စမ်း၊ သမီးက စကားတတ်လိုက်တာ ကဲစောရှင်ဦး သမီးကို ပြောလိုက်ဦး”

စောရှင်ဦးက ဖွဖွလေး ရယ်မောရင်းက

“သမီးသဘောပဲလေ၊ သမီးက ပေါက်စီကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး။ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပေါ့။ မေမေကတော့ သမီးသဘောပဲ”ဟု ဆိုတော့မှ

သမီးက အပြုံးလွင်လွင်လေးနှင့် ချစ်စရာပြန်ဆိုသည်။

“ဦးဦး. . . . သမီးက ပေါက်စီအရမ်းကြိုက်တယ်”

“အိုကေ. . . . ဒါဆို သမီးကို ဦးဦးက ပေါက်စီအဝကျွေးမယ်လာ. . . . ‘မန်းမြို့တော် ကဖီး’ ဆိုင်ကို သွားကြစို့”
သို့ဖြင့်

ကျွန်တော်နှင့် စောရှင်ဦးက သမီးလက်ကို တစ်ယောက် တစ်ဖက်စီဆွဲပြီး၊ ကမ်းနားလမ်း ပလက်ဖောင်းပေါ်မှ ယှဉ်လျှောက်လာ ခဲ့ကြသည်။ သမီးက ဂါဝန်ဖြူလေးတလွင့်လွင့်နှင့် ပြုံးရွှင်ကြည်နူးစွာ အလယ်မှလိုက်ပါလာသည်။

(၂).

“ကဲ. . . . သမီးကြိုက်သလို၊ လွတ်လွတ်လပ်လပ်စားနော်၊ အခန်းထောင့်က စားပွဲဝိုင်းတွင်၊ ပေါက်စီနှင့် ကော်ဖီပန်းကန်များ လာချသွားပေးပြီးနောက်၊ ကျွန်တော်က သမီးကို ပြောလိုက်ခြင်းဖြစ်ပါသည်။
“ဟုတ်. . . . ”
အပြုံးဖူးလေးဖြင့် ခေါင်းညိတ်ကာ၊ ပေါက်စီတစ်လုံးကို လှမ်းယူသည်။

“ကိုကို. . . . ကိုသက်ကိုတော့ မှတ်မိတယ်နော်” စောရှင်ဦးက စဆိုလာသည်။

ကျွန်တော်၊ စောရှင်ဦးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သူမ၏ မျက်လုံးတွေက လွင့်ဝေနေသည်။ ကျွန်တော့ အာရုံထဲမှာလည်း . . . ဟိုးလွန်ခဲ့တဲ့ ‘ဆယ်နှစ်. . . . ကျော်ကျော်လောက်ဆီက “နိုင်ငံခြားဘာသာသိပ္ပံ” ကျောင်းလေးဆီ၊ သတိရစွာ ပြန်လည်လွမ်းမောမြင်ယောင်လိုက်မိသည်။

“သေသေချာချာ မှတ်မိနေတာပေါ့၊ သူ. . . . စောရှင်ဦးဆီလာ. . . . လာနေတာပဲလေ”

‘နိုင်ငံခြားဘာသာသိပ္ပံ’ . . . . ပြင်သစ်ဘာသာ ဆက်ရှင်‘အေ’တွင် ကျွန်တော်နှင့် စစ်တွေသား စိန်ရွှေအောင် တို့က

တစ်တွဲ၊ ကျွန်တော်တို့ ရှေ့ခုံမှ မန္တလေးသူ ‘ခင်နှင်းဖြူ’ နှင့် ရခိုင်မလေး ‘စောရှင်ဦး’တို့က တစ်တွဲ ။ အတူတူထိုင်ကြရင်း ခင်မင်ရင်းနှီးသွားခဲ့ကြသည်။

နောက်တော့။ စာအတူတူကျက်၊ သင်ခန်းစာတွေ ဆွေးနွေးကြရင်း အရမ်းခင်မင်သွားခဲ့ကြသည်။ မုန့်စားလည်း အတူတူ။ လက်ဖက်ရည်ဆိုင်သွားထိုင်ကြတော့လည်း အတူတူ။ အဖွဲ့ကျသွား၏။ မောင်နှမတွေလို သံယောဇဉ်ဖြစ်သွားကြ၏။ အဖြူရောင် မေတ္တာကြိုးလေးတွေ ရစ်ပတ်နှောင်ခဲ့ကြသည်။

သို့သော် စောရှင်ဦးက လှသူလေးမို့ ချစ်ဦးသူက ရှိနှင့် ပြီးသားဖြစ်ငါ်။

သူမထံသို့ သက်တင်ဦးက ဗောက်စ်ဝက်ဂွန်ကားဖြူလေးနှင့် မကြာမကြာလာနေကျမို့ ကျွန်တော်က သက်တင်ဦးကို မြင်ဖူးတွေ့ဖူးနေသည်။

“စောနဲ့ ကိုသက်က . . . . . စောတို့ကျောင်းမပြီးခင်ကတည်းက တွေ့ခဲ့ကြတာ။ ကျောင်းမှာ သူနဲ့ စတွေ့ပြီး ချစ်သူတွေဖြစ်ခဲ့ကြတာ။ အဲဒီတုန်းက ဒုတိယနှစ်၊ ကိုသက်ဟာ အရမ်းအေးပြီး၊ စာလည်း သိပ် တော်တာပဲ။ သူက စောအစ်ကိုတစ်ဝမ်းကွဲနဲ့ မေဂျာတူ တစ်နှစ်ထဲသမား တွေလေ။ ဒါကြောင့် အစ်ကိုနဲ့ ပတ်သက်ပြီး သူနဲ့ ရင်းနှီးခဲ့ကြတာ။ နောက် . . . စော စာမေးပွဲကြီး ဖြေကာနီးမှာ သူက . . . ချစ်ခွင့်တောင်းတယ်။ ကိုသက်ဟာ ငြင်းစရာ မရှိတဲ့ ယောကျ်ားတစ်ဦးပါ။ သူ့မိဘတွေကလည်း အရာရှိ အရာခံ၊ စားနိုင်သောက်နိုင်တဲ့ ဆွေကြီးမျိုးကြီးတွေထဲကပါပဲ။ ဒါတွေထက် . . . ကိုသက်က အရည်အချင်းရော အရည်အသွေးပါရှိတယ်။ အကျင့်သိက္ခာလည်းကောင်းတယ်၊ မသောက်စားတတ်ဘူး။ အပျော်အပါး လောင်းကစားမှုလည်း မရှိဘူး။ လူကလည်း သန့်ပြန့်ပြီး ယောကျ်ား ဆန်ဆန်ချောတယ်လေ။ ပြီးတော့ ရိုးအေးတည်ကြည်ပြီး၊ စာလည်း တော် တယ်ဆိုတော့ စော . . . သူ့ကို နှလုံးသားနဲ့ ရောပြီး ဦးနှောက်နဲ့ပါ ရွေး ချယ်တယ်ဆိုပါတော့။ အဲဒီလို စောနဲ့ ကိုသက်တို့ရဲ့ အချစ်ခရီးဟာ ဖြောင့်ဖြူးသာယာနေခဲ့ရာက

တစ်နှစ်ကျော်ကျော်၊ စော. . . တတိယနှစ်၊ နှစ်ဝက်လောက်မှာ 'နှင်းခင်ဦး' ဆိုတဲ့ လူတစ်ယောက် ပေါ်လာတယ်"

"ဪ. . . . "

"အဲဒီ နှင်းခင်ဦးဆိုတာက သူဌေးသား။ ဆိုင်ကယ် အပျံစားကြီးနဲ့ ကျောင်းတက်နေတာ။ လူကတော့ အပျံစားပဲ။ ရုပ်ရှင်မင်းသားရဲ့အောင်ကျနေတာမဲ့။ သူက ကျောင်းမှာ 'စတား'ပေါ့။ စီးကရက်လက်က မချဘူး။ သူ့ပါးစပ်ကလည်း အမြဲ အရက်နံ့သင်းနေတာပဲ။ ဖဲနဲ့ ဂျင်တို့လည်း ကစားသေးတယ်တဲ့။ ပြီးတော့ အဆိုးဆုံးက ကောင်မလေးတွေနဲ့ တစ်ယောက်ပြီး တစ်ယောက်တွဲတယ်။ အဲ. . . . သူက တစ်နေ့ ဘာစိတ်ကူးပေါက်လာတယ် မသိပါဘူး။ စောနဲ့ ကိုသက်တို့အတွဲကိုလည်း တစ်ကျောင်းလုံး သိနေတာပဲ။ သူလည်း မြင်တွေ့နေတာပဲ။ အဲဒါကို စောကို စောတစ်ယောက်ထဲ ကိုသက်အလာကို စောင့်ရင်း အအေး သောက်နေတဲ့ စောစားပွဲကို လာဝင်ထိုင်ပြီး၊ စောကို သူအရမ်းချစ်နေတဲ့ အကြောင်း ရည်းစားစကား လာပြောတယ်လေ။ အရက်နံ့ကလည်း သင်းနေတာပဲ။ ဒီတော့ စောက ခပ်ကျယ်ကျယ်လေး ရယ်လိုက်ပြီး မင်းလို အရက်သမား တစ်ယောက်ကို တို့က ဦးနှောက်ထဲကရော နှလုံးသားထဲကပါ လုံးဝ မစဉ်းစားဘူး။ တို့ကို မင်းတွဲနေတဲ့ ကောင်မလေးတွေ မိုးမထင်နဲ့။ တို့မှာလည်း ရည်းစားရှိတယ်။ တို့ယူမယ့် ယောကျ်ားနဲ့ ရည်စားဟာလည်း တစ်ယောက်တည်းပဲလို့၊ စောက ပြန်ပြောလိုက်တယ်"

"အင်း အဲဒီတော့"

"အဲဒီတော့ . . . နံဘေးနားက စားပွဲဝိုင်းတွေမှာလည်း ကျောင်းသူတွေက ရှိနေတော့ သူတို့လည်း ကြားမှာပေါ့။ စောနဲ့ သူ့ကို လှမ်းကြည့်နေကြတယ်လေ။ ဒါကြောင့် သူနည်းနည်း ရှက်သွားမှာပေါ့။ စောက ဒီလိုလည်း ပြောလိုက်ရော . . . . သူက စားပွဲက ထရပ်လိုက်ပြီး။ ဒီမှာ မစောရှင်ဦး ကျုပ်က တစ်သက်လုံး အရက်သမားပဲ ဖြစ်နေတော့မှာ မဟုတ်ပါဘူး။ ကျုပ်အသည်းမှာ ဒဏ်ရာနဲ့မို့ အရက်နဲ့ ဆေးကြောနေတာပါ။ ဒါပေမယ့် ဒဏ်ရာကျက်သွားတဲ့နေ့ ကျုပ်အရက် မသောက်တော့ဘူး။

ဒါပေမယ့် ယောကျ်ားတစ်ယောက်ရဲ့ ပြင်းထန်တဲ့ အချစ်ဟာ အဆိပ်ရှိတယ် ဆိုတာ ခင်ဗျား တစ်နေ့ နားလည်လာပါလိမ့်မယ်။ ကျုပ်လူကောင်း ဖြစ်လာတဲ့ တစ်နေ့မှာ ခင်ဗျားနဲ့ ကျုပ် ပြန်တွေ့ကြသေးတာပေါ့ဆိုပြီး သူလှည့်ထွက် သွားပါတယ်။

"နှင်းခင်ဦး ဆိုတဲ့ လူကတော့ ခပ်ဆန်းဆန်းပဲနော်၊ စိတ်ဝင်စား ဖို့တော့ ကောင်းတယ်၊ ကဲ. . . ဆက်ပြောပါဦး"

ကျွန်တော်က စိတ်ဝင်စားစွာ မှတ်ချက်ချရင်း၊ နက်စ် ကော်ဖီခွက် ကို ကောက်ယူပြီး ဖြေးဖြေးလေးမော့ချလိုက်သည်။ စောရှင်ဦးကလည်း ကော်ဖီကို တစ်ငုံသောက်ပြီး ပြန်ချလိုက်ကာ၊ မျှဉ်းငွေ့ငွေ့လေး ပြုံးလိုက် ပါသည်။

"လူက ဆန်းသလို၊ စောတို့ ဇာတ်လမ်းလေးကလည်း ဆန်း တယ် ကိုစိုး"

"ပြောစမ်းပါဦးဗျာ"

"အဟင်း .... ဟင်း။ တိုတိုပြောရရင်တော့ ကိုစိုးရေ ...။ အဲဒီအချိန်ကစပြီး၊ နှင်းခင်ဦးကို ကျောင်းထဲမှာ အရင်ကလို ဆိုင်ကယ် တစ်စီးနဲ့ မတွေ့ရတော့ဘူး။ စောလည်း ကျောင်းပြီးသွားတော့ အိုင်အက်ဖ် အယ်လ်ဆက်တက်တယ်လေ။ ဒါကြောင့်မို့ ဖရဲန့်ချ်ကလပ်စ်မှာ ကိုစိုးတို့ နဲ့ ဆုံကြတာပေါ့။ ကိုသက်ကတော့ အမြွတ်ခွန်မှာ အရာရှိဖြစ်နေပြီ။ စောဆီ လာလာတွေ့နေခဲ့တာ။ ကိုစိုးတို့လည်း မြင်သားပဲနော်။ အဲဒီ အထိစောတို့ ဇာတ်လမ်းက ဘာမှ မပြောင်းလဲဘူး။ စောက ဝါသနာ အတိုင်း"ပြင်သစ်ဘာသာ ဒီပလိုမာ" သင်တန်းပြီးရင် နိုင်ငံခြားရေး ဌာန မှာ ဖြစ်ဖြစ်၊ ပြင်သစ်သံရုံးမှာဖြစ်ဖြစ် အလုပ်ဝင်မယ်။ ဒါမှ မဟုတ်လည်း ပြင်သစ်စကား ပြန်ဝင်လုပ်ပြီး။ ကိုသက်နဲ့ လက်ထပ်မယ်လို့ စောတို့ ရည်ရွယ်ထားခဲ့ကြတာ။ ဒါပေမယ့် စောလည်း ပြင်သစ် ဘာသာ သင်တန်း ကဆင်းပြီး မန္တလေးက ဟိုတယ်တစ်ခုမှာ အလုပ်ဝင်လုပ်ရော၊ ကိုသက် က ရေစုန်မျောတော့တာပဲ။

"သက်တင်ဦးက ဘယ်လို ရေစုန်မျောတာလဲ"

“ဒီလိုလေ၊ စောက မန္တလေးမှာ အလုပ်ဝင်နေတော့။ သူက ရန်ကုန်မှာ ကျန်နေခဲ့တာပေါ့။ တစ်နှစ်လောက်သူနဲ့စော စာချင်းပဲ ဆက်သွယ်နေခဲ့ကြတယ်။ တစ်ခါတစ်လေ. . . . တယ်လီဖုန်းဆက်တယ်။ စော မန္တလေး ရောက်ပြီး ခြောက်လလောက်မှာ စောတို့ ဟိုတယ်က လက်ထောက် မန်နေဂျာတစ်ဦးက ရန်ကုန်သွားရင်း မမျှော်လင့်ပဲ သူ့သတင်းတွေ သူငယ်ချင်း တစ်ယောက်ဆီက ကြားလာလို့၊ စောကို လာပြန်ပြောပြတော့။ စောတောင် မယုံဘူး။

“သူက ဘယ်လို ကြားလာလို့လဲ”

“ကိုသက်ဟာ နေ့တိုင်း အရက်တွေသောက်ပြီး၊ ဂျင်ဝိုင်းတွေ မှီးဝိုင်းတွေပဲ လိုက်သွားနေတယ်တဲ့။ အဲဒီဝိုင်းတွေမှာ မိန်းမပျက်တွေနဲ့ တွဲပြီး ပျက်စီးလွင့်မျောနေတယ်တဲ့လေ။ စော အရမ်းအံ့ဩသွားတယ်။ ကျောင်းတုန်းက ဒီလောက်အေး၊ ဒီလောက်ရိုးတဲ့ ကိုသက်ဟာ. . . ဆေးလိပ်တောင်မသောက်ဘူး၊ အခု ဘယ်လိုဖြစ်ပါလိမ့်။ အရာရှိ ဖြစ်သွားပြီးမှ အပေါင်းအသင်းမှားပြီး ပျက်စီးသွားတာလား။ စောဘယ်လိုမှ မယုံဘူး။ ဒါကြောင့် စောမန္တလေးကနေ သူ့ဆီကို နေ့တိုင်း ဖုန်းလှမ်းဆက်တယ်။ တစ်နေ့ကို သုံးကြိမ်လောက်ဆက်တယ်။ ရုံးကို ဆက်လည်း မရ၊ သူ့အိမ်ကို ဖုန်းဆက်ကြည့်တော့။ သူနဲ့ တိုက်ရိုက်ဆုံတော့တာပဲ။ အစစ်ပဲ သူအရက်တွေမူးနေတယ်။ စကားတောင် ပီပီသသ မပြောနိုင်ဘူး။ ယောက်ျားပဲကွာ နည်းနည်းပါးပါးပါစောရဲ့၊ ဟဲ. . . ဟဲ. . . ဟဲ ဆိုပြီး ရယ်ချသွားသည်။ စောအရမ်းပဲ သူ့ကို စိတ်ပျက်သွားသည်။ စောနောက်ထပ် သူ့ဆီ ဖုန်းမဆက်တော့ဘူး။ သုံးလလောက်ကြာတော့ စောရန်ကုန်ကို ကိစ္စတစ်ခုနဲ့ ဆင်းလာရင်း သူ့ရုံးမှာ သူ့ကို သွားတွေ့တယ်။ သူမရှိဘူး ခွင့်တစ်လ ယူထားတယ်တဲ့”

“လူ့ဘဝရဲ့ အပြောင်းအလဲတွေက ဆန်းကြယ်တယ်နော်”

ကျွန်တော်တို့နှစ်ဦးက . . . လူ့ဘဝဇာတ်ခုံပေါ်မှ လူတစ်ယောက်၏ ဆန်းကြယ်လှသည့်ဘဝ အပြောင်းအလဲများအပေါ် ဆင်ခြင် သုံးသပ်ရင်း ငြီငြီးခင်လေးကို တစ်ဒဂ် မေ့လျော့နေခဲ့ကြသည်။

ကျွန်တော် စီးကရက်တစ်လိပ်ကို မီးညှိရင်း သမီးကို စောင်းငဲ့ကြည့်သည်။ ရှင်ဦးဦးခင်လေးကတော့ သူမ၏ မိခင်နှလုံးသား ဝေဒနာလေးကို စိတ်မဝင်စား။ ပေါက်စီအသစ်တစ်လုံးကို လှမ်းယူကာ၊ စက္ကူဖြူဖြူလေးကို ခွာနေသည်။

ရှင်ဦးဦးခင်၏ နှလုံးသားလေးလည်း အစွန်းအထင်းမရှိသေးသည့် အဖြူရောင်သန့်သန့်လေးပင် ဖြစ်သည်လေ. . . ။

"ဆက်ပြောပါဦး၊ စော. . . "

ကျွန်တော် စောဆီ ပြန်ကြည့်မိရင်း တောင်းဆိုလိုက်မိသည်။

စောလည်း စိတ်ပျက်ပြီး သူငယ်ချင်း တစ်ယောက်ဆီသွားတယ်။ နှစ်ယောက်သား ဗိုလ်ချုပ်ဈေး သွားလည်ကြပြီး ရုပ်ရှင်ဝင်ကြည့်ကြတယ်။ ရုပ်ရှင်ကြည့်ပြီးတော့ သူငယ်ချင်း ယုယုက ထမင်းကျွေးမယ်ဆိုပြီး ရှစ်မိုင်က ဟိုတယ် တစ်ခုဆီ လာခဲ့ကြတယ်။ အဲဒီ ဟိုတယ်က သန့်လည်း သန့်၊ လူလည်း ရှင်းတယ်ဆိုလို့ ဒါနဲ့ စောတို့ အခန်းတစ်ခန်းထဲမှာ စားသောက်စရာတွေ မှာပြီး စားနေကြတယ်။ စောတို့ အခန်းနှင့် ကပ်လျက်က အခန်းထဲက စုံတွဲတစ်တွဲ တွတ်ထိုးပြီး ညုနေ၊ ခရာနေကြတာကို ကြားနေတယ်။ အခန်းက သုံးထပ်သားလေးသာ ခြားထားပြီး အပေါ်က လပ်နေတော့ ကြားနေရတာပေါ့။ ဇစောလည်း နားရှက်တာနဲ့ မြန်မြန်စားပြီး ပြန်မယ် အလုပ်မှာ ယောကျ်ားသံတစ်သံ အရက်မူးမူးနဲ့ ခပ်ကျယ်ကျယ် ပြောလိုက်တဲ့ စကားတစ်ခွန်းကြားလိုက်ရတယ်။ "ဟေ့ ငသက်ဆိုတဲ့ကောင်က အရက်နဲ့ မိန်းမအတွက်ဆိုရင် ဘယ်လောက်ကုန်ကုန်ကုန်ပါစေ ဒုန့်ကဲယား ဒုန့်ကဲယား" ဆိုပြီး ပြောလိုက်သံကြောင့် စောခေါင်းကြီးသွားတယ်။ ဒါကိုသက်ရဲ့ အသံပဲ အရက်သံနဲ့ ဗလုံးပထွေးပြောနေတာ။ စော ဖြုန်းဆို စားပွဲက ထပြီး တစ်ဖက်အခန်းထဲ လှမ်းဝင်လာခဲ့တယ်။ အစစ်ပဲ. . . ။ အခန်းထဲမှာ မိန်းမပျက် တစ်ယောက်က ကိုသက်ပေါင်ပေါ်မှာထိုင်ပြီး ကိုသက်လည်ပင်းကို သိုင်းဖက်ထားတယ်။ ကိုသက်က ကောင်မ ခါးကို ဖက်လို့ အကြည် ဆိုက်နေကြတယ်။ စောကိုလည်း မြင်ရော ကိုသက် လန့်ဖျန့်ပြီး ကောင်မကို တွန်းဖယ်လိုက်တယ်။ သူ့အံ့အား သင့်နေတယ်

ဟင် . . . စော . . . တဲ့။ စောက သူ့ရှေ့တိုးသွားပြီး ဘာစောလဲ ရှင်အရက်သမား ဖဲသမား သိက္ခာမရှိတဲ့ ကြမ်းပိုး။ ကဲ ဆိုပြီးတော့ သူ့ပါးကို ဖြန်းကနဲ ရိုက်ပြီး အခန်းထဲက ပြေးထွက်လာခဲ့တယ်။ သူငယ်ချင်းကိုတောင် မစောင့်ဘဲ။ ဟိုတယ်ရှေ့က တက္ကစီ တစ်စီးငှားပြီး ပြန်လာခဲ့တယ်။ အဲဒီညပဲ စောမန္တလေးကို ပြန်လိုက် လာခဲ့တယ်။

သူမ၏ အတိတ်လှိုင်းက ဒဏ်ရာအဟောင်းလေးများကို စောရှင်ဦးက ရှည်ရှည်လျားလျားလေး ရင်ဖွင့်အပြီးတွင် ခေတ္တရပ်နားလိုက်ကာ သက်ပြင်းလေး ရှိုက်ချလိုက်သည်။ သူမ၏ မျက်နှာက ပန်းရောင် သန်းလျက် နွမ်းလျနေသည်။

အေးစက်နေသော နက်စ် ကော်ဖီကို သူမမော့ချလိုက်သည်။

“ဒါဆို စောနဲ့ သက်တင်ဦး တို့ အဲဒီအချိန်ကစပြီး ဇာတ်လမ်းပြတ်သွားကြတယ် ဆိုပါတော့။ ဟုတ်လား . . . ”

“ဟုတ်တယ် ကိုစိုး။ စော သူ့ကို အရမ်းစိတ်ပျက် စိတ်နာသွားတယ်၊ ယောကျ်ားတွေကိုလည်း အရမ်း ခါးသီးမုန်းတီးသွားတယ်လေ။ နောက် သူငါးလလောက်ကြာတော့ ဂျင်ပိုင်းမှာ အဖမ်းခံရပြီး ဌာနက ငွေတွေ အလွဲသုံးစားလုပ်မှုနဲ့ အလုပ်ပြုတ်ပြီး ထောင်ကျသွားတဲ့သတင်း သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ သူဖန်တီးတဲ့ ဇာတ် သူ့ဟာသူ ကသွားတာပဲလေ။ စော ဘယ်လိုမှ မခံစားရတော့ဘူး။”

“နို့ နှင်းခင်ဦးနဲ့က ဘယ်လိုဘယ်လို ပတ်သက်ပြီး”

“အဟော်”

ကျွန်တော် စကားမဆုံးမီ စောက ဖြတ်ပြီး အရွှယ်ပွင့်လေးနဲ့ တုန့်ပြန်လိုက်တယ်။

ဒါက ဒီလို၊ သူကလည်း အရမ်းကို အံ့ဩဖို့ကောင်းတယ်၊ ကိုစိုးပြောသလိုပေါ့။ လူ့ဘဝရဲ့ အပြောင်းအလဲတွေက သိပ်ဆန်းကြယ်တယ်။ သူနဲ့ ကိုသက်က ဆန့်ကျင်ဘက် နေနဲ့ လလို ဖြစ်သွားတယ်။

စော ရှိုက်သက်ပြင်းလေးချလျက် မှုန်တည်တည်လေး ကျွန်တော့်ဆီ လှမ်းကြည့်ကာ ဆက်ပြောသည်။

"တစ်နေ့ . . . ။ စောအလုပ်လုပ်တဲ့ "တိုးရစ် အေဂျင်စီ" ကို ဖုကဲ့က ဟိုတယ်ပိုင်ရှင် သော့စ်တစ်ဦးရောက်လာပြီး စပါယ်ရှယ် ဂိုက်တစ်ဦး လာငှားတယ်။ အဲဒီလူက နှင်းခင်ဦးဖြစ်နေတယ်။ စောသူ့ကို တွေ့လိုက်ရတော့ အရမ်းအံ့အား သင့်သွားတယ်။ သူက အရင်ကလို အရက်သမား ပုံ ညောင်နွဲ့နွဲ့ ဖောသွပ်သွပ်ပုံ မဟုတ်တော့ဘူး။ စိုပြေ ဝင်းနုပြီး တကယ့်လူကြီးလူကောင်း သူဌေးဂိုက်ပဲ။ အဲဒီမှာ သူနဲ့ ပြန်တွေ့ပြီး သူက စောကိုပဲ လခကောင်းကောင်းပေးပြီးငှားတယ်။ သူ့ဟော်တယ်မှာ သူနဲ့ တွဲပြီး အလုပ်လုပ်တော့မှ သူ့အကြောင်းကို စောပိုပြီး သိလာရတယ်။

သူအရင်ကလို မဟုတ်တော့ဘူး။ အရက်ဆိုလည်း ဘီယာတောင် မသောက်တော့ဘူး။ ဆေးလိပ်မသောက် ကွမ်းမစားဘူး၊ လောင်းကစားဆိုတာတော့ ဝေး၊ စီးပွားရေး သက်သက်သမား၊ အရမ်းလည်း ချမ်းသာနေပြီ။ သူ့လုပ်ငန်းတွေကလည်း အများကြီးပဲ။ ဒါပေမယ့် သူအိမ်ထောင် မပြုသေးဘူး။ အခုထိ လူပျိုကြီး၊ ဟား နှင်းခင်ဦးနဲ့ သက်တင်ဦးက နာမည်သာ ဆင်တယ် လူချင်းက ပြောင်းပြန်ဖြစ်သွားပြီး သိပ်အံ့ဩဖို့ ကောင်းတယ်။

"ဟုတ်တယ်နော်. . . အံ့ဩစရာပဲ"

ကျွန်တော်က ဝင်ထောက်ခံလိုက်သည်။

"သူအရမ်း အလုပ်ကြိုးစားတယ်။ လူကြီးလူကောင်းပီသတယ် သိက္ခာရှိတယ်။ သူ့နံဘေးမှာ မိန်းမတွေ ဝိုင်းဝိုင်းလည်နေပေမဲ့ သူဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး။ အဲ စောကိုတော့ သူအရမ်းဂရုစိုက်တယ်။ ဦးစားပေးတယ်။ သူ့ဟိုတယ်မှာ တစ်နှစ်လုပ်နေရင်း သူနဲ့ရင်းနှီးခဲ့တယ်။ သူ့ကိုလည်း စောလေးစားနားလည်လာရတယ်။ တစ်နေ့တော့ သူစောကို ညစာဖိတ်ကျွေးရင်းနဲ့ စောကို သူမေးတယ်။

ကျွန်တော့် အာရုံက စော၏ဇာတ်လမ်းလေးထဲ လွင့်မျောသွားသည်။

ကျွန်တော့် ရင်ထဲမှာ "ဂျပန်ဆေးရောင်စုံ အချစ်ရုပ်ရှင်ကားလေးတစ်ကားကို ကြည့်နေရသလို ကြည်နူးခံစားလိုက်ရသည်။"

ကျွန်မတို့နှစ်ဦး အဲဒီညနေခင်းက "ထွန်းလှဟိုတယ်" ရှေ့က

ရေကူးကန်နံဘေး မြက်ခင်းစိမ်းစိမ်းလေးပေါ်တွင် ညစာစားပြီး ဂျူစ်သောက်နေခဲ့ကြသည်။ သူက ကျွန်မကို မကြာခဏ ဂုဏ်ပြု ညစာတည်ခင်းကျွေးမွေးခဲ့သည်မို့ ကျွန်မ ကြည်နူးခဲ့ရပါသည်။ သူကလည်း လူကြီးလူကောင်းပီသစွာ ယဉ်ကျေးစွာ ဆက်ဆံခဲ့သဖြင့် ကျွန်မသူ့ကို လေးစားခဲ့သည်။

အမှန်အတိုင်းဝန်ခံရလျှင် အရင်က ယောကျ်ားများကို ခါးသီးရွံမုန်းခဲ့သည့် ကျွန်မသည်။ နှင်းခင်ဦးအတွက်တော့ ချွင်းချက်ဟု ဆိုရတော့မည်ထင်သည်။

ယခုတော့ ကျွန်မ နှလုံးသား သူ့ကို ရင်ခုန်ခဲ့ပြီးဟု နားလည်နေသည်။ ကျောင်းတုန်းက အရက်သမား နှင်းခင်ဦးပုံသဏ္ဍာန်က ကျွန်မဦးနှောက်ထဲမှာ အရည်ပျော်ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

“ရှင်ဦး. . . . ဘာတွေ စဉ်းစားနေတာလဲ ”

ကျွန်မ အိပ်မက်ထဲမှ လန့်နိုးသွားသည်။

အလန့်တကြားလေးနှင့် “ဟင်း. . . . ဪ . . . ဟို ဘာမှ မစဉ်းစားပါဘူး”

“ရှင်ဦးကို ကိုယ်တစ်ခုမေးချင်တယ်”

သူက ကျွန်မကို တည်တည်စူးစူးလေး ကြည့်နေရင်းက လေးနက်သည့် မေးခွန်းလေးတစ်ခုဖြင့် အစပြုလာသည်။ မေးပါကိုဦး။ ကိုဦး ဘာသိချင်လဲ။

“ဪ ရှင်ဦး ဘာဖြစ်လို့ သက်တင်ဦးနဲ့ လက်မထပ်ဖြစ်ခဲ့တာလဲ။ ဘာကြောင့် အခုထိ အိမ်ထောင်မပြုသေးတာလဲဆိုတာ သိချင်လို့”

“ဪဒါလား သူနဲ့ လက်မထပ်ဖြစ်ခဲ့တာက ကိုသက်ဟာ ဆာအတွက် လက်ထပ်သင့်တော့တဲ့ လူတစ်ယောက် မဟုတ်တော့လို့ပါဘဲ။ သူ့သမိုင်းကို သူဖန်တီးသွားခဲ့တယ်လေ။ သူနဲ့ စောတို့ရဲ့ ဇာတ်လမ်းက အခန်းရပ်ခဲ့ပြီ ကိုဦး၊ အဲဒီအချိန်ကစပြီး စောယောကျ်ားတွေကို ခါးသီးရွံမုန်းသွားခဲ့တယ်။ စိတ်ပျက်သွားတယ်။ ဒါကြောင့် ခုထိ ဘယ်ယောကျ်ားကိုမှ ရင်မခုန်တတ်ခဲ့တော့ဘူး”

နှင်းခင်ဦးက ဘာသဘောကျ သွားသည်မသိ။ ကြည်နူး ထက်လက် နှင့် လွင်လွင်လေး ရယ်မောလိုက်ပါသည်။

"ဟင်း . . . ဟင်း ဒါပေမယ့် ကျောင်းတုန်းက ဆိုးပေတေနေတဲ့ အရက်သမားလေး တစ်ယောက်ကတော့ သူ့နှလုံးသားထဲက ရင်ခုန် သံစဉ် လေးတစ်ခုဟာ အခုထိ အရှိန်မသေသေးပါဘူး ရှင်ဦးရယ်။"

ကဗျာဆန်စွာ သူငြီးလိုက်သည်။

"ရှင်ဘယ်လို"

"အို ဒီမှာ ရှင်ဦး ကိုယ်ရှင်းရှင်းပဲ ပြောတော့မယ်။ ကိုယ့်ဘဝ ဒီလို ပြောင်းလဲတိုးတက်ခဲ့တာ ရှင်ဦးကြောင့်ပဲ မင်းလို အရက်သမား ဂေါ်လီ တစ်ယောက်ကို တို့က ဦးနှောက်ထဲကရော နှလုံးသားထဲကပါ လုံးဝ မစဉ်းစားဘူးလို့ ရှင်ဦးပြောခဲ့တာလေ။ မှတ်မိသေးလား။ တကယ်ပဲ အဲဒီစကား တစ်ခွန်းက တို့ဘဝကို ပြောင်းလဲပစ်လိုက်တယ်။ ကိုယ် ရှင်ဦးကို ကျေးဇူးတင်တယ်။ ဒါကြောင့် ကိုယ်လည်း ခုထိ အိမ်ထောင်မပြုခဲ့ သေးတာပဲ။ ပြီးတော့ ကိုယ်ပြောခဲ့တဲ့စကားတစ်ခွန်းကိုကော ရှင်ဦးမှတ်မိသေးလား။ ကျုပ်လူကောင်း ဖြစ်လာတဲ့ တစ်နေ့ ခင်ဗျားနဲ့ ကျုပ် ပြန်တွေ့ ကြသေး တာပေါ့ ဆိုတာလေ။ မှတ်မိလား။"

ကျွန်မ ရင်ဖို ကြည်နူးစွာ သူ့ကို ငွေ့ငွေ့စိုက်ကြည့်ရင်း ခေါင်းညိတ် လိုက်သည်။

"ဒါဆို ရှင်ဦး ကိုယ့်ကို နားလည်မှာပေါ့။ ကိုယ့်သမိုင်းကို ကိုယ် ဘယ်လို ကြိုးစားတည်ဆောက်ခဲ့ရသလဲ ဆိုတာ၊ အခု အချိန်ကျပြီ ကိုယ့်အလှည့်ရောက်ပြီး ကိုယ့်ကို နားလည်ပေးပါတော့ ရှင်ဦး"

"ဘယ်လို နားလည်ပေးရမှာလဲ ကိုဦး"

ကျွန်မက မသိချင်ယောင်ဆောင်ပြီး ပြန်မေးလိုက်သည်။

"ဝေ့လည်လည်အဖြေတွေနဲ့ ကိုယ့်ကို မချည်နှောင်ထား ပါနဲ့တော့ကွယ်၊ ကိုယ်ရှင်ဦးကို လက်ထပ်ချင်တယ်"

"ရှင်"

ကျွန်မ အလန့်တကြားလေး သူ့ကို မော့ကြည့်လိုက်ပါသည်။

အမှန်တော့ ကျွန်မရင်ထဲမှာ ကြည်နူးရိပ်ရိပ် လှိုင်းပွင့်လေးတွေ လူးလွန့်လွင့်ပြေး နေပါသည်လေ။

ပြီးတော့ ကျွန်မ၏ ပြုံးရိပ်ဝေနေသော မျက်ဝန်းများထဲမှ ဘာသာစကားများကိုလည်း သူ့နှလုံးသားက နားလည်စွာ ဘာသာပြန်တတ်လိမ့်မည် ဆိုတာ ကျွန်မ ယုံကြည်နေသည်။

"နောက်တစ်နှစ် နှိုဝင်ဘာမှာ သူနဲ့ စောလက်ထပ်ခဲ့ကြတယ်"

စောက သူ၏ ဇာတ်လမ်းကို နိဂုံးချုပ်ရင်း အနွမ်းမောလေးနဲ့ သက်ပြင်းချ၏။

ကျွန်တော်က အကြမ်းခရားထဲမှ ရေနွေးများကို ပန်းကန်ထဲသို့ ငှဲ့ထည့်ရင်း ရင်ထဲမရှင်းလင်းသည့် အချက်ကလေး တစ်ချက်ကို ဖွင့်မေးလိုက်သည်။

"ဒါဆို စောတို့ ဇာတ်လမ်းလေးက ဒီမှာပဲ ဇာတ်သိမ်းခဲ့တာပဲ" နို့. . . . ဘာကြောင့် နှင်းခင်ဦးက နိုင်ငံခြား ထွက်သွားရတာလဲစော"

"ဒီလို. . . . ကိုစိုး"

စောရှင်ဦးက လွမ်းရိပ် ဝေဝေနှင့် သူမ၏ အတိတ်ပန်းချီကားချပ်လေးကို တစ်ဖန် လှပ်ပြလိုက်ပြန်သည်။

ကျွန်မတို့နှစ်ဦး၏ အိမ်ထောင်ဦးလေးက ရင်ခုန်ကြည်နူးစရာတွေနှင့် ပြည့်စုံသာယာခဲ့ကြပါသည်။

ကျွန်မက အိမ်ထောင်ကျပြီး၊ နှစ်နှစ်ထိ၊ သမီးလေး ကိုယ်ဝန်ကို လွယ်ထားရသည့် အချိန်အထိ၊ ကျွန်မ ဝါသနာပါသည့် ဧည့်လမ်းညွှန်အလုပ်ကို စွဲမြဲစွာ လုပ်ကိုင်နေခဲ့သည်။ ကျွန်မ ရည်ရွယ်ချက်က "ပြင်သစ်ဘာသာ"စကားကို အစဉ်တွေ့ထိနေချင်သည်။ အဆက်ပြတ်သွားမှာကို စိုးရိမ်၍ ဖြစ်သည်။

သမီးကိုမွေးပြီး တစ်နှစ်လောက်မှာ၊ ကျွန်မတို့ မိသားစု ရန်ကုန်ကို လာလည်ခဲ့ကြသည်။ မမျှော်လင့်ပဲ ကျွန်မတို့ ကားပေါ်ကနေ. . . . မြို့ လယ်ဆူးလေ လမ်းမပေါ်ကပလက်ဖေါင်းပေါ်မှာ အမူးသမားတစ်ဦးကို တွေ့လိုက်ရသည်။ ညှင်းသိုးညစ်ပတ်ပေ ရေနေသည့်ထိုအမူးသမားကား

အခြားသူမဟုတ် ကိုသက်တင်ဦး ဖြစ်နေသည်။ ကျွန်မသူ့ကိုရုတ်တရပ် မြင်လိုက်ရတော့ သနားရမည့်အစား ကျွန်မနှလုံးသားထဲက သူ့ကိုလက်ထပ်ဖြစ်ခဲ့တာဘုရားရှင်ကို ကျေးဇူးတင်နေသည်။

‘ဟော့ ရှင်ဦး။ ဟိုမှာတွေ့လား ။ပလက်ဖောင်းပေါ်မှာ ဒန့်ကနေတဲ့မင်းသားဟာ၊ဘယ်သူလဲ တွေ့လား။ ခင်ဗျားမောင်တော်ကိုသက်လေဒီလူ့ဘဝတော့သွားပြီ။ သွားရှာပြီ။ ကျွတ် ကျွတ် သနားစရာပဲနော်’

‘အို မဆိုင်ပါဘူး သူ့ဘဝနဲ့သူပဲ၊ ဘာလဲ ။မောင်ကသူ့ကိုပြပြီးတော့ စောအတိတ်ကိုပြန်ရေနှူးဦးမလို့လား ’

‘ဟာ ကိုယ်ဒီလောက်အဆင့် မနိမ့်ဖါဘူး ၊ရှင်ဦး ။ကိုယ်ကလောလောဆယ်မှာ အောင်နိုင်သူပါ။’

ထိုစဉ်ကတော့ ကျွန်မတို့၏တွေ့ဆုံခဲ့ပုံလေးတွေကို ရိုးစင်းစွာ ‘အမှတ်တမဲ့’ ဟုထင်ခဲ့မိပါသည်။’

ကျွန်မနှင့် ကိုနှင်းခင်ဦးတို့၏ အိမ်ထောင်လေးကလည်း သမီးလေး ရှင်ဦးခင်နှင့် ပျော်ရွှင်နွေးထွေးကြည်နူးစွာ ပင်ဖြတ်သန်းခဲ့ကြပါသည်။ထိုစဉ်ထိလည်းကျွန်မသည် ကိုနှင်းခင်ဦး၏ ‘ပြင်းထန်သည့် အချစ်စိတ်’ ကိုဘယ်လိုမှမရိပ်မိခဲ့ပါ။ မသိရှိခဲ့ပါ။

သမီးရှင်ဦးခင်လေး၏ ငါးနှစ်မြောက် ငါးနှစ်မြောက်မွေးနေ့ပွဲလေး ကျင်းပပြီးစီးခဲ့ပြီးတဲ့ နောက်တစ်နေ့ညနေခင်းလေးမှာ တော့မမျှော်လင့်ပဲ ကိုနှင်းခင်ဦး၏ပြင်းထန်သော နှလုံးသားမာန်စွယ်များက ကြောက်စရာ ပေါက်ကွဲခဲ့ပါလေတော့၏။

“ကိုယ်ဒီအပတ်ထဲမှာ ဂျပန်သွားတော့မယ် ရှင်ဦး”

“ဘာ ဂျပန်သွားရမယ်။ ဟုတ်လားမောင် . . ။စောလည်းဘာမှ မသိရပါလား”

ကျွန်မတစ်ကယ်ပဲ အရမ်းအံ့သြသွားသည်။ သူနိုင်ငံခြားခရီးစဉ် မကြာခဏသွားနေခဲ့သည်မှာ ဘာမှမဆန်းတော့ပါ။ ကျွန်မအတွက်ရိုးနေပါပြီ ဘာအထိတ်တလန့်မှ ဖြစ်စရာလဲမလို။ သို့သော် သူခရီးသွားတိုင်း ကျွန်မကို သူအမြဲကြိုတင်ပြောပြထားလေ့သည်။ သည်တစ်ကြိမ် သူ ဘာမှ

ကြိုတင်မပြောထားပဲ ယခုလို ဂျပန်သွားတော့မည်ဟု ဖြုန်းစားကြီးပြောလိုက်သည့်အတွက်ကျွန်မရင်ထဲမှာ ထူးဆန်းသွားသည်။ အံ့ဩထိတ်လန့်သွားရသည်။

“သမီးငါးနှစ်မြောက်မွေးနေ့ မပြီးသေးတာနဲ့ မပြောသေးတာ။ ပြီးတော့ဒီတစ်ခါသွားမှာက. . . ခဏမဟုတ်ဘူး။ အပြီးသွားနေတော့မှာ။ ဟိုမှာ. . . ကိုယ့်ပါတနာတစ်ဦးနဲ့ စီးပွားရေးအခြေချမယ်”

ကျွန်မထမင်းစားပွဲမှ အလန့်တကြား ထရပ်လိုက်မိသည်။

သူ့အမူအရာတွေကတော့ အေးအေးဆေးဆေးပါ။ လက်သုပ်မုဝါနှင့်လက်သုပ်ပြီး စီးကရက်ဗူးလှမ်းယူကာ၊ စီးကရက်တစ်လိပ်မီးညှိနေသည်။ ယခုတလောသူ ဘီယာလေး တမြမြနှင့် စီးကရက်လက်ကမချဖြစ်လာသည်ကို ကျွန်မဘာမှမပြောပဲ နေခဲ့သည်။

“မောင်. . . နောက်နေတာတော့ မဟုတ်ပါဘူးနော်”

“အဟား. . . ဟား. . . ။မင်းကငါ့ကို အထင်သေးတာပေါ့လေ။ ငါက သေက်လိုလူပျော့မဟုတ်ဘူးကွ။ စိတ်ဓါတ်သိပ်ပြင်းတယ်။ မင်းကိုငါကျီစယ်နေတာမဟုတ်ဘူး။ အပြတ်ပြောနေတာ၊ သိလား. . . ”

“မောင် အရက်လည်း မမူးပါဘူး”

“ဟား. . . ဟား. . . ။ငါ အရက်သမားမဟုတ်တော့ဘူးကွ။ အရက်သမားက လမ်းဘေးရောက်နေတာ။ ငါ မင်းကို ပြခဲ့ပြီးပြီပဲကွ။ ခု. . ငါက ဝေလမင်းသား အိမ်ရှေ့စံမင်းသားကွ. . . ”

သူတဟားဟား အော်ရယ်ပြီး အိမ်ရှေ့ထွက်သွားပါသည်။

ကျွန်မစိတ်ထဲမှာ သူရူးသွားပြီဟုထင်သည်။ ကျွန်မ လက်ဆေးပြီး အိမ်ရှေ့ဧည့်ခန်းထဲလိုက်လာခဲ့သည်။ သူ့နံဘေးဆိုဖါမှာ ဝင်ထိုင်ချလိုက်သည်။

“မောင် စောကိုစိတ်ဆိုးနေတာလား။ စောကို ဘာမကျေနပ်တာရှိလို့လဲ” သူ၊ ကျွန်မကို စိမ်းစိမ်းလှည့်ကြည့်ပြီး. . .

“ငါ စိတ်ဆိုးနေတာ မဟုတ်ဘူး။ မင်းကိုငါဘာမှ မကျေနပ်တာလည်း မရှိဘူး”

“ဒါဖြင့် မောင်ဘာဖြစ်နေတာလဲ”

"ကိုယ်လား . . ။ မင်းကို ကလှဲ့စားချေနေတာ။ မင်းနှလုံးသား မှာ တငွေ့ငွေ့ခံစားပြီး၊ ခွေးကျန်နေရစ်ခဲ့အောင် မင်းကိုငါ အပြီးအပိုင်ထားရစ် ခဲ့တော့မယ်။ နားလည်လား"

"ဟင် . . . မောင် ဘာတွေပြောနေတာလဲ။ ရှင်ဦးဘာမှ နားမလည် ဘူးမောင်"

"အေး နားမလည်ရင် ပြောပြမယ်။ သေသေချာချာ နားထောင်။ သိလား . . ။ မင်း ငါ့ကို ပက်ပက်စက်စက်အရှက်ခွဲခဲ့တာ မှတ်မိလား။ မင်းလို အရက်သမားကို တို့ဦးနှောက်ထဲကရော၊ နှလုံးသားထဲကပါ လုံးဝမစဉ်း စားဘူးဆိုတာလေ။ အေး . . . ငါ့နှလုံးသားထဲမှာ ဘယ်တော့မှ မမေ့ဘူး။ မင်းကိုသိပ်စိတ်နာတယ်။ ဒါကြောင့် . . . မင်းကို ငါမရ ရအောင်ယူပြမယ် ဆိုပြီး ငါ့ဘဝကို ငါပြောင်းလဲပစ်ပြီး ထိပ်ရောက်အောင်ကြိုးစားခဲ့တယ်။ ဒါပေမယ့် သက်တင်ဦး ဒီအတိုင်းရှိနေရင် မလွယ်ဘူးလေ၊ မင်း ငါ့ကို ဘယ်စဉ်းစားမလဲ။ မဟုတ်ဘူးလား။ ဒါကြောင့် သက်တင်ဦးကို မင်းရှုံမုန်းစက်ဆုပ်သွားအောင် ငါ တစ်ဖက်လှည့်နဲ့ သက်တင်ဦးကို ပေါင်းပြီး၊ အရက်နဲ့မူး၊ မိန်းမပျက်တွေနဲ့ လွှတ်ပေးပြီး၊ လောင်းကစားသမားတွေကို ငွေပေးပြီး ဖျက်ဆီးခိုင်းခဲ့တယ်။ နောက်ဆုံးတော့ ငါဖြစ်ချင်တဲ့အတိုင်း ကွက်တိဖြစ်လာပြီး၊ သက်တင်ဦးမြောင်း ထဲရောက်သွားခဲ့တာပဲလေ။ အေး . . . သက်တင်ဦး ပျက်ဆီးနေပြီဆိုတဲ့ သတင်းကိုလည်း မင်းတို့ဟိုတယ်က မန်နေဂျာကို ပြောပြလိုက်တယ်ဆိုတဲ့ လူဟာလည်း ငါ့လူပဲ။ ရှင်းပလား။ ပြီးတော့ မင်းကို ငါမမျှော်လင့်ပဲ၊ ပြန်တွေ့ဆုံရသလို ဆုံခဲ့ကြတယ်လို့ မင်းမထင်ဘူးလား။ အမှန်က မင်းဘယ်မှာရှိတယ်။ ဘာလုပ်နေ တယ်ဆိုတာတွေကို ငါအမြဲစုံစမ်းပြီးလေ့လာနေတာ။ ပိုင်ပြီဆိုတော့မှ၊ ငါတမင်ဖန်တီးပြီး မင်းကို ကျိုးသွင်းယူခဲ့တာပဲ။ နောက်ဆုံး တော့ မင်းဟာ ငါ့လက်ခုပ်ထဲကရော၊ ငါ့မယားဖြစ်ခဲ့တာပဲ မဟုတ်လား"

"ဟင် . . . ရှင် . . . ရှင်။ ရက်စက်လှချည်လား။ မောင်ရယ် . . . ဒါဆို မောင် စောကို တကယ်ချစ်လို့ လက်ထပ်ယူခဲ့တာ မဟုတ်ဘူးပေါ့ ဟုတ်လား"

“ဟား . . . အချစ်နဲ့ စစ်မှာ တရားတာတို့၊ မတရားဖို့မရှိဘူးကွ။ အေးဟုတ်တယ်။ ငါမင်းကို လက်ထပ်ခဲ့တာ ချစ်လို့မဟုတ်ဘူး။ ငါ မင်းကို အရှုံးနာကျည်းလို့ . . . ကလဲ့စားပြန်ချေပစ်တာကွ။ နားလည်လား”

“ဟင် . . .”

“အခုငါ့တွေးနဲ့တည်ဆောက်ထားတဲ့၊ ငါ့နှလုံးသားနဲ့ ဖွဲ့စည်းထားတဲ့ ငါ့ဘဝ ငါ့ကိုယ်စားအဖြစ်၊ ငါ့သမီးကို မင်းနဲ့ငါထားရစ်ပေးခဲ့မယ်။ ပြီးတော့ ဒီမှာ ငါပိုင်ဆိုသမျှ ငါ့စည်းစိမ်အားလုံးကိုလည်း၊ သမီးနဲ့ မင်းအတွက် ငါ အားလုံးလွှဲပေးခဲ့မယ်။ ငါ့ရှေ့နေနဲ့ ငါ အားလုံးစီစဉ်ထားခဲ့ပြီးပြီ။ အေး ငါ့သမီးဟာ ငါ့ဘဝ၊ ငါ့အသည်းနှလုံး၊ ငါ့အချစ်တွေပဲ။ မင်းငါ့သမီးကို မြင်နေသရွေ့ ငါ့ကိုလည်းမင်း အမြဲတ၊သ. . . သတိရနေ ခံစားနေရအောင် ငါ မင်းကို အနိုင်နဲ့ပိုင်းပြီး တိခနဲဖြတ်ပစ်ခဲ့တာပဲ။ တကယ်လို့ မင်း ငါ့ကို မေ့ပစ်လိုက်နိုင်လို့၊ ဒါမှမဟုတ် မင်းအတွက်ဘဝမှာ အဖော်တစ်ယောက်လို မယ်ဆိုရင်လည်း၊ ငါ့သမီးအတွက် မင်း‘ပထွေး’ကောင်းကောင်းတစ်ယောက် မင်းရှာလိုက်လေ။ ငါမလွှမ်းဘူး။ ဒါပေမယ့် ငါယုံတယ်။ အဲဒီမင်းရှာတဲ့ပထွေးကို ငါ့သမီးက ငါ့လောက် ဘယ်တော့မှချစ်မှာ မဟုတ်ဘူး ဆိုတာ မင်းယုံ။ ငါ့သမီးက ငါ့သွေးပဲ။ ငါနဲ့ဘယ်လောက်ဝေးဝေး၊ တစ်နေ့နေ့မှာသူ ငါ့ကို သတိရလို့ ငါ့သမီးလိုက်လာခဲ့ရင် . . . ဒါမှမဟုတ်။ ငါ့သမီးက ငါ့ကိုလွမ်းလို့ အဖေလာခေါ်ပါဆိုရင်တော့၊ သူအရွယ်ရောက်တဲ့ အချိန်မှာ ငါလာခေါ်မယ်။ အဲဒီအခါမှာ . . . မင်းနှလုံးသားတွေ ဟောဒီလိုတစ်စစီ တစ်စစီ ကြွေဖွဲ့ပြီး ကျန်ခဲ့ရင်တော့၊ ဟား . . . မင်းဘယ်လောက် ကြေကွဲပြီး ခံစားခဲ့မလဲဆိုတာ၊ ငါကြည့်ချင်တယ်။ ဒါကြောင့် မင်းကိုငါပြောခဲ့တယ် မဟုတ်လား။ ယောကျ်ားတစ်ယောက်ရဲ့ ပြင်းထန်တဲ့ အချစ်ဟာ အဆိပ်ရှိတယ်ဆိုတာလေ။ ကဲ . . . မင်းအခု သိပြီလား။ ဟား . . . ဟား ဟား . . . ။ ဥပဒေစကားနဲ့ ပြောရရင်တော့၊ မင်းကို ငါပြစ်ဒဏ် စီရင်ချက်ချလိုက်တာပဲ။

သူ့နှလုံးသားစိတ်ကူးယဉ် အိပ်မက်များကို ရည်လျှားစွာ‘ရှင်းတမ်း’ ထုတ်ပြီးနောက် . . . အရူးတစ်ယောက်လို အော်ရယ်နေပါသည်။ -

ကျွန်မစိတ်ထဲတွင် သူတကယ်ပဲ ယဉ်ယဉ်လေး ရှုံးသွပ်သွားပြီဟု သာ နားလည်ယုံကြည်လိုက်မိပါသည်။ အင်း . . . စိတ္တဇအသည်း။ စိတ္တဇအစွဲ . . . ။

အမှန်တော့ သူသည် အာဃာတ အငြိုးတရားကြီးလွန်းသည့် ယောကျာ်းသား။ "ငြိုးမာန်ပြင်းသည့် ချစ်ခြင်းမာယာ"များ ဖုံးလွှမ်းနေသော ကြောက်စရာ ယောကျာ်းတစ်ဦးဟုသာ ကျွန်မနားလည်ခံယူလိုက်မိပါသည်။

ကျွန်မ သူ့အပါးမှဖြည်းညှင်းစွာ ထလာခဲ့ပြီး အိပ်ခန်းထဲ ဝင်လာခဲ့ သည်။ ခုတင်ပေါ်တွင် ခွေခွေလေး လှဲကာ ကျွန်မဝမ်းနည်းစွာ ရှိုက်ငိုကြွေးနေ မိပါသည်။ မည်သို့ဆိုစေ၊ ကျွန်မသူ့ကို မြူတစ်မှုန်မျှ အပြစ်မတင်ရက်ပါ။

ဘာကြောင့်လဲဆိုတော့။ ကျွန်မသည် သူ့ကို အသည်းနင့်စွာစွဲလန်း မြတ်နိုးချစ်နေခဲ့သောကြောင့်သာ ဖြစ်ပါသည်။

"မောင့်ကိုစော ခွင့်လွှတ်ပါတယ် မောင်။ မောင်ဘယ်လောက် စောကို နာကျည်းကျည်း၊ စောကတော့ မောင့်ကို ထာဝရအမြဲ မျှော်လင့်စောင့် ကြိုနေပါမယ် . . . မောင်။ စော . . . မောင့်ကို ဘယ် လောက်ချစ်မြတ်နိုး တယ် ဆိုတာ မောင် ကျွန်မဆို့နင့်စွာ၊ ရင်ထဲမှ ဖြောနေမိပါသည်။

"အင်း . . . စောရှင်ဦးတို့ အဖြစ်ကလည်း ရင်နင့်စရာပဲ။

ကျွန်တော် စောရှင်ဦးတို့သား အမိန့်စ်ဦး၊ တည်းခိုသည့် 'ဂျပန် ဟိုတယ်'သို့၊ ပြန်လိုက်ပို့ပေးခဲ့ပြီး၊ အပြန်တွင် တစ်ယောက်တည်း စဉ်းစား လာခဲ့မိသည်။

စာရေးဆရာတစ်ယောက်အတွက်၊ ဝတ္ထုလေးတစ်ပုဒ်တော့ ရလာခဲ့ ပြီဖြစ်သည်။

ကျွန်တော့်မိခင်နှင့် ဖခင်ချစ်မြတ်နိုးရာ . . .

ကျေးလက်ဆိပ်ကမ်းမြို့လေးဆီ၊ အလွမ်းပြေပြန်ပါဦးမည်။ ပြန်ရပါဦးမည်။

ကျွန်တော်မြိတ်တံတားဆိပ်မှ ဆင်းလာခဲ့ပြီး 'သမိန်ဗရမ်း' နှစ်ထပ် သင်္ဘောလေးပေါ်လှမ်းတက်လာခဲ့သည်။

သံလွင်မြစ်ပြင်က လှိုင်းကလေးတွေထနေသည်။

အဖော်မဲ့တစ်ကိုယ်ရေ စာရေးဆရာ ကျွန်တော် တစ်ယောက်တည်း ဘယ်ဆီလွင့်ဦးမည်မသိ။ ဘယ်သောင်ဘယ်ကမ်း ဆိုက်ဦးမည်မသိ။ ဪ. . . မသိပါလော။

နှင်းဆိုက်နီ။ နိုင်ငံခြားဘာသာမှ